# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ဘုရားဂုဏ်ကို အာရုံပြု၍ ကောင်းစွာနိုးကြား**

နေ့ရောညဉ့်ပါ အမြဲမပြတ် ဘုရားဂုဏ်ကို အာရုံပြု၍ ဖြစ်သော သတိရှိသူ ဂေါတမမြတ်စွာဘုရား၏ တပည့်တို့သည် အခါခပ်သိမ်း ကောင်းစွာ နိုးကြားသောအားဖြင့် နိုးကြား ရကုန်၏။

ပကိဏ္ဏကဝဂ် (ဓမ္မပဒ - ၂၉၆)


၁၃၈၆ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၃ ရက် | ၂၀၂၄ ခုနှစ်၊ စက်တင်ဘာ ၁ ရက်၊ တနင်္ဂနွေနေ့ | အတွဲ (၆၃)၊ အမှတ်(၃၃၂)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသည့် မှော်ဘီလေတပ်စခန်းဌာနချုပ်မှ အရာရှိ၊ စစ်သည်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

# နိုင်ငံတော်အပေါ်သစ္စာဆိုထားသည့် တပ်မတော်သား တစ်ဦးချင်းစီအနေဖြင့် မိမိကိုယ်ကို၊ မိမိအဖွဲ့အစည်းနှင့် နိုင်ငံတော်အပေါ်သစ္စာရှိရမည်ဖြစ်ပြီး ခံယူချက်ကောင်းရမည်ဖြစ်

## မိမိတို့၏ စိတ်ဓာတ်၊ သစ္စာရှိမှုများဖြင့် ပေးအပ်လာသည့်တာဝန်များကို ကျေပွန်အောင်ထမ်းဆောင်

နေပြည်တော် ဩဂုတ် ၃၁

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် မှော်ဘီလေတပ်စခန်းဌာနချုပ်မှ အရာရှိ၊ စစ်သည်များ၊ တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(မှော်ဘီ)မှ အမျိုးသမီးဗိုလ်လောင်းသင်တန်းသူများနှင့် အမျိုးသမီးအရာရှိခြေလျင်တပ်စုမှူးသင်တန်းမှ သင်တန်းသူများအား သက်ဆိုင်ရာခန်းမများ၌ သီးခြားစီတွေ့ဆုံအမှာစကား ပြောကြားသည်။


စာမျက်နှာ ၃ ကော်လံ ၁ ➲



ပြည်လုံးကျွတ် သန်းခေါင်စာရင်း ကောက်ယူရန် ၂၉ ရက်သာ လိုတော့သည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မှော်ဘီလေတပ်စခန်းဌာနချုပ်မှ အရာရှိ၊ စစ်သည်များအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

☆ **တပ်မတော်ကို ခေတ်မီတပ်မတော်တစ်ရပ်အဖြစ် တည်ဆောက်ရာတွင် တပ်မတော်(ကြည်း) တစ်ခုတည်း သာမက တပ်မတော်(ရေ)နှင့် တပ်မတော် (လေ)တို့၏ အင်အားနှင့်စွမ်းပကားများကိုလည်း မြှင့်တင် ဆောင်ရွက်ပေးရမည်ဖြစ်**

☆ **တပ်မတော်(လေ)ကို အဆင့်မြှင့်တင်မှုများဆောင်ရွက်ရာတွင် လေယာဉ်များကိုသာမက လိုအပ်သည့် စက်ပစ္စည်းများနှင့် အထောက်အကူပြုပစ္စည်းများကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိ၊ လေကြောင်း စွမ်းပကားဖြင့် နိုင်ငံတော်ကာကွယ်ရေးအတွက် ချမှတ်ထားသည့်ကာကွယ်ရေးမူဝါဒများကို အကောင် အထည်ဖော်နိုင်ရန် လေ့ကျင့်ခြင်းများကို စနစ်တကျဆောင်ရွက်နေရန်လိုပြီး တစ်ဦးချင်း၏စွမ်းရည်နှင့် စိတ်ဓာတ်များ ကောင်းမွန်အောင်ဆောင်ရွက်ရန်လို**

○ *ရှေ့ဖုံးမှ*

အဆိုပါ တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး ထိန်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်း၊ မှော်ဘီလေတပ်စခန်းဌာနချုပ်မှ အရာရှိ၊ စစ်သည်များ၊ တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(မှော်ဘီ) ကျောင်းအုပ်ကြီး၊ နည်းပြအရာရှိများ၊ အမျိုးသမီးဗိုလ်လောင်း သင်တန်းသူများနှင့် အမျိုးသမီးအရာရှိ ခြေလျင်တပ်စုမှူးသင်တန်းမှ သင်တန်းသူများ တက်ရောက်ကြသည်။

**တပ်မတော်(လေ)၏ အခန်းကဏ္ဍ**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမှာစကားပြောကြားရာတွင် တပ်မတော်ကို ခေတ်မီတပ်မတော်တစ်ရပ်အဖြစ် တည်ဆောက်ရာတွင် တပ်မတော်(ကြည်း) တစ်ခုတည်းသာမက တပ်မတော်(ရေ)နှင့် တပ်မတော်(လေ)တို့၏ အင်အားနှင့်စွမ်းပကားများကိုလည်း မြှင့်တင်ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ တပ်မတော်(လေ)ကို ခေတ်အဆက်ဆက် အဆင့်မြှင့်တင်တည်ဆောက်ပေးခဲ့ပြီး ခေတ်စနစ်နှင့်လျော်ညီသည့်လေယာဉ်၊ ရဟတ်ယာဉ်များကိုလည်း တပ်ဆင်ပေးထားကြောင်း၊ အာဆီယံနှင့် အရှေ့တောင်အာရှနိုင်ငံများတွင် မိမိတို့နိုင်ငံအနေဖြင့် ဂျက်တိုက်လေယာဉ်များကို စတင်အသုံးပြုနိုင်ခဲ့သည့် နိုင်ငံဖြစ်ကြောင်း၊ လေယာဉ်၊ ရဟတ်ယာဉ်များသာမက လေကြောင်းဆိုင်ရာကျွမ်းကျင်သူအရာရှိ၊ စစ်သည်များကိုလည်း စဉ်ဆက်မပြတ်မွေးထုတ်လျက်ရှိပြီး အမျိုးသမီးအရာရှိများအနေဖြင့် အမျိုးသားအရာရှိများနည်းတူ ပျံသန်းရေးတာဝန်များတွင် ထမ်းဆောင်နေပြီဖြစ်ကြောင်း။

တပ်မတော်(လေ)အနေဖြင့် မြေပြင်တပ်ဖွဲ့ဝင်များ သယ်ယူပို့ဆောင်ရေးနှင့် အရေးကြီးစစ်ဆင်ရေးများတွင် လေကြောင်းပစ်ကူပေးတာဝန်များကို ဆောင်ရွက်ပေးရခြင်းဖြစ်ပြီး မြေပြင်တပ်ဖွဲ့ဝင်များအတွက် များစွာအထောက်အကူပြုပေးနေသည့် တပ်ဖွဲ့ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့်လည်း တပ်မတော်(လေ)ကို အဆင့်မြှင့်တင်မှုများ ဆောင်ရွက်ရာတွင် လေယာဉ်များကိုသာမက လိုအပ်သည့် စက်ပစ္စည်းများနှင့် အထောက်အကူပြုပစ္စည်းများကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ လေကြောင်းစွမ်းပကားဖြင့် နိုင်ငံတော်ကာကွယ်ရေးအတွက် ချမှတ်ထားသည့် ကာကွယ်ရေးမူဝါဒများကို အကောင်အထည်ဖော်နိုင်ရန် လေ့ကျင့်ခြင်းများကို စနစ်တကျ ဆောင်ရွက်နေရန်လိုပြီး တစ်ဦးချင်း၏ စွမ်းရည်နှင့် စိတ်ဓာတ်များကောင်းမွန်အောင် ဆောင်ရွက်ရန်လိုကြောင်း။

**အမျိုးသမီးစစ်မှုထမ်းများ၏ အခန်းကဏ္ဍ**

တပ်မတော်၌ အမျိုးသမီးစစ်မှုထမ်းများ ခန့်အပ်တာဝန်ပေးအပ်ထမ်းဆောင်လျက်ရှိသည်မှာ ရှေးယခင်ကတည်းကပင် ရှိခဲ့ကြောင်း၊ သို့သော်အကြောင်းအမျိုးမျိုးကြောင့် ကြားကာလအချိန်များတွင် ဆေးဝန်ထမ်းတပ်ဖွဲ့များမှအပ အခြားအမျိုးသမီးစစ်မှုထမ်းများကို တာဝန်ပေးအပ်နိုင်မှု မရှိခဲ့ကြောင်း၊ ၂၀၁၄ ခုနှစ်၌ တပ်မတော်တွင် အမျိုးသမီးအရာရှိများ ခန့်အပ်တာဝန်ပေးအပ်နိုင်ရေးဆောင်ရွက်ခဲ့ပြီး လက်ရှိအချိန်၌ တပ်မတော် (ကြည်း၊ ရေ၊ လေ) နှင့် လက်ရုံးဝန်ထမ်းတပ်ဖွဲ့အသီးသီး၌ အမျိုးသမီးအရာရှိများ တာဝန်ထမ်းဆောင်လျက်ရှိပြီဖြစ်ကြောင်း၊ ထို့ပြင် အခြားအဆင့် အမျိုးသမီးစစ်မှုထမ်းများကိုလည်း ခန့်အပ်တာဝန်ပေးအပ်ခဲ့ပြီး တပ်မတော်တွင် အမျိုးသမီးစစ်မှုထမ်းများကို ဆက်လက်ခန့်အပ်ပေးလျက်ရှိကြောင်း။

အမျိုးသမီး ဗိုလ်လောင်းသင်တန်းသူများအဖြစ် သင်တန်းတက်ရောက်နေကြသူများသည် တက္ကသိုလ်များ၌ဘွဲ့ရပြီးကြသူများဖြစ်၍ တက္ကသိုလ်ပတ်ဝန်းကျင်လူမှုဆက်ဆံရေး အတွေ့အကြုံများစွာရှိထားပြီးသူများဖြစ်ကြောင်း၊ အသက်အရွယ်အားဖြင့်လည်း မိမိကိုယ်ပိုင်ဆုံးဖြတ်ချက်များကို ချမှတ်နိုင်သည့် အရွယ်များသို့ရောက်ရှိပြီးဖြစ်ကြောင်း၊ မိမိတို့၏ ကိုယ်ပိုင်ဆုံးဖြတ်ချက်များဖြင့် တပ်မတော်အတွင်းသို့ ဝင်ရောက်လာသူများဖြစ်သဖြင့် ခံယူချက်များအခြေခံအားဖြင့်ကောင်းမွန်ပြီးဖြစ်ကြောင်း၊ သင်တန်းတက်ရောက်စဉ် လေ့ကျင့်ရေးကာလအတွင်း ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာ ကြံ့ခိုင်သန်မာမှုရှိစေရေး စနစ်တကျလေ့ကျင့်သွားရန်လိုကြောင်း၊ သင်တန်းကာလအတွင်း သင်ကြားလေ့ကျင့်ပေးသည့်လေ့ကျင့်ရေးဆိုင်ရာများကို ကြံ့ခိုင်သည့်စိတ်ဓာတ်ဖြင့် လိုက်ပါဆောင်ရွက်ရန်လိုကြောင်း၊ စိတ်ဓာတ်ကောင်းမွန်မှသာ လေ့ကျင့်ရေးများအောင်မြင်မည်ဖြစ်ကြောင်း၊ စစ်အတတ်ပညာများကို သင်ကြားပေးခြင်းသည် တိုက်ပွဲဝင်နိုင်စေရန် လေ့ကျင့်သင်ကြားပေးခြင်းပင်ဖြစ်ကြောင်း၊ လေ့ကျင့်သင်ကြားပေးလိုက်သည့်ပညာရပ်များကို သင်တန်းကျောင်းတွင် သာမကဘဲ တာဝန်ထမ်းဆောင်ချိန်များ၌လည်း ပြန်လည်လေ့ကျင့်ဆောင်ရွက်နေရန်လိုကြောင်း၊ ဗိုလ်လောင်းများအနေဖြင့် သင်တန်းကာလအတိုင်းအတာတစ်ခုသို့ ရောက်ရှိလာပြီဖြစ်သဖြင့် နေ့စဉ်ဆောင်ရွက်ရသည့် လေ့ကျင့်ရေးများမှ စနစ်တကျဆောင်ရွက်တတ်သည့် ကောင်းမွန်သည့်အကျင့်များကို ရရှိလာပြီဖြစ်ကြောင်း၊ မိမိကိုယ်ကို တာဝန်ယူ၍ လုပ်ကိုင်ဆောင်ရွက်တတ်ခြင်းသည် ကောင်းမွန်သည့်အကျင့်ပင်ဖြစ်ပြီး စနစ်တကျဖြင့်လုပ်ကိုင်နေထိုင် စားသောက်ပြုမူခြင်းသည် တပ်မတော်၏ကောင်းမွန်သည့် အလေ့အကျင့်ကောင်းများပင်ဖြစ်ကြောင်း။

ဗိုလ်လောင်းသင်တန်းပြီးဆုံး၍ ကျရာတာဝန်များကို ထမ်းဆောင်ရာတွင်လည်း တစ်ဦးချင်းတစ်ယောက်ချင်းအလိုက် အသိစိတ်ဖြင့် အရာရှိကောင်းများဖြစ်အောင် ထိန်းသိမ်းနေထိုင်ရမည်ဖြစ်ကြောင်း၊ မိမိတို့အတွက် အကျိုးဖြစ်စေမည့်စာပေအသိပညာဖတ်ရှုလေ့လာခြင်းများကိုလည်း စဉ်ဆက်မပြတ် ဆက်လက်ဆောင်ရွက်သွားရန် လိုကြောင်း၊ လေ့လာဖတ်ရှုမှုများကို အမြဲမပြတ်ဆောင်ရွက်နေမည်ဆိုပါက လုပ်ငန်းတာဝန်များကို ကျေပွန်စွာထမ်းဆောင်နိုင်ရန် အထောက်အကူပြုမည်ဖြစ်ပြီး မိမိတို့ဖတ်မှတ်ထားသည်များကို အသုံးချခြင်းနှင့် မျှဝေပေးခြင်းများကို ဆောင်ရွက်ရန်လိုကြောင်း၊ လေ့လာဖတ်ရှုခြင်း၊ မှတ်သားခြင်း၊ ဆွေးနွေးခြင်းများမှတစ်ဆင့် အသိပညာများ ပိုမိုအားကောင်းလာအောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ တာဝန်ထမ်းဆောင်ရာတွင် နိုင်ငံတော်နှင့်တပ်မတော်မှ အားကိုးအားထားရသည့် အမျိုးသမီးအရာရှိကောင်းများဖြစ်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း။

**နိုင်ငံတော်နှင့် တပ်မတော်အပေါ် သစ္စာစောင့်သိ၍ တာဝန်များကို ဂုဏ်ယူစွာဖြင့် ကျေပွန်အောင် ထမ်းဆောင်ကြရန်**

တပ်မတော်သို့ ဝင်ရောက်လာကြသည့် အရာရှိ၊ စစ်သည်များအားလုံးသည် မည်သူတစ်ဦးတစ်ယောက်၏ တိုက်တွန်းချက်မျှမပါရှိဘဲ မိမိတို့သဘောဆန္ဒအလျောက် တပ်မတော်သို့ ဝင်ရောက်လာကြသူများဖြစ်သဖြင့် အခြေခံအားဖြင့် စိတ်ဓာတ်ကောင်းမွန်ပြီးဖြစ်ကြောင်း၊ တပ်မတော် သို့ဝင်ရောက်လာကြသူများသည် တပ်မတော်သားများ၏ သစ္စာလေးချက်တွင် အမြင့်ဆုံးသစ္စာဆိုချက်ဖြစ်သည့် "ငါ့နိုင်ငံတော်၊ ငါ့နိုင်ငံသား၊ ငါ့တပ်မတော်အတွက် ငါ၏အသက်ကို စွန့်လွှတ်ရန်

*စာမျက်နှာ ၄ သို့*






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(မှော်ဘီ)မှ အမျိုးသမီးဗိုလ်လောင်းသင်တန်းသူများနှင့် အမျိုးသမီးအရာရှိခြေလျင်တပ်စုမှူးသင်တန်းမှ သင်တန်းသူများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

*စာမျက်နှာ ၃ မှ*

အမိဌာန်ပြုပါ၏” ဆိုသည့် သစ္စာဆိုချက်အတိုင်း စောင့်ထိန်းဆောင်ရွက်သွားကြရန် လိုကြောင်း၊ ထိုကဲ့သို့ နိုင်ငံတော်အပေါ် သစ္စာဆိုထားသည့် တပ်မတော်သားတစ်ဦးချင်းစီအနေဖြင့် မိမိကိုယ်ကို၊ မိမိအဖွဲ့အစည်းနှင့် နိုင်ငံတော်အပေါ်သစ္စာရှိရမည်ဖြစ်ပြီး ခံယူချက်ကောင်းရမည်ဖြစ်ကြောင်း၊ မိမိတို့၏စိတ်ဓာတ်၊ သစ္စာရှိမှုများဖြင့် ပေးအပ်လာသည့် တာဝန်များကို ကျေပွန်အောင်ထမ်းဆောင်ကြစေလိုကြောင်း၊ တပ်မတော်သည် နိုင်ငံတော်၏အစိတ်အပိုင်းတစ်ခုဖြစ်သကဲ့သို့ တပ်မတော်သားများသည်လည်း ပြည်သူများ၏ အစိတ်အပိုင်းတစ်ခုပင်ဖြစ်ကြောင်း၊ တပ်မတော်သားများသည် ပြည်သူများမှ ပေါက်ဖွားလာကြသူများဖြစ်ပြီး နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို အသက်စွန့်၍ တာဝန်ထမ်းဆောင်ရန် သစ္စာဆိုတိုင်တည်ထားသည့် အဖွဲ့အစည်းဖြစ်သဖြင့် နိုင်ငံတော်အတွက် အမြင့်ဆုံးအဖွဲ့အစည်းဖြစ်ကြောင်း၊ ထို့ကြောင့် တပ်မတော်သားတစ်ဦးချင်းစီအနေဖြင့် မိမိတို့ကိုယ်ကို ဂုဏ်ယူ၍ တာဝန်ကို ထမ်းဆောင်ကြရန်လိုပြီး နိုင်ငံတော်နှင့် တပ်မတော်အပေါ် သစ္စာစောင့်သိရန်လိုကြောင်း၊ ထို့ပြင် တပ်မတော်သားများသည် နိုင်ငံ့ဝန်ထမ်းများဖြစ်သဖြင့် ပါတီနိုင်ငံရေးကင်းရှင်းစွာဖြင့် တာဝန်ထမ်းဆောင်ကြရန်လိုပြီး နိုင်ငံရေးနှင့်ပတ်သက်၍ နိုင်ငံ့အရေး၊ အမျိုးသားအရေးကို ဆောင်ရွက်သွားရမည်သာဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံတိုးတက်ကောင်းမွန်ရေးအတွက် နိုင်ငံတော်တာဝန်များကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ တာဝန်ထမ်းဆောင်နေခြင်း ဖြစ်ကြောင်း။

❑ **အမျိုးသမီးဗိုလ်လောင်းသင်တန်းသူများအဖြစ် သင်တန်းတက်ရောက်နေကြသူများသည် တက္ကသိုလ်များ၌ ဘွဲ့ရပြီးကြသူများဖြစ်၍ တက္ကသိုလ်ပတ်ဝန်းကျင်လူမှုဆက်ဆံရေးအတွေ့အကြုံများစွာရှိထားပြီးသူများဖြစ်**

❑ **ဗိုလ်လောင်းသင်တန်းပြီးဆုံး၍ ကျရာတာဝန်များကို ထမ်းဆောင်ရာတွင်လည်း တစ်ဦးချင်းတစ်ယောက်ချင်းအလိုက် အသိစိတ်ဖြင့် အရာရှိကောင်းများဖြစ်အောင် ထိန်းသိမ်းနေထိုင်ရမည်ဖြစ်**

❑ **တပ်မတော်သားများသည် ပြည်သူများမှ ပေါက်ဖွားလာကြသူများဖြစ်ပြီး နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို အသက်စွန့်၍ တာဝန်ထမ်းဆောင်ရန် သစ္စာဆိုတိုင်တည်ထားသည့် အဖွဲ့အစည်းဖြစ်သဖြင့် နိုင်ငံတော်အတွက် အမြင့်ဆုံးအဖွဲ့အစည်းဖြစ်**

### လေ့ကျင့်ရေးကို အလေးထားဆောင်ရွက်ရန်လို

တပ်မတော်(လေ) မှ ပျံသန်းရေးတာဝန်ထမ်းဆောင်နေသူများအနေဖြင့် တာဝန်ထမ်းဆောင်ရာတွင် အသက်နှင့်ရင်း၍ တာဝန်ထမ်းဆောင်ရခြင်းဖြစ်သဖြင့် အမှားခံ၍ ရမည်မဟုတ်ကြောင်း၊ ထို့ကြောင့် လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရာတွင် တစ်ဦးချင်း၏ အရည်အချင်းများ တိုးတက်မှုရှိစေရေး အမြဲမပြတ်လေ့ကျင့်ဆောင်ရွက်ရန်နှင့် သမားစဉ်လုပ်ငန်းများကို မှန်မှန်ကန်ကန်နှင့် တိတိကျကျ Check ၊ Recheck ၊ Counter check များဖြင့် ဆောင်ရွက်သွားရန်လိုကြောင်း။

မိမိတို့ ဆောင်ရွက်နေရသည့် သမားစဉ်လုပ်ငန်းများကို မှန်မှန်ကန်ကန်ဖြင့် ဆောင်ရွက်နေမည်ဆိုပါက တစ်ဦးချင်း အရည်အချင်းများပြည့်ဝပြီး တာဝန်ထမ်းဆောင်မှုများကို အောင်မြင်စွာဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ လေ့ကျင့်သားပြည့်ဝနေမှသာလျှင် မိမိကိုယ်ကိုနှင့် မိမိလက်နက်အပေါ် ယုံကြည်စိတ်မြင့်မားမည်ဖြစ်ကာ ရည်မှန်းချက်တာဝန်များကို အောင်မြင်အောင်ထမ်းဆောင်နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် လေ့ကျင့်ရေးလုပ်ငန်းများကို အလေးထားဆောင်ရွက်သွားမည်ဆိုပါက လုပ်ငန်းတာဝန်များကို အောင်မြင်စွာဖြင့် ထူးချွန်စွာဆောင်ရွက်နိုင်မည့် တပ်ဖွဲ့တစ်ခုဖြစ်လာမည်ဖြစ်ပြီး နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို စွမ်းစွမ်းတမံဆောင်ရွက်နိုင်သည့် တပ်ဖွဲ့တစ်ခုဖြစ်လာမည်ဖြစ်ကြောင်း။

### သက်သာချောင်ချိရေးနှင့် စိတ်ဓာတ်မြင့်မားရေး

သက်သာချောင်ချိရေးနှင့် ပတ်သက်၍လည်း တပ်မတော်အနေဖြင့် တတ်နိုင်သရွေ့ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပြီး *စာမျက်နှာ ၅ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(မှော်ဘီ)မှ အမျိုးသမီးဗိုလ်လောင်းသင်တန်းသူများနှင့် အမျိုးသမီးအရာရှိခြေလျင်တပ်စုမှူးသင်တန်းမှ သင်တန်းသူများနှင့်အတူ နေ့လယ်စာကို အတူတကွ သုံးဆောင်ကြစဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အား တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(မော်ဘီ)မှ ကျောင်းအုပ်ကြီးက သင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိမှုအခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြစဉ်။

*စာမျက်နှာ ၄ မှ*
အုပ်ချုပ်သူအဆင့်ဆင့်မှလည်း မိမိတို့တပ်ဖွဲ့များ၏ သက်သာချောင်ချိရေးလုပ်ငန်းများကို ဆောင်ရွက်ပေးရန်လိုကြောင်း၊ ကျန်းမာကြံ့ခိုင်မှုရှိစေရေး၊ အသင်းအဖွဲ့ဖြင့် ဆောင်ရွက်တတ်စေရေးအတွက် အားကစားပွဲများ၊ ပျော်ပွဲရွှင်ပွဲများကျင်းပပေးခြင်း၊ အသိပညာဗဟုသုတနှင့် ခံယူချက်ကောင်းများ ရရှိစေရေးအတွက် ဟောပြောဆွေးနွေးပွဲများ ပြုလုပ်ပေးခြင်းတို့ကို ဆောင်ရွက်ပေးရန်လိုကြောင်း၊ စစ်သည်တစ်ဦးချင်းစီနှင့် ၎င်းတို့၏မိသားစုဝင်များ၏လူမှုရေးအခက်အခဲ၊အကျပ်အတည်းများကိုလည်း မိမိတို့တတ်စွမ်းသည့်ဘက်မှ ကူညီဖြေရှင်းဆောင်ရွက်ပေးရန်လိုကြောင်း၊ စစ်သည်တစ်ဦးချင်းအလိုက် စိတ်ဓာတ်နှင့် ခံယူချက်များ ကောင်းမွန်မည်ဆိုပါက တပ်၏ အရည်အချင်းများ မြင့်မားလာမည်ဖြစ်ကြောင်း၊ တပ်မတော်(ကြည်း၊ ရေ၊ လေ)ရှိ တပ်ဖွဲ့ဝင်များ အားလုံးအရည်အချင်းပြည့်ဝအောင် ဆောင်ရွက်၍ အပြန်အလှန်ပူးပေါင်းဆောင်ရွက်သွားမည်ဆိုပါက တပ်မတော်၏နိုင်ငံတော်ကာကွယ်ရေးစွမ်းအားသည်လည်း တိုးတက်လာမည်ဖြစ်ကြောင်း ပြောကြားသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် မော်ဘီလေတပ်စခန်းဌာနချုပ်မှ အရာရှိ၊ စစ်သည်များ၊ တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(မော်ဘီ)မှ အမျိုးသမီးဗိုလ်လောင်းသင်တန်းသူများနှင့် အမျိုးသမီးအရာရှိ ခြေလျင်တပ်စုမှူးသင်တန်းမှ သင်တန်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကား ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း (မော်ဘီ)မှ အမျိုးသမီးဗိုလ်လောင်းသင်တန်းသူများ၊ အမျိုးသမီးအရာရှိ ခြေလျင်တပ်စုမှူးသင်တန်းမှ သင်တန်းသူများနှင့်အတူ နေ့လယ်စာကို အတူတကွ သုံးဆောင်ခဲ့ကြပြီး သင်တန်းသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်၍ အားပေးစကားပြောကြားခဲ့သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း (မော်ဘီ)သို့ ရောက်ရှိစဉ် ကျောင်းအုပ်ကြီးက တပ်မတော်၏ အမျိုးသမီးစစ်မှုထမ်းများ၏ အခန်းကဏ္ဍကို အားသစ်လောင်းမည့် ဘွဲ့ရအမျိုးသမီးဗိုလ်လောင်းသင်တန်းများ ဖွင့်လှစ်သင်ကြားမွေးထုတ်ပေးလျက်ရှိသည့်အခြေအနေများ၊ အမျိုးသမီးအရာရှိများအား တပ်စုမှူးသင်တန်း၊ ဖွင့်လှစ်သင်ကြားပေးလျက်ရှိမှုနှင့် လေ့ကျင့်ရေးတာဝန်များ ထမ်းဆောင်နိုင်မှုတို့နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ ရှင်းလင်းတင်ပြမှုများနှင့် ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က သင်တန်းများတွင် လေ့ကျင့်ပေးရမည့်ပညာရပ်များကို အမှန်တကယ်တတ်မြောက်အောင် အပြည့်အဝလေ့ကျင့်သင်ကြားပေးရန်နှင့် အခြားလေ့ကျင့်ရေးဆိုင်ရာများနှင့် ပတ်သက်၍ လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် မော်ဘီတပ်နယ်အတွင်းရှိသင်တန်းကျောင်းများ၊ နယ်မြေခံတပ်ရင်း၊ တပ်ဖွဲ့များအတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## အစိုးရနည်းပညာအထက်တန်းကျောင်း (ပုသိမ်)၌ လူငယ်နှင့် ဖြောင့်မတ်တည်ကြည်မှု လူငယ်စကားဝိုင်းကျင်းပ

**ပုသိမ် ဩဂုတ် ၃၁**
အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်နှင့် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနတို့ ပူးပေါင်းကျင်းပသည့် လူငယ်နှင့်ဖြောင့်မတ်တည်ကြည်မှုလူငယ်စကားဝိုင်းကို ဩဂုတ် ၃၀ ရက်က အစိုးရနည်းပညာ အထက်တန်းကျောင်း (ပုသိမ်) ဧရာဝတနာခန်းမ၌ ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းက ယခုကဲ့သို့ လူငယ်နှင့် ဖြောင့်မတ်တည်ကြည်မှု လူငယ်စကားဝိုင်း ဆွေးနွေးခြင်း အခမ်းအနားများကို တိုင်းဒေသကြီး/ပြည်နယ်များရှိ အစိုးရနည်းပညာတက္ကသိုလ်များ၊ အစိုးရနည်းပညာ ကောလိပ်များနှင့် အစိုးရစက်မှုလက်မှုသိပ္ပံကျောင်းများတွင် လက်ခံကျင်းပခြင်းအားဖြင့် ပညာသင်ကြားနေကြသည့်ကျောင်းသားကျောင်းသူများသည် ကျောင်းနှင့် လူမှုပတ်ဝန်းကျင် နေ့စဉ်ဘဝများတွင် အကောင်းအဆိုး၊ အကြောင်းအကျိုးကို မှန်ကန်စွာ ပိုင်းခြားဝေဖန်နိုင်ပြီး ဖြောင့်မတ်တည်ကြည်မှုကို ကိုယ်ပိုင်အသိတရားဖြင့် လက်တွေ့ကျင့်သုံးလာနိုင်စေမည်ဖြစ်ပြီး အခြေခံစည်းကမ်းမူဘောင်များ၊ ကျင့်ဝတ်များ၊ ကိုယ်ကျင့်တရား ပျက်ယွင်းခြင်း၏ အကြောင်းရင်းများနှင့် အဂတိလိုက်စားမှု အန္တရာယ်များကို သိရှိနားလည်နိုင်မည် ဖြစ်ကြောင်း၊ ထို့ကြောင့် အသိပညာပေးလုပ်ငန်းများကို ကဏ္ဍစုံ၊ ထောင့်စုံမှ ကျယ်ပြန့်စွာဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း အမှာစကားပြောကြားသည်။ **(ယာပုံ)**

ထို့နောက် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်အဖွဲ့ဝင်က အမှာစကား ပြောကြားသည်။ ယင်းနောက် လူငယ်နှင့် ဖြောင့်မတ်တည်ကြည်မှု လူငယ်စကားဝိုင်းကို ဆက်လက်ကျင်းပရာ စကားဝိုင်းသို့ တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြပြီး အစိုးရနည်းပညာ အထက်တန်းကျောင်း(ပုသိမ်) ကျောင်းအုပ်ကြီးက ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။



**တိုင်းဒေသကြီး (ပြန်/ဆက်)**

## မန္တလေးတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ကျောက်ဆည်မြို့၌ ကျေးလက်လမ်းများ ပိုမိုကောင်းမွန်စေရေးကွင်းဆင်းစစ်ဆေး



**ကျောက်ဆည် ဩဂုတ် ၃၁**
မန္တလေးတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ဇော်ဦး၊ ညွှန်ကြားရေးမှူး(မြို့ပြ) ဦးကျော်ဇေယျာဝင်း၊ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ဒေါ်စန်းစန်းဝါ၊ မြို့နယ်တာဝန်ခံနှင့် တာဝန်ခံ QC အဖွဲ့သည် ယမန်နေ့နံနက်ပိုင်းက ကျောက်ဆည်မြို့နယ်၌ ၂၀၂၄-၂၀၂၅ ခု ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်လျက်ရှိသည့် ကျေးလက်လမ်း တံတားလုပ်ငန်းများကို ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ ကြည့်ရှုစစ်ဆေးရာတွင် တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက ကျောက်ဆည်မြို့နယ်အတွင်း ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံငွေ ၁၉၈ ဒသမ ၁ သန်းဖြင့် Early Bright White Gems ကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်လျက်ရှိသည့် ကျောက်ဆည် - ၄က္ကတောင်လမ်း ကတ္တရာခင်းခြင်းလုပ်ငန်း (၀/၅ ဒသမ ၄)မိုင် တိုင်းဒေသကြီးငွေလုံးငွေရင်းရန်ပုံငွေ ၂၀၂ ဒသမ ၅၅ သန်းဖြင့် လူထုရှေ့ဆောင်ကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်နေသည့် ကျောက်ဆည် - တံတားဦးလမ်းမှ ငါးလုံးကုန်းကျေးရွာအဝင်လမ်း ကွန်ကရစ်လမ်းခင်းခြင်း (၀/၄)မိုင်လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများ၊ Quality Control စမ်းသပ်စစ်ဆေးနေမှုအခြေအနေများကို ကွင်းဆင်းစစ်ဆေးပြီး လုပ်ငန်းများ အရည်အသွေးစံချိန်စံညွှန်း ပြည့်မီစွာဆောင်ရွက်နိုင်ရန်နှင့် လုပ်ငန်းများသတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးအောင်ဆောင်ရွက်ကြရန် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရန်ကုန်အနောက်ပိုင်းတက္ကသိုလ် ပင်မလေးထပ်ဆောင်အား ကြည့်ရှုစစ်ဆေးစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်နှင့် ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ်တို့သို့ သွားရောက်ကြည့်ရှုစစ်ဆေး

## အားကစားပြုလုပ်ရာနေရာနှင့် အပန်းဖြေနေရာများ ဆောင်ရွက်ရာ၌ ကျောင်းတွင်တက်ရောက်မည့် ကျောင်းသားဦးရေအချိုးနှင့် ကိုက်ညီသည့် အကျယ်အဝန်းများဖြစ်စေရေး စဉ်းစားဆောင်ရွက်သွားရန်လို

**နေပြည်တော် ဩဂုတ် ၃၁**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့မွန်းလွဲပိုင်းတွင် ခရီးစဉ်တွင် လိုက်ပါလာသည့် အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများ လိုက်ပါ၍ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်နှင့် ရန်ကုန်အနောက်ပိုင်း နည်းပညာတက္ကသိုလ်တို့သို့ သွားရောက်ကြည့်ရှု စစ်ဆေးသည်။

### ရန်ကုန်အနောက်ပိုင်း တက္ကသိုလ် ကြည့်ရှုစစ်ဆေး

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်သို့ရောက်ရှိကြပြီး ပင်မလေးထပ်ဆောင်ရှေ့ရှိ အရှည် ၆၆၅ ပေ၊ အကျယ် ပေ ၁၁၀၊ အနက် ၅ ပေရှိ ရေကန်တူးဖော်ပြီးစီးမှု၊ ရေကန်ပတ်လည်စိမ်းလန်းစိုပြည်စေရေး ဆောင်ရွက်ထားရှိမှု၊ ရေကန်အတွင်း ရေဖြည့်သွင်းပြီး ဆိုလာလျှပ်စစ်ဓာတ်အားပေးစနစ်ဖြင့် အလှဆင်ရေပန်းများ တပ်ဆင်ထားရှိမှု၊ ကန်ပေါင်တွင် လူသွားလမ်း ဆောင်ရွက်ပြီးစီးမှုနှင့် တက္ကသိုလ်အတွင်း သာယာလှပရေး ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ရန်ကုန်မြို့တော်ဝန်နှင့် တက္ကသိုလ်ပါမောက္ခချုပ်တို့က ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မိုးရာသီကာလ၌ တက္ကသိုလ်ပရဝုဏ်အတွင်း ရေဝပ်မှုများမရှိစေရေး ဆောင်ရွက်ရန်နှင့် ရေမြောင်းများ စနစ်တကျ တူးဖော်ထားရှိရန်၊ တက္ကသိုလ်အတွင်း သန့်ရှင်း

*စာမျက်နှာ ၇ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရန်ကုန်အနောက်ပိုင်းတက္ကသိုလ် ပင်မလေးထပ်ဆောင်အရှေ့ရှိ ရေကန်တူးဖော်ပြီးစီးမှုနှင့် ရေကန်ပတ်လည်စိမ်းလန်းစိုပြည်ရေး ဆောင်ရွက်ထားရှိမှု ကြည့်ရှုစစ်ဆေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရန်ကုန်အနောက်ပိုင်း နည်းပညာတက္ကသိုလ်အတွင်း စာသင်ဆောင်အသစ် ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား လမ်းညွှန်မှာကြားစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ်အတွင်း စာသင်ဆောင်အသစ် ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

**စာမျက်နှာ ၆ မှ**
သာယာလှပရေးနှင့် ဥပမိရပ်ကောင်းမွန် စေရေးတို့အတွက် လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့သည်။

**ရန်ကုန်အနောက်ပိုင်း နည်းပညာတက္ကသိုလ် ကြည့်ရှုစစ်ဆေး**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရန်ကုန်အနောက်ပိုင်း နည်းပညာတက္ကသိုလ်သို့ ရောက်ရှိကြပြီး တက္ကသိုလ်အတွင်း စာသင်ဆောင်အသစ် ဆောက်လုပ်နေမှုများကို ကြည့်ရှုစစ်ဆေးရာ ပါမောက္ခချုပ် ဒေါက်တာကြည်စိုး၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက စာသင်ဆောင်အသစ်ဆောက်လုပ်နေမှုအခြေအနေများနှင့်ပတ်သက်၍ လိုက်လံရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ကျောင်းပတ်ဝန်းကျင်သန့်ရှင်းသာယာလှပစေရေးနှင့် ဥပမိရပ်ကောင်းမွန်ရေး ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ယာဉ်ရပ်နားရန်နေရာများ၊ ကျောင်းသားအိပ်ဆောင်များနှင့် အထောက်အကူပြုအဆောင်များ၊ စာသင်ဆောင်များနှင့် ခန်းမများ ဆောင်ရွက်ရာတွင် အသေးစိတ်ကအစ ထည့်သွင်းတွက်ချက်စဉ်းစားကာ ရေရှည်ကိုကြည့်၍ ဆောင်ရွက်ရန်လိုကြောင်း၊ ကျောင်းဝင်းအတွင်း လူသွားလမ်းများ၊ အားကစားပြုလုပ်ရာ နေရာနှင့် အပန်းဖြေနေရာများ ဆောင်ရွက်ရာ၌ ကျောင်းတွင်တက်ရောက်မည့် ကျောင်းသားဦးရေအချိုးနှင့် ကိုက်ညီသည့် အကျယ်အဝန်းများ ဖြစ်စေရေး စဉ်းစားဆောင်ရွက်သွားရန် လိုကြောင်း မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# လျှပ်စစ်ဓာတ်အားရရှိရေးသည် အရေးပါသည့်ကိစ္စရပ်ဖြစ်၍ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် လျှပ်စစ်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကြိုးစားဆောင်ရွက်လျက်ရှိ

**ရန်ကုန် ဩဂုတ် ၃၁**

ရန်ကုန်တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး ဦးဇော်ဝင်းသည် ယနေ့နံနက်ပိုင်းက အလုံမြို့နယ် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းရုံး အစည်းအဝေးခန်းမ၌ တိုင်းဒေသကြီး ဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်သည့် တိုင်းဒေသကြီး လျှပ်စစ်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍တာဝန်ရှိသူများနှင့် တွေ့ဆုံပြီး လုပ်ငန်းညှိနှိုင်းအစည်းအဝေးပြုလုပ်သည်။



အစည်းအဝေးတွင် တိုင်းဒေသကြီးသယံဇာတရေးရာဝန်ကြီးက အမှာစကားပြောကြားရာ ရန်ကုန်မြို့သူမြို့သားများ၏ နေ့စဉ်ဘဝအတွက် မရှိမဖြစ်လိုအပ်သော လျှပ်စစ်ဓာတ်အားရရှိရေးသည် အရေးပါသည့်ကိစ္စရပ်ဖြစ်၍ တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် လျှပ်စစ်ကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေး တိုင်းဒေသကြီးအစိုးရအဖွဲ့ရန်ပုံငွေဖြင့် မြို့နယ်များ၊ ကျေးရွာများနှင့် မွေးမြူရေးဇုန်များတွင် မီးအားပြည့်ဝတည်ငြိမ်စွာ အသုံးပြုနိုင်ရေး၊ လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေး၊ ဓာတ်အားစနစ်တိုးတက်ကောင်းမွန်စေရေး၊ တက္ကသိုလ်များ၊ ဆေးရုံများ၊ CNG ဆိုင်များနှင့် အရေးကြီးနေရာများ စဉ်ဆက်မပြတ် ဓာတ်အားရရှိရေး၊ 33 kV ဓာတ်အားခွဲရုံများ တည်ဆောက်ခြင်း၊ 33 kV / 11 kV ဓာတ်အားလိုင်းများ တည်ဆောက်ခြင်း၊ ရန်ကုန်မြို့တော်အင်္ဂါရပ်နှင့်အညီ အမြင်တင့်တယ်စေရေးအတွက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ လမ်းတိုးချဲ့ရာတွင် မလွတ်ကင်းသော ထရန်စဖော်မာများနှင့် ဓာတ်အားလိုင်းများ၊ ဓာတ်မီးတိုင်များ ပြောင်းရွှေ့တည်ဆောက်ခြင်း၊ ယာဉ်အန္တရာယ်ကင်းရှင်းစေရေး၊ မသမာမှုများလျော့နည်းစေရေးအတွက် လမ်းလယ်ကျွန်းများတွင် လမ်းမီးများ၊ ဓာတ်အားလိုင်းများ တည်ဆောက်ခြင်းနှင့် လမ်းမီးထွန်းညှိခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ကြောင်းနှင့် ရန်ကုန်တိုင်းဒေသကြီးသည်စီးပွားရေးမြို့တော်ဖြစ်သည်နှင့်အညီ စက်မှုဇုန် (၂၉) ဇုန်ဖော်ဆောင်ထားရှိပြီး ယင်းစက်မှုဇုန်များအဆင်ပြေချောမွေ့စွာ လုပ်ငန်းလည်ပတ်နိုင်မှသာ နိုင်ငံစီးပွားရေးတိုးတက်ပြီး ဝင်ငွေတိုးတက်ရရှိနိုင်မည်ဖြစ်၍ စက်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် လျှပ်စစ်ဓာတ်အား မရှိမဖြစ်လိုအပ်မည်ဖြစ်၍ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းနှင့် ခရိုင်/မြို့နယ်အသီးသီးမှ တာဝန်ရှိသူများက ဝိုင်းဝန်းကြိုးစားဆောင်ရွက်ပေးကြရန် ပြောကြားသည်။

ထို့နောက် ဓာတ်အားဖြန့်ဖြူးရေးဌာနမှ တာဝန်ရှိသူတစ်ဦးက တိုင်းဒေသကြီးအစိုးရအဖွဲ့ ဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်သောလုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း အမှုဆောင်အရာရှိချုပ် ဦးကျော်သူနှင့်ဒါရိုက်တာအဖွဲ့ဝင် (၂) ဦးစံဌေးတို့က ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် သယံဇာတရေးရာဝန်ကြီးက မြေပိုင်ဆိုင်မှုအထောက်အထား ပြည့်စုံမှန်ကန်မှုမရှိသည့် အခြေအနေများတွင် လျှပ်စစ်မီးရရှိရေး လျှောက်ထားလာမှုကို သေချာစွာစိစစ်ပြီးမှသာ ဆက်လက်ဆောင်ရွက်ရန် အထူးမှာကြားလိုကြောင်း၊ ညောင်နှစ်ပင်ဇုန်အတွင်း လျှပ်စစ်သွယ်တန်းထားရှိမှုများ စနစ်တကျ ဖြစ်စေရေးဆောင်ရွက်ရန်၊ တိုင်းဒေသကြီးအတွင်းရှိ ထရန်စဖော်မာများ၊ ဓာတ်တိုင်များပေါ်တွင် တွယ်ကပ်ပေါက်ရောက်နေသောချုံနွယ်များ ရှင်းလင်းဆောင်ရွက်ရန်၊ လုပ်ငန်းများအားလုံး စနစ်တကျဖြင့် အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်ကြရန်နှင့် ပြည်သူများ လျှပ်စစ်မီးလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေး ကြိုးစားဆောင်ရွက်ကြရန် ပြောကြားခဲ့ကြောင်း သိရသည်။

**ဆန်းကျော်ဦး(ပြန်/ဆက်)**

# ပန်းဘဲတန်းမျက်မှန်သမဝါယမအသင်းလီမိတက် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာစည်းဝေး

**ရန်ကုန် ဩဂုတ် ၃၁**

ရန်ကုန်တိုင်းဒေသကြီး ပန်းဘဲတန်းမြို့နယ် ပန်းဘဲတန်းမျက်မှန် သမဝါယမအသင်းလီမိတက်၏ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ယမန်နေ့က ပန်းဘဲတန်းမြို့နယ် သမဝါယမဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**အတည်ပြုဆွေးနွေး**

အစည်းအဝေးတွင် သဘာပတိအဖြစ် သမဝါယမအသင်း ဥက္ကဋ္ဌ ဦးမျိုးမြင့်က ဆောင်ရွက်ပြီး ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် အသင်းအမှုဆောင်အဖွဲ့၏ အစီရင်ခံစာ၊ စာရင်းစစ်အစီရင်ခံစာနှင့် ဘဏ္ဍာရေးရှင်းတမ်းများကို အသင်း၏ဒါရိုက်တာအဖွဲ့ဝင် ဒေါ်အေးအေးရီက ဖတ်ကြားတင်သွင်းခဲ့ရာ တက်ရောက်လာကြသည့် အသင်းသားများက အတည်ပြုဆွေးနွေးသည်။

**အစုပေါ်အမြတ်ငွေပေးအပ်**

ထို့နောက် ပန်းဘဲတန်းမြို့နယ် သမဝါယမဦးစီးဌာနမှ ဦးစီးအရာရှိ ဦးဘုန်းမြင့်လှိုင်က သမဝါယမအသင်းဥပဒေ၊ နည်းဥပဒေနှင့် လုပ်ထုံးလုပ်နည်းများကို အသေးစိတ်ရှင်းလင်းပြောကြားပြီး ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစုပေါ်အမြတ်ငွေနှင့် လက်ဆောင်ပစ္စည်းများကို ပန်းဘဲတန်းမျက်မှန် သမဝါယမအသင်းလီမိတက်၏ အသင်းသားများကို ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဩဂုတ် ၃၁**

တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (တောင်ပိုင်း) တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း) တို့တွင် နေရာကျဲကျဲ မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။

**မိုး/ဇလ**

# မင်းဘူးမြို့၌ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ဖွင့်ပွဲအခမ်းအနားကျင်းပ

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ မိသားစုက မကွေးတိုင်းဒေသကြီးအတွင်းရှိ စာကြည့်တိုက်များအတွက် ငွေကျပ်သိန်း ၃၀ နှင့် လူထုသိပ္ပံကျမ်းစာအုပ်နှင့် သုတ၊ ရသစာအုပ်စာစောင်မျိုးစုံ လှူဒါန်း



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်၊ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ် သိန်းထွန်းဦး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မိုးမင်းသိန်းနှင့် လူမှုရေးရာဝန်ကြီး ဦးမျိုးမြင့်တို့က ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်မုခ်ဦးကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

မင်းဘူး ဩဂုတ် ၃၁

ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်စေရန်၊ ကျောင်းသား ကျောင်းသူများ စာအုပ်စာပေ လေ့လာဖတ်ရှုနိုင်ရန်နှင့် စာပေလေ့လာဖတ်ရှုခြင်းမှ ရရှိသော အသိပညာဗဟုသုတများကို ပြန်လည်အသုံးချမှုဝေနိုင်ရန် ရည်ရွယ်၍ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ဖွင့်ပွဲအခမ်းအနား၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ မိသားစုက မကွေးတိုင်းဒေသကြီးအတွင်းရှိ စာကြည့်တိုက်များအတွက် ငွေကျပ် သိန်း ၃၀ နှင့် လူထုသိပ္ပံကျမ်းစာအုပ်နှင့်သုတ၊ရသ စာအုပ်စာစောင်မျိုးစုံ လှူဒါန်းပွဲကို ယနေ့နံနက်ပိုင်းတွင် မင်းဘူးမြို့ အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

### ဂုဏ်ပြုချီးမြှင့်ငွေပေးအပ်

အခမ်းအနားတွင် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်မုခ်ဦးကို ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်၊ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ် သိန်းထွန်းဦး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မိုးမင်းသိန်း၊ လူမှုရေးရာဝန်ကြီး ဦးမျိုးမြင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး တက်ရောက်လာကြသူများနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကာ ပါဝင်ကူညီခဲ့သည့် ပန်းဖွားအဖွဲ့၊ ဘင်ခရာအဖွဲ့၊ အိုးစည်အဖွဲ့တို့အား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ်တို့သည် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်သို့ လာရောက်ကြသည့် ကျောင်းသား ကျောင်းသူများအား အစားအစာများ ပေးဝေ၍ ခင်းကျင်းပြသထားသော ဌာနဆိုင်ရာပြခန်းများ၊ ဓာတ်ပုံပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးသည်။

ဆက်လက်၍ အခမ်းအနားဒုတိယပိုင်းအစီအစဉ်ကို အဆိုပါကျောင်းခန်းမ၌ ကျင်းပရာ မင်းဘူးမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသားကျောင်းသူများက **"အလှဆုံးပန်းများပွင့်ကြပြီ"** သီချင်းဖြင့် သီဆိုဖွင့်လှစ်ပေးပြီး **"နိုင်ငံအကျိုးအတွက် မှန်းမျှော်ရည် ခိုင်မာတိုးတက်စေရမည်"** Video Clip ကို ပြသသည်။

### အသိပညာဗဟုသုတများလိုအပ်မည်

ထို့နောက် မြန်မာနိုင်ငံစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးပူးပေါင်းဆောင်ရွက်မှုကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဦးသန့်က စာဖတ်သောလူမျိုးသည် တိုးတက်ပြီး တိုးတက်သော လူမျိုးတိုင်းသည် စာဖတ်ကြသည်ဟု ပြောကြားခဲ့ပါကြောင်း၊ ယနေ့ကမ္ဘာကြီးတွင် ငြိမ်းချမ်းမှု၊ တိုးတက်မှု၊ ပျော်ရွှင်မှုများကို ဦးတည်ရည်မှန်း၍ ဖြတ်သန်းနေကြပါကြောင်း၊ မြန်မာ့လူ့ဘောင်အဖွဲ့အစည်းကိုလည်း ငြိမ်းချမ်းသော၊ သာယာသော၊ ဖွံ့ဖြိုးတိုးတက်သော လူ့ဘောင်အဖွဲ့အစည်းအဖြစ် ဖြတ်သန်းစေလိုပါကြောင်း၊ ထိုသို့ ဖြတ်သန်းနိုင်ရန် နိုင်ငံသားအားလုံးတွင် အသိပညာဗဟုသုတများစွာ လိုအပ်မည်ဖြစ်ကြောင်း။

### စာလည်းတတ်၊ စာလည်းဖတ်

နိုင်ငံတော်အကြီးအကဲက လူထုသိပ္ပံကျမ်းများကို လူငယ်များ ဖတ်ရှုလေ့လာနိုင်ရန် ပြန်လည်ပုံနှိပ်ထုတ်ဝေစေပြီး စာကြည့်တိုက်များအတွက် ဝယ်ယူလှူဒါန်းပေးလျက်ရှိပါကြောင်း၊ ကျောင်းသား ကျောင်းသူများအား စာအုပ်စာစောင်များကို ဖတ်ရှုစေလိုသည့်အတွက် ယခုလို စာဖတ်ရှိန်မြှင့်တင်ရေး ပွဲတော်များကို ကျင်းပပေးခြင်းဖြစ်ပြီး စာဖတ်လိုစိတ်များ မွေးမြူပေးရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အကြီးအကဲက စာမတတ်သူသည် ထိုင်နေသည့်လူနှင့်တူပြီး စာတတ်ပြီး စာမဖတ်သူမှာ ရပ်နေသည့်လူနှင့် တူကြောင်း၊ စာတတ်ပြီး စာပေလေ့လာဖတ်ရှုသူဖြစ်မှသာ လမ်းလျှောက်နေသည့်လူနှင့်တူသည်ဟု လမ်းညွှန်ထားသည့်အတွက် ကျောင်းသားလူငယ်များအနေဖြင့် စာလည်းတတ်၊ စာလည်းဖတ်ပြီး အသိဉာဏ်ပညာပြည့်ဝစွာဖြင့် အနာဂတ်ကို လျှောက်လှမ်းနေကြရမည်ဖြစ်ကြောင်း၊ ထို့ပြင် မိမိတို့အား စာသင်ကြားပေးနေသည့် ဆရာ ဆရာမများကို ရိုသေလေးစားတန်ဖိုးထားကြစေလိုကြောင်း၊ ဆရာဆရာမများသည် မိမိတို့ဘဝ တိုးတက်အောင် သင်ကြားပြသ မီးမောင်းထိုးပြပေးနေသူများဟု မှတ်ယူကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှမိသားစုက မကွေးတိုင်းဒေသကြီးအတွင်းရှိ စာကြည့်တိုက်များအတွက် လှူဒါန်းသော အလှူငွေကျပ်သိန်း ၃၀၊ လူထုသိပ္ပံကျမ်း အတွဲ(၆)နှင့် အတွဲ(၇) စာအုပ်ပေါင်း ၁၂၂ အုပ်နှင့် သုတ၊ ရသ စာအုပ်စာစောင်မျိုးစုံ ၂၃၃ အုပ်တို့အား ပြည်ထောင်စုဝန်ကြီးက ပေးအပ်ရာ လူမှုရေးရာဝန်ကြီးက လက်ခံရယူသည်။ (အောက်ပုံ)




ယင်းနောက် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက မင်းဘူးမြို့ပေါ်ရှိ အခြေခံပညာအထက်တန်းကျောင်းနှင့် အလယ်တန်းကျောင်းများအတွက် DTH စလောင်း ငါးစုံနှင့် DVB T2 Set Top Box ၁၅ လုံးတို့အား ပေးအပ်လှူဒါန်းရာ တိုင်းဒေသကြီးပညာရေးမှူးက လက်ခံရယူသည်။

ဆက်လက်၍ မကွေးတိုင်းဒေသကြီးအတွင်း ထပ်မံဆောက်လုပ်မည့် စာကြည့်တိုက် အဆောက်အအုံအသစ် လေးတိုက်အတွက် အလှူငွေကျပ်သိန်း ၆၀၀ အား တိုင်းဒေသကြီးဝန်ကြီးချုပ်က ပေးအပ်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီးက လက်ခံရယူသည်။ ***စာမျက်နှာ ၉ သို့***



မင်းဘူးမြို့ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ဖွင့်ပွဲတွင် ပါဝင်ဆင်နွှဲကြသူများ၊ ကြည့်ရှုအားပေးကြသူများဖြင့် စည်ကားသိုက်မြိုက်စွာ တွေ့ရစဉ်။

# မျိုးဆက်သစ်ထူးချွန်လူငယ်မောင်မယ်များနှင့်စစ်သည်များ တရုတ်ပြည်သူ့သမ္မတနိုင်ငံ လေ့လာရေးခရီးစဉ်မှ ပြန်လည်ရောက်ရှိ

နေပြည်တော် ဩဂုတ် ၃၁

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ လမ်းညွှန်မှုဖြင့် ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် စစ်မှုထမ်းဆဲ/ စစ်မှုထမ်းဟောင်းနှင့် အစားခန့်ဝန်ထမ်းများ၏ သား/သမီး ကျောင်းသား ကျောင်းသူများနှင့် ဂုဏ်ထူးဖြင့်အောင်မြင်ခဲ့သော စစ်သည်များပါဝင်သည့် မျိုးဆက်သစ်ထူးချွန်လူငယ်မောင်မယ်များသည် နိုင်ငံတကာယဉ်ကျေးမှု၊ ဗဟုသုတနှင့် အသိပညာများ အတုယူလေ့လာနိုင်စေရန်အတွက် ဩဂုတ် ၂၆ ရက်မှစ၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ လေ့လာရေးခရီး သွားရောက်လျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။**



အဆိုပါလေ့လာရေးအဖွဲ့အား တပ်မတော် ဆေးတက္ကသိုလ် ကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ် စိုးညွှန့်၊ မြန်မာ့စီးပွားရေးဦးပိုင် အများနှင့်သက်ဆိုင်သော ကုမ္ပဏီ လီမိတက်မှ ဌာနကြီးမှူး ဦးအောင်ရဲဝင်းနှင့် တာဝန်ရှိသူများ၊ ကျောင်းသား ကျောင်းသူများ၏ မိဘဆွေမျိုးများက ကြိုဆိုနှုတ်ဆက်ခဲ့ကြသည်။ **(ယာပုံ)**

အဆိုပါ မျိုးဆက်သစ်ထူးချွန် လူငယ်မောင်မယ်များနှင့် စစ်သည်များပါဝင်သော လေ့လာရေးအဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ရောက်ရှိနေစဉ်အတွင်း ဩဂုတ် ၂၇ ရက်တွင် ပေကျင်းမြို့ရှိ Tian Tan ပန်းခြံသို့ သွားရောက်လည်ပတ်ခြင်း၊ Ling Guang ဘုရားကျောင်းသို့ သွားရောက်၍ ဘုရားကျောင်းတွင် ကိန်းဝပ်စံပယ်တော်မူသော ဗုဒ္ဓမြတ်စွယ်တော်အား သွားရောက်ဖူးမြော်ခြင်း၊ ဩဂုတ် ၂၈ ရက်တွင် ပေကျင်းမြို့ရှိ Grate wall သို့ သွားရောက်လေ့လာခြင်း၊ နွေရာသီနန်းတော်သို့ သွားရောက်လေ့လာခြင်းနှင့် အိုလံပစ်ပြိုင်ပွဲကျင်းပခဲ့သည့် အဆောက်အဦများနှင့် မြို့တွင်းသို့ လှည့်လည်ကြည့်ရှုလေ့လာခြင်းများ ဆောင်ရွက်ကာ ညပိုင်းတွင် ညရှုခင်းများ ကြည့်ရှုခဲ့ကြသည်။

အလားတူ ဩဂုတ် ၂၉ ရက်တွင် ပေကျင်းမြို့ရှိ ပေကျင်းကျည်ဆန်ရထား ဘူတာရုံမှ ပေကျင်း - ကွမ်ကျိုးကျည်ဆန်ရထားအမှတ်၊ G-77 ဖြင့် စီးနင်းလိုက်ပါ၍ ကွမ်ကျိုးမြို့သို့ ရောက်ရှိကြသည်။

အဆိုပါ မျိုးဆက်သစ်ထူးချွန် လူငယ်မောင်မယ်များနှင့် စစ်သည်များ ပါဝင်သော လေ့လာရေးအဖွဲ့သည် ဩဂုတ် ၃၀ ရက် နံနက်ပိုင်းတွင် ကွမ်ကျိုးမြို့ရှိ Ji Nan တက္ကသိုလ်သို့ သွားရောက်ကာ Ji Nan တက္ကသိုလ်၏ သမိုင်းကြောင်း၊ စာကြည့်တိုက်နှင့် ဌာနခွဲများအား လှည့်လည်လေ့လာခဲ့ကြပြီး ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များ မေးမြန်းမှုများအပေါ် တက္ကသိုလ်မှ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသခဲ့ကြသည်။ ထို့နောက် လေ့လာရေးအဖွဲ့သည် မွန်းလွဲပိုင်းတွင် ကွမ်ကျိုးမြို့အတွင်း လေ့လာလည်ပတ်ကြပြီး ညပိုင်းတွင် ကွမ်ကျိုးတာဝါအား သွားရောက်လေ့လာ ကြည့်ရှုခြင်းနှင့် ကွမ်ကျိုးမြစ်အတွင်း အပျော်စီးသင်္ဘောဖြင့် လိုက်ပါစီးနင်း၍ လေ့လာ လည်ပတ်ခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

မျိုးဆက်သစ်ထူးချွန်လူငယ် မောင်မယ်များနှင့် စစ်သည်များ ပါဝင်သော လေ့လာရေးအဖွဲ့၏ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ လေ့လာရေးခရီးသွားရောက်ခဲ့ရမှုနှင့် ပတ်သက်၍ ယခုလိုပဲ ကြားသိရသည်။

**မောင်ဘုန်းမြတ်သာ**
**(ခြောက်ဘာသာဂုဏ်ထူးရှင်)**
**သုံးထပ်ကွမ်းလူရည်ချွန်**



တရုတ်နိုင်ငံရဲ့ အထင်ကရ နေရာတွေဖြစ်တဲ့ မဟာတံတိုင်း၊ ဗုဒ္ဓမြတ်စွယ်တော်လို နေရာတွေ အပြင် သမိုင်းနဲ့ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ် နေရာတွေဖြစ်တဲ့ နွေရာသီနန်းတော်၊ Tiananmen square ပေကျင်းအိုလံပစ်ပြိုင်ပွဲ ကျင်းပခဲ့တဲ့ အိုလံပစ်ပန်းခြံတို့ကို လည်း လေ့လာခွင့်ရခဲ့ပါတယ်။ လေ့လာရေးခရီးကို အစကနေ အဆုံး ကုန်ကျစရိတ်အများကြီး အကုန်အကျခံပြီးတော့ စီစဉ်ဆောင်ရွက်ပေးတဲ့ နိုင်ငံတော် အကြီးအကဲနဲ့ တာဝန်ရှိတဲ့ ပုဂ္ဂိုလ်အားလုံးကို ကျေးဇူးအထူး တင်ရှိပါတယ်။ ခရီးအစကနေ အဆုံးထိ ကြီးကြပ်ပေးတဲ့ ကြီးကြပ် ဆရာတွေကိုလည်း အထူးပဲ ကျေးဇူးတင်ရှိပါတယ် ခင်ဗျာ။ ကျွန်တော်ကတော့ အနာဂတ်မှာ နိုင်ငံကအားကိုးရတဲ့ သမားတော်ကောင်း တစ်ယောက်ဖြစ်အောင် ကြိုးစားသွားပါမယ် ခင်ဗျာ။ ဒီခရီးစဉ်က တရုတ်နိုင်ငံရဲ့ အထင်ကရ နေရာများစွာကို လေ့လာခွင့်ရခဲ့တဲ့အတွက်ကြောင့် မလို့ ဒေသန္တရဗဟုသုတများစွာ ရရှိခဲ့ပါတယ်။ တရုတ်နိုင်ငံက အားလုံးသိကြတဲ့အတိုင်း ဘက်စုံ၊ ကဏ္ဍစုံမှာ ဖွံ့ဖြိုးတိုးတက်နေတဲ့ အရာတွေ လေ့လာခွင့်ရခဲ့တယ်။ သူတို့ ဒီလိုဖွံ့ဖြိုးတိုးတက်အောင် ဘယ်လိုမျိုး ကြိုးစားခဲ့တယ် ဆိုတာ ကျွန်တော်တို့ အတုယူပြီး တော့ ကျွန်တော်တို့နိုင်ငံအနာဂတ် ကို ပိုကောင်းအောင်တည်ဆောက် သွားမယ်လို့ ခံယူချက်တွေရရှိ ခဲ့ပါတယ်။

**မမြသန္တာခင်**
**နှစ်ထပ်ကွမ်းလူရည်ချွန်**



တရုတ်နိုင်ငံရဲ့ ပေကျင်းမြို့နဲ့ ကွမ်ကျိုးမြို့ကို သွားရောက် လေ့လာခဲ့ပါတယ်။ ပေကျင်းမြို့မှာ ဆိုရင် အထင်ကရနေရာတွေ ဖြစ်တဲ့ Tiananmen square ၊ မဟာတံတိုင်း၊ ဂရိတ်ဝေါနဲ့ အိုလံပစ် ပန်းခြံတို့ကို လေ့လာခဲ့ပါတယ်။ ကွမ်ကျိုးမြို့မှာဆိုရင် Ginan တက္ကသိုလ်ကို လေ့လာခဲ့ပြီးတော့ ညပိုင်းဆိုရင် ပုလဲမြစ်မှာ အပျော်သင်္ဘောစီးခဲ့ပါတယ်။ တရုတ်နိုင်ငံရဲ့ လူနေမှုစနစ်ကို သိခဲ့ပါတယ်။ တရုတ်နိုင်ငံရဲ့ ယဉ်ကျေးမှုတွေ၊ ရှေးခေတ် သမိုင်းကြောင်းတွေ၊ စားသောက်ဖွယ်ရာတွေ၊ စည်းကမ်းရှိပုံတွေ၊ စက်မှုဖွံ့ဖြိုးတိုးတက်တဲ့ပုံတွေကို လေ့လာခဲ့ပါတယ်ရှင်။ ကျွန်မအပါအဝင် ကျွန်မတို့လို ထူးချွန် ကျောင်းသားတွေကို တရုတ်နိုင်ငံကို လေ့လာခွင့်ရအောင် အခွင့်အရေးပေးခဲ့တဲ့ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နဲ့ တာဝန်ရှိသူ အကြီးအကဲအားလုံးကို အထူးကျေးဇူးတင်ရှိပါတယ်။

**သတင်းစဉ်**




**မျိုးဆက်သစ်ထူးချွန်လူငယ်မောင်မယ်များနှင့် စစ်သည်များပါဝင်သော လေ့လာရေးအဖွဲ့ ပေကျင်းကျည်ဆန်ရထားဘူတာရုံရှေ့၌ စုပေါင်းဓာတ်ပုံရိုက်စဉ်။**

---

*စာမျက်နှာ ၈ မှ*

ထို့နောက် မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ်က ကျောင်းသားလူငယ်များသည် နောင်တစ်ချိန်တွင် နိုင်ငံ့တာဝန်များ ပခုံးပြောင်းထမ်းဆောင်နိုင်ရေးအတွက် အရည်အချင်းပြည့်ဝအောင် ကြိုးစားဆောင်ရွက်ရေးနှင့် စာပေဖတ်ရှုလေ့လာရေးတို့ကို တိုက်တွန်းပြောကြားပြီး ကျောင်းစာကြည့်တိုက်အတွက် သုတ၊ ရသစာအုပ်စာစောင်များ လှူဒါန်းပေးအပ်သည်။

ဆက်လက်၍ မင်းဘူးမြို့ ပညာအလင်းရောင် ကိုယ်ပိုင်အထက်တန်းကျောင်းမှ ဒုတိယတန်း ကျောင်းသားမောင်ဘုန်းလက်ျာက ရုပ်သေးအကဖြင့်လည်းကောင်း၊ စေတုတ္တရာမြို့ အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသူများက **"လှမ်းခဲ့ပါအဆွေ ဖန်ခါးမြေ"** သီချင်းဖြင့်လည်းကောင်း ဖျော်ဖြေ၍ စာရေးဆရာ သန်းထွန်း(စကု)က **"ကမ္ဘာမြေပတ်ဖို့ စာတွေဖတ်စို့"** ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးသည်။

**ဖျော်ဖြေတင်ဆက်**

ထို့နောက် မင်းဘူးမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသူများက **"ဗိုလ်ရှုသဘင်"** သီချင်းဖြင့်လည်းကောင်း၊ **"ပညာဘဏ်တိုက် စာကြည့်တိုက်သို့ သွားကြစို့"** သီချင်းဖြင့်လည်းကောင်း၊ **"ဇာတိမာန်"** သီချင်းဖြင့်လည်းကောင်း ဖျော်ဖြေတင်ဆက်ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက စာရေးဆရာသန်းထွန်း(စကု)အား အမှတ်တရလက်ဆောင် ပေးအပ်ပြီး အကအဖွဲ့များအား ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က ဂုဏ်ပြုငွေများ ပေးအပ်ချီးမြှင့်သည်။

**ဒေသဖွံ့ဖြိုးရေးကိစ္စများဆွေးနွေး**

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့သည် မင်းဘူးမြို့ သာသနာ့ဗိမာန်တော်သို့ သွားရောက်၍ ဆရာတော်သံဃာတော်များအား ဖူးမြော်ကြည်ညိုကာ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး မင်းဘူးမြို့ရှိ မြို့မိ၊ မြို့ဖများနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးကိစ္စများ ဆွေးနွေးခဲ့သည်။

နံနက်ပိုင်းကလည်း ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့သည် ပြည်သူ့ဆေးရုံကြီး(မကွေး)သို့ သွားရောက်၍ ဆေးရုံဝင်းအတွင်း ဌာနဆိုင်ရာအဖွဲ့အစည်းများ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှု၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံနှင့် ဂျပန်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုအထိမ်းအမှတ်အဖြစ် အဆင့်မြှင့်တင်ထားသော သားဖွားမီးယပ်နှင့် မွေးကင်းစကလေးသုံးထပ် ကုသဆောင်သစ်နှင့် စကုမြို့တွင် တည်ဆောက်ပြီးစီးသည့် စာကြည့်တိုက်အဆောက်အအုံသစ်တို့ကို ကြည့်ရှုခဲ့ကြသည်။

**သတင်းစဉ်**

## တာချီလိတ်မြို့၌ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ကျင်းပ

**တာချီလိတ် ဩဂုတ် ၃၁**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့၌ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကို ဩဂုတ် ၃၀ ရက်က အခြေခံပညာအထက်တန်းကျောင်း (တာချီလိတ်)၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

ဦးစွာ ရှမ်းပြည်နယ် စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး ကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ပြည်နယ်လူမှုရေးရာဝန်ကြီး ဦးမင်းမင်းလွင်၊ စစ်ဗျူဟာ(အခြေချ)တာချီလိတ်မှ ယာယီဗျူဟာမှူး ဒုတိယဗိုလ်မှူးကြီး သန့်လှိုင်ဝင်း၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးမင်းကိုနှင့် မြို့မိမြို့ဖ ဦးဇော်မြင့်တို့က စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် ပြည်နယ်လူမှုရေးရာဝန်ကြီးက အမှာစကားပြောကြားကာ ကျောင်းစာကြည့်တိုက်များအတွက် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းသည်။ ယင်းနောက် အထက်တန်းအဆင့် ကျပန်းစကားပြောပြိုင်ပွဲကျင်းပရာ ဆုရရှိသူများကို ပြည်နယ်လူမှုရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ပြီး ပွဲတော်အတွင်း ကျောင်းသား ကျောင်းသူများ၏ ကာယဉာဏ စွမ်းရည်ပြိုင်ပွဲများ၊ စာအုပ်စာစောင်နှင့် ဓာတ်ပုံပြပွဲများ ခင်းကျင်းပြသထားရှိမှု၊ စတုဒိသာကျွေးမွေးနေမှုတို့ကို လှည့်လည် ကြည့်ရှုအားပေးသည်။

**ခရိုင် (ပြန်/ဆက်)**

# ပဲခူးတိုင်းဒေသကြီး စားသုံးမှုဖူလုံစေရေး စီးပွားဖြစ်တိုင်းရင်းကြက် အလေးထားမွေးမြူပေး

**ဇီဝလုံခြုံရေး အလေးပေးထားသည့် ခြံအတွင်းရှိ လျှပ်စစ်မီးထိန်ထိန်အောက်တွင် ရက်သားသာရှိသေးသော တိုင်းရင်းကြက်ပေါက်ကလေးများက အပြည့်။ ဥဖောက်စက်ဖြင့် ရှင်သန်လာသော ကြက်ပေါက်ကလေးများကို အပူဓာတ်ပေးပြီး ကောင်းစွာရှင်သန်နိုင်ပါက လျှပ်စစ်မီးရောင်အောက်မှ သဘာဝအလင်းရောင်ရရှိသည့် ကြက်ခြံများအတွင်း ကူးပြောင်းမွေးမြူရမည်ဖြစ်သည်။**

မြတ်သူ

တိုင်းရင်းကြက်မွေးမြူရေးသည် စနစ်တကျ ဆောင်ရွက်ပါက အချိန်တိုအတွင်း စီးပွားဖြစ် ဝင်ငွေရ လုပ်ငန်းဖြစ်သည့်အတွက် ညောင်လေးပင်ခရိုင် ဒိုက်ဦးမြို့နယ် အိမ်ခြေလေးဆယ်ကျေးရွာ၌ တိုင်းရင်းကြက်မွေးမြူရေးလုပ်ငန်းကို မွေးမြူရေးလုပ်ငန်းရှင် ဦးတင်ထွန်းမြင့်က အားစိုက်ဆောင်ရွက်နေခြင်းဖြစ်သည်။

"တိုင်းရင်းကြက် မွေးမြူရေးလုပ်ငန်း လုပ်ဖြစ်တာက နိုင်ငံတော်နဲ့ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အားပေးပြီး လိုအပ်တာတွေ ဖြည့်ဆည်းစီမံပေးတဲ့အတွက်ကြောင့်ပါ။ ပြီးခဲ့တဲ့နှစ်က နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေကနေ ချေးငွေအထောက်အပံ့ရခဲ့ပါတယ်။ တိုင်းရင်းကြက်မွေးမြူရေးအတွက် ဥဖောက်စက်နဲ့ မျိုးကောင်းမျိုးသန့်ကို ကိုယ်တိုင်စုစည်းမွေးမြူပါတယ်။ ဥဖောက်စက်သုံးတဲ့အခါ လျှပ်စစ်မီးပြတ်တောက်လို့ မရတဲ့အတွက် လျှပ်စစ်မီးမလာတဲ့အခါ အရန်အဖြစ် ဆိုလာစနစ်နဲ့ ကူနိုင်အောင်၊ မီးစက်ကူနိုင်အောင် ဆောင်ရွက်ထားရပါတယ်။ လျှပ်စစ်မီးလိုအပ်ချက်မရှိရင်တော့ တော်တော်သက်သာပြီး လုပ်ငန်းပိုလုပ်နိုင်မှာဖြစ်ပါတယ်။ ပိုပြီးလုပ်နိုင်ဖို့လည်း မျှော်မှန်းထားပါတယ်" ဟု ဦးတင်ထွန်းမြင့်က ဆိုသည်။

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ တိုင်းဒေသကြီးဝန်ကြီးချုပ် ကိုယ်တိုင် ဦးဆောင်ပြီး ညောင်လေးပင်ခရိုင် ဒိုက်ဦးမြို့ အပါအဝင် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခြောက်ခရိုင်မှ မြို့နယ် ၂၈ မြို့နယ်နှင့် ကျေးရွာများတွင် တိုင်းရင်းကြက်မွေးမြူရေးကို အလေးထားဆောင်ရွက်လျက်ရှိရာ ယခုအခါ တိုင်းရင်းကြက် စီးပွားဖြစ်မွေးမြူသူ ၅၀၀ ကျော်နှင့် တိုင်းရင်းကြက် ခြံပေါင်း ၈၀၀ ကျော်ရှိကြောင်း သိရသည်။

"တိုင်းရင်းကြက်လို့ခေါ်တဲ့ ဒေသကြက်က စားသုံးသူအတွက် အသားက အရသာရှိတယ်။ တိုင်းရင်းကြက်၊ ဒေသကြက်၊ ဗမာကြက်လို့ ခေါ်ကြတဲ့ ဒီကြက်သားက ဈေးကွက်မှာပေါရင် စားသုံးက အရသာရှိတဲ့ ဒီကြက်သားကိုပဲ စားကြမှာပါ။ ကျွန်မတို့ကတော့ ကိုယ့်ရပ်ရွာမှာ ဒေသကြက်ကို စီးပွားဖြစ်မွေးတဲ့သူရှိတော့ တခြားဒေသထက် ဈေးချိုချို စားရတယ် " ဟု ဒိုက်ဦးမြို့ ဒေသခံတစ်ဦးက ပြောပြသည်။

နိုင်ငံတွင်း၌သာမက ကမ္ဘာ့နိုင်ငံများအထိ အသားစားသုံးမှုတွင် ကြက်သားနှင့် ကြက်ဥစားသုံးမှု များပြားသည့်အတွက် စားသုံးသူလိုအပ်ချက်အရ ကြက်မွေးမြူရေးလုပ်ငန်းသည် ဒေသတိုင်းတွင် တည်ရှိနေသည့်လုပ်ငန်းဖြစ်သည်။



မေမြင့်မိုရ် တိုင်းရင်းကြက်မွေးမြူနေမှုအား တွေ့ရစဉ်။

ကြက်သားနှင့် ကြည်ဥစားသုံးမှု မြင့်မားသည့်အတွက် ကမ္ဘာ့အရပ်ရပ်က ကြက်မွေးမြူရေးကုမ္ပဏီများက အသားတိုးကြက်မျိုးများ၊ ဥစားကြက်မျိုးများ ထုတ်လုပ် ရောင်းချလာခဲ့ပြီး လက်ရှိမြန်မာနိုင်ငံတွင်လည်း ပြည်ပမှ ဝင်ရောက်သည့် အသားတိုးကြက်မျိုးများစွာ၊ ဥစားကြက်မျိုးများစွာ တည်ရှိနေသည်။ အသားတိုး ကြက်သားသည် တိုင်းရင်းကြက်သားထက် ဈေးနှုန်းသက်သာမှုကြောင့်သာ စားသုံးသူများပြားနေခြင်းဖြစ်ပြီး တိုင်းရင်းကြက်သား၏ အရသာကို ယှဉ်ပြိုင်နိုင်ခြင်းမရှိသေးပေ။

သို့သော် တိုင်းရင်းကြက်ကို စီးပွားဖြစ်မွေးမြူခြင်းထက် မိရိုးဖလာ တစ်နိုင်တစ်ပိုင်သာ မွေးမြူမှုက များပြားနေသည့်အတွက် စားသုံးသူများ၏ ဝယ်လိုအား လိုအပ်ချက်ကို ရာခိုင်နှုန်းပြည့် မရောင်းချနိုင်သေးပေ။

ထို့ကြောင့် ပဲခူးတိုင်းဒေသကြီးအတွင်း တိုင်းရင်းကြက် မွေးမြူရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးလာစေရေးကိုလည်း တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် အားပေးဆောင်ရွက်လျက်ရှိသည်။

"တိုင်းဒေသကြီး ဝန်ကြီးချုပ်ရဲ့ ခရီးစဉ်တွေမှာ တိုင်းရင်းကြက်မွေးမြူရေးခြံတွေအထိ အရောက်သွားကာ လုပ်ငန်းရှင်တွေနဲ့တွေ့ဆုံပြီး လိုအပ်တာတွေကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပါတယ်။ အဓိကကတော့ နိုင်ငံတော်က စားရေရိက္ခာဖူလုံရေးအတွက် ဒေသရဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးဖွံ့ဖြိုးတိုးတက်ဖို့ ညွှန်ကြားထားတယ်။ နိုင်ငံတော်ရဲ့ မူဝါဒနဲ့အညီ ကျွန်တော်တို့ တိုင်းဒေသကြီးမှာလည်း ဒေသရဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းတွေကနေ ဒေသဝမ်းစာဖူလုံမှုရရှိအောင် ကြိုးပမ်းတယ်။ တိုင်းဒေသကြီးအတွင်းမှာက အသားနဲ့ ငါးထုတ်လုပ်မှုကဏ္ဍအတွက် နွား၊ ဝက်၊ ဆိတ်၊ ဘဲ၊ ကြက်၊ ငုံး၊ ငါး စတဲ့ မွေးမြူမှု အစုံရှိပါတယ်။ တိုင်းဒေသကြီးအတွင်းမှာ စိုက်ပျိုးရေးကို အရှိန်အဟုန်နဲ့ ဆောင်ရွက်နေပါတယ်။ ဒီစိုက်ပျိုးရေးက ထွက်လာတဲ့ ဖွဲ၊ ဆန်ကျိုး၊ ဆန်ကွဲ၊ ပဲဖတ်၊ နှမ်းဖတ် စတဲ့ ကုန်ကြမ်းပစ္စည်းတွေကို တိရစ္ဆာန်အစာအဖြစ် သုံးနိုင်တယ်။ ဒါကြောင့် ကျွန်တော်တို့အနေနဲ့ စိုက်ပျိုးရေးကထွက်ရှိတဲ့ ကုန်ကြမ်းပေါ် အခြေခံပြီး မွေးမြူရေးလုပ်ငန်းတွေကို အားပေးမြှင့်တင်နေခြင်း ဖြစ်ပါတယ်။ တိုင်းရင်းကြက်မွေးမြူရေးဟာလည်း ဒေသရဲ့ စီးပွားရေးကို အချိန်တိုအတွင်း တိုးတက်စေနိုင်တဲ့ လုပ်ငန်းတစ်ခုပါ" ဟု ပဲခူးတိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးတင်ဦးက ပြောကြားသည်။

ဒေသတွင်းစားသုံးသူ ဝယ်လိုအားများသည့် တိုင်းရင်းကြက် မွေးမြူရေးလုပ်ငန်းကို လုပ်ကိုင်ခြင်းဖြင့် မွေးမြူရေးလုပ်ငန်းရှင်များသည် အကျိုးအမြတ်ရရှိနေသော်လည်း မွေးမြူရေးကို အပြည့်အဝအားထုတ်လုပ်ကိုင်နိုင်ရန် လိုအပ်မှုများ ရှိနေသေးသည့်အပြင် စီးပွားဖြစ် မွေးမြူထုတ်လုပ်မှုများ တိုးတက်လာရန်လည်း လိုအပ်နေသည်။

"ကျွန်တော့်ခြံမှာ တိုင်းရင်းကြက် မျိုးသန့် ၃၅၀၀ လောက်ကို မွေးမြူထားပြီး ဥဖောက်စက်နဲ့ တိုင်းရင်းကြက်သားပေါက် ထုတ်လုပ်ရောင်းချတာ ဆယ်နှစ်ကျော် ရှိလာပါပြီ။ တစ်နိုင်ငံလုံးကို ပို့ဆောင်ရောင်းချရပါတယ်။ တိုင်းရင်းကြက်က ဈေးနှုန်း တည်ငြိမ်တယ်။ တိုင်းရင်းကြက်ရဲ့ အသားအရသာကို စားသုံးသူက ကြိုက်တယ်။ ဈေးကွက်ဝယ်လိုအားရှိတယ်။ ဒါက အားသာချက်တွေပါ။ သားပေါက်ထုတ်လုပ်ရောင်းချတာအပြင် အနီးအနားက ကျေးရွာတွေက တောင်သူတွေ၊ မွေးချင်တဲ့သူတွေကို ကျွန်တော်က တိုင်းရင်းကြက် တစ်ပိုင်တစ်နိုင် မွေးမြူဖို့ အကောင် ၅၀၊ ၁၀၀ ပေးပါတယ်။ ပြီးရင် ကြက်ဥကို တန်ဖိုးတစ်ခုနဲ့ သူတို့ဆီက ပြန်ကောက်ယူပြီး ကြက်သားပေါက် ဖောက်ပါတယ်။ အဲဒီလိုမျိုး ကြက်ဥပြန်ပေးတဲ့ စပ်တူလုပ်တဲ့သူက အရင်က ဦးရေ ၉၀ ရှိရာကနေ အစာစရိတ်အခက်အခဲ၊ တခြားမိသားစု အခက်အခဲ အမျိုးမျိုးကြောင့် အခုက ၂၀ လောက်ပဲ ကျန်တော့တယ်။ ဒီတော့ ကြက်သားပေါက် ထုတ်လုပ်မှုက လျော့ကျသွားတဲ့ အနေအထားမှာ ရှိပါတယ်" ဟု နတ်တလင်းခရိုင် ပေါင်းတည်မြို့နယ် မင်းသားကြီး တိုင်းရင်းကြက်မွေးမြူရေးနှင့် ကြက်သားဖောက် ဖြန့်ချိရေးလုပ်ငန်းမှ ဦးညွန့်ဝင်းက ပြောပြသည်။

ကြက်မွေးမြူရာတွင် လွတ်ကျောင်းမွေးမြူသည့်စနစ်၊ ကြမ်းခင်းဖြင့် မွေးမြူသည့်စနစ်နှင့် အခန်းလိုက် မွေးမြူသည့်စနစ်တို့ဖြင့် မွေးမြူလေ့ရှိသည်။ တိုင်းရင်းကြက်များ မွေးမြူရာတွင် ဆန်ကွဲ၊ ဖွဲ (ဆန်)၊ ဖွဲ (ပြောင်း)၊ ငါးမှုန့် အစရှိသည်တို့ကို အများစု ကျွေးမွေးလေ့ရှိသော်လည်း အသားဖွံ့ဖြိုးရန်အတွက် ပရိုတင်းဓာတ်အပြည့်အဝပါဝင်သည့် နိုင်ငံခြားမှ တင်သွင်းသည့်အစာကိုလည်း ထည့်သွင်းကျွေးမွေးကြသည်။

"ဒေသကြက်အကောင်ရေ ၆၀၀ မွေးမြူထားပါတယ်။ မျိုးအနေနဲ့ မျိုးဥဖောက်ရောင်းတဲ့ ဒေသကြက်မျိုး ရောင်းချတဲ့လုပ်ငန်းကနေ ဝယ်ယူမွေးမြူတာဖြစ်ပါတယ်။ မွေးမြူတဲ့လုပ်ငန်းကနေ စားသုံးသူလက်ထဲ ကိုယ်တိုင်ထုတ်လုပ်ရောင်းချတဲ့ အဆင့်အထိ လုပ်ပါတယ်။ ကျွန်တော်က ကိုယ်တိုင် မွေးမြူပြီး ထုတ်လုပ်ရောင်းချတဲ့အဆင့်အထိ သွားတာဖြစ်တဲ့အတွက် မွေးမြူတဲ့သူနဲ့ စားသုံးသူ တိုက်ရိုက်ထိတွေ့ခွင့်ရတယ်။ ကြားထဲက အဝယ်ပွဲစား၊ အဝယ်ဒိုင်၊ လက်လီရောင်းချသူ အစရှိတဲ့ အဆင့်တွေကို ကျော်လွန်သွားနိုင်တယ်၊ စားသုံးသူဆီ ပိုမိုသက်သာတဲ့ ဈေးနှုန်းတစ်ခုနဲ့ ပေးနိုင်ပါတယ်" ဟု ညောင်လေးပင်ခရိုင် ဒိုက်ဦးမြို့နယ် အောင်ဘာလေကျေးရွာ မေမြင့်မိုရ်တိုင်းရင်းကြက်မွေးမြူရေးလုပ်ငန်းမှ ဦးစန်းဌေးအောင်က ပြောပြသည်။

တိုင်းရင်းကြက်မွေးမြူရေးအပါအဝင် ကြက်မွေးမြူရေးလုပ်ငန်းတိုင်းတွင် ကြက်လည်လိမ်ရောဂါ၊ ကြက်ဝမ်းကျရောဂါ စသည့် ကူးစက်မြန်ရောဂါများကြောင့် ကြက်တစ်အုပ်လုံး ဆုံးရှုံးနိုင်သည့် စိန်ခေါ်မှုများရှိနေသည်။

"မွေးမြူရေးလုပ်ငန်းကို ထိခိုက်စေနိုင်တဲ့ အချက်တွေကို ကျွန်တော်တို့ဌာနအနေနဲ့ အမြဲအသိပညာပေး ဆောင်ရွက်တယ်။ ကျွန်တော်တို့အနေနဲ့ တိုင်းဒေသကြီးအတွင်းက မွေးမြူရေးလုပ်ငန်းထွက်ကုန်တွေဟာ ဒေသရဲ့ အသားစားသုံးမှုဖူလုံရေးကို အထောက်အကူပြုနိုင်စေဖို့၊ မွေးမြူသူတွေ အကျိုးအမြတ်ရစေဖို့ အစဉ်တစိုက် ပူးပေါင်းဆောင်ရွက်နေပါတယ်" ဟု ပဲခူးတိုင်းဒေသကြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါက်တာဝင်းဗိုလ်က ပြောကြားသည်။

○ **တိုင်းဒေသကြီးအတွင်းမှာက အသားနဲ့ ငါးထုတ်လုပ်မှုကဏ္ဍအတွက် နွား၊ ဝက်၊ ဆိတ်၊ ဘဲ၊ ကြက်၊ ငုံး၊ ငါး စတဲ့ မွေးမြူမှုအစုံရှိပါတယ်။ တိုင်းဒေသကြီးအတွင်းမှာ စိုက်ပျိုးရေးကို အရှိန်အဟုန်နဲ့ ဆောင်ရွက်နေပါတယ်။ ဒီစိုက်ပျိုးရေးက ထွက်လာတဲ့ ဖွဲ၊ ဆန်ကျိုး၊ ဆန်ကွဲ၊ ပဲဖတ်၊ နှမ်းဖတ် စတဲ့ ကုန်ကြမ်းပစ္စည်းတွေကို တိရစ္ဆာန်အစာအဖြစ်သုံးနိုင်တယ်။ ဒါကြောင့် ကျွန်တော်တို့အနေနဲ့ စိုက်ပျိုးရေးကထွက်ရှိတဲ့ ကုန်ကြမ်းပေါ်အခြေခံပြီး မွေးမြူရေးလုပ်ငန်းတွေကို အားပေးမြှင့်တင်နေခြင်းဖြစ်**

○ **ဒေသတွင်းစားသုံးသူ ဝယ်လိုအားများသည့် တိုင်းရင်းကြက် မွေးမြူရေးလုပ်ငန်းကို လုပ်ကိုင်ခြင်းဖြင့် မွေးမြူရေးလုပ်ငန်းရှင်များသည် အကျိုးအမြတ်ရရှိနေသော်လည်း မွေးမြူရေးကို အပြည့်အဝအားထုတ်လုပ်ကိုင်နိုင်ရန် လိုအပ်မှုများရှိနေသေးသည့်အပြင် စီးပွားဖြစ်မွေးမြူထုတ်လုပ်မှုများ တိုးတက်လာရန်လည်း လိုအပ်**

*စာမျက်နှာ ၁၁ သို့*

# ပြည်သူ့စစ်မှုထမ်းဆိုင်ရာ သိကောင်းစရာများ

## ကင်းလွတ်ခွင့်

ပြည်သူ့စစ်မှုထမ်းဥပဒေ ပုဒ်မ – ၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည် –

(က) သာသနာ့ဝန်ထမ်းများ။
(ခ) အိမ်ထောင်သည်အမျိုးသမီးများ (အိမ်ထောင်ပျက်သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်း ပါဝင်သည်)။
(ဂ) ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။
(ဃ) တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်းမသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ။
(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

## လျှော့ပေါ့ခွင့်

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(က) လျှောက်ထားသူ၏ မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲ ဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိ လျှော့ပေါ့ပေးနိုင်သည်။
(ခ) လျှောက်ထားသူ၏ မိဘနှစ်ပါးအနက် တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါက လည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါက လည်းကောင်း၊ အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။
(ဂ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန် ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

## ရွှေ့ဆိုင်းခွင့်

ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ၊ ၁၅(က)တွင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့သည် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့မှ တင်ပြလာသော ဆင့်ခေါ်ခြင်းခံရသူများ၏ လျှောက်လွှာများကို စိစစ်ရာတွင် အောက်ပါအချက်များနှင့် အကျုံးဝင်သောပုဂ္ဂိုလ်များအား ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည်–

(က) ယာယီအားဖြင့် စစ်မှုထမ်းနိုင်မည့် ကျန်းမာရေးအဆင့်မမီကြောင်း သက်ဆိုင်ရာ တပ်မတော်ဆေးစစ်ရေးဘုတ်အဖွဲ့၏ ထောက်ခံချက်ရရှိထားသူများ။
(ခ) နိုင်ငံ့ဝန်ထမ်းများ။
(ဂ) ပညာသင်ကြားနေသူများ။
(ဃ) အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိအိုဖအိုများကို ပြုစုလုပ်ကျွေးနေသူများ။
(င) မူးယစ်ဆေးဝါးဖြတ်ရန် ဆေးကုသမှုခံယူနေသူများ။
(စ) ထောင်ဒဏ်ကျခံနေသူများ။

*စာမျက်နှာ ၁၀ မှ*

ထို့ကြောင့် မွေးမြူရေးလုပ်ငန်းရှင်များအနေဖြင့် မွေးမြူရေးခြံနှင့် ပတ်သက်သည့် မှတ်တမ်းများထားရှိခြင်း၊ ကြက်ခြံသန့်ရှင်းရေး နေ့စဉ်ဆောင်ရွက်ခြင်း၊ ကြက်နာသားများ၊ ကြက်သေများကို စားသုံးခြင်းမပြုဘဲ စနစ်တကျ မြှုပ်နှံဖျက်ဆီးခြင်း၊ ကြက်ခြံကို ထုံးဖြူးခြင်း၊ မွေးမြူရေးလုပ်ငန်းသုံးပိုးသတ်ဆေးဖျန်းခြင်း စသည့် မွေးမြူရေးကျင့်စဉ်ကောင်းများကို ဆောင်ရွက်သွားနိုင်ရန်နှင့် လိုအပ်သည့် မွေးမြူမှုနည်းပညာများရရှိစေရန် ပဲခူးတိုင်းဒေသကြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနအနေဖြင့် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

“မွေးမြူရေးခြံတွေက မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနဲ့ ဆက်သွယ်ဖို့လည်း လိုအပ်ပါတယ်။ လိုအပ်တဲ့ မွေးမြူရေးနည်းပညာပိုင်းကို ဌာနက အများကြီးအထောက်အကူပြုပါတယ်။ ဒေသကြက်ကို မွေးတဲ့အခါမှာ မွေးမြူတဲ့အချိန်ကနေ ထုတ်လုပ်တဲ့အချိန်အထိ သုံးလ၊ သုံးလကျော်ကြာတယ်။ ကိုယ်တိုင်မွေးမြူထုတ်လုပ်ပြီး စားသုံးသူ လက်ထဲကို ထည့်မယ်ဆိုရင် ကြက်အကောင် ၁၀၀၀ ကို ကျပ်သိန်း ၃၀ အမြတ်ရရှိပါတယ်။ အဲဒီလိုမှမဟုတ်ဘဲ ကြက်ခြံမှာပဲ အချိန်နဲ့ရောင်းမယ်ဆိုရင်တော့ ငွေကျပ် ၁၀ သိန်းလောက်မြတ်ပါတယ်” ဟု မွေးမြူရေးလုပ်ငန်းရှင် ဦးစန်းဌေးအောင်က ပြောသည်။

တိုင်းရင်းကြက် မွေးမြူရေးသည် ရာသီသဘာဝနှင့် ကိုက်ညီသည့်အတွက် စိုက်ပျိုးတောင်သူများ၊ တိုင်းရင်းကြက် တစ်နိုင်တစ်ပိုင် မွေးမြူသူများအနေဖြင့် တိုးချဲ့ဆောင်ရွက်သင့်သည့် အကျိုးအမြတ်ရ မွေးမြူရေးလုပ်ငန်းတစ်ခုဖြစ်သည်။

သို့သော် တိုင်းရင်းကြက်သည် အသားတိုးကြက်၊ ဥစားကြက်များနှင့် နှိုင်းယှဉ်လျှင် ကြီးထွားနှုန်းနှေးကွေးခြင်း၊ ဥနှုန်းနည်းပါးခြင်း၊ ဥအရွယ်အစားသေးငယ်ခြင်းများ ရှိနေသည်။ ထို့အတွက် တိုင်းရင်းကြက်မွေးမြူရေးမှ ထုတ်လုပ်မှုတန်ဖိုး တိုးတက်စေရန်အတွက် မွေးမြူရေးစနစ်၊ အစာကျွေးမွေးမှုစနစ်နှင့် မျိုးရိုးဗီဇ မျိုးတွင်းမျိုးစပ်ပြုပြင်ခြင်းတို့ဖြင့် တိုးတက်အောင် ဆောင်ရွက်လာကြသည်။

“တိုင်းရင်းကြက်မျိုးက ကြီးထွားနှုန်းနှေးတယ်၊ ဥနှုန်းနှေးတယ်။ ဒါက အားနည်းချက်ပါ။ ဒါပေမယ့် အသားအနေနဲ့ကျ စားသုံးသူအတွက် အရသာကောင်းတယ်။ ဒါကြောင့် တိုင်းရင်းကြက်မျိုးကို အခြေခံထားပြီးတော့ ကြီးထွားမှုရှိတဲ့ စီးပွားဖြစ်အသားထုတ်လုပ်တန်ဖိုး ရရှိအောင် ကြိုးပမ်းရပါတယ်။ မြန်မာ့ရွှေဒင်္ဂါး (RIR) မျိုးကို အခြေခံထားတဲ့ မျိုးသန့်ကြက်နဲ့ အသားတိုးနှုန်းကောင်းတဲ့ ပြည်ပမျိုးကြက်ထီးကို မေထုန်မဲ့သားစပ်နည်းနဲ့ မျိုးစပ်သားဖောက်ပြီး အသားတိုးကြက်မျိုး Super Chick Half Broiler ကြက်သားပေါက်တွေကို ထုတ်လုပ်ရောင်းချနေပါတယ်။ ကြက်သားပေါက်ကို မွေးမြူရောင်းချတာဖြစ်တဲ့အတွက် ကြက်မျိုးကောင်းမျိုးသန့်၊ အစာကျွေးမွေးမှု၊ ရောဂါဒဏ်ခံနိုင်မှု စတဲ့အချက်တွေကို အမြဲဂရုပြုရပါတယ်။ ကျွန်တော်တို့ခြံက ကြက်သားပေါက်တွေကို မြန်မာတစ်နိုင်ငံလုံး ဖြန့်ဖြူး ရောင်းချပေးလျက်ရှိပါတယ်” ဟု တောင်ငူခရိုင် တောင်ငူမြို့နယ်ရှိ ဒေင်ကြက်မွေးမြူရေးနှင့် သားပေါက်လုပ်ငန်းမှ ဦးစောအယ်ဒိုက ရှင်းပြသည်။

တိုင်းဒေသကြီးအတွင်း၌ တိုင်းရင်းမျိုးကြက် ထုတ်လုပ်ရောင်းချသည့် လုပ်ငန်းရှင် ခြောက်ဦးနှင့် ကြက်မျိုးခြံ ၁၂ ခြံရှိကြောင်း တိုင်းဒေသကြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ သိရသည်။

တိုင်းဒေသကြီးအတွင်း အသားစားသုံးမှုဖူလုံရေး အထောက်အကူပြုစေရန် ရည်ရွယ်၍ တိုင်းရင်းကြက်မွေးမြူရေးလုပ်ငန်းများ အားပေးမြှင့်တင်ရာတွင် မွေးမြူသူမှ စားသုံးသူလက်ဝယ်အထိ ထုတ်လုပ်မှု ကွင်းဆက်တစ်လျှောက်လုံး ဖွံ့ဖြိုးစေရန် တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် စီမံဆောင်ရွက်လျက်ရှိသည်။

“နိုင်ငံတော်က မွေးမြူရေးကို အားပေးတယ်။ လုပ်ငန်းရှင်တွေအနေနဲ့လည်း လုပ်ချင်ကြပါတယ်။ ကိုယ့်ရပ်ကိုယ့်ဒေသမှာ မွေးမြူပြီး ထုတ်လုပ်ရောင်းချတော့ မွေးတဲ့သူရော စားသုံးတဲ့သူပါ အဆင်ပြေတာပေါ့။ ဒါပေမယ့် လက်ရှိမှာက မွေးမြူရေးလုပ်ငန်းရှင် တော်တော်များများက တိရစ္ဆာန်အစာ၊ လုပ်ငန်းအတွက် လိုအပ်တဲ့ လျှပ်စစ်မီး အခက်အခဲရှိကြတာများတယ်။ နိုင်ငံတော်က ပေးတဲ့ လျှပ်စစ်မီးမရရင် စက်သုံးဆီနဲ့ လည်ပတ်ရတာဖြစ်တဲ့အတွက် ကုန်ကျစရိတ်ကလည်း တက်လာတယ်။ ပြီးတော့ မွေးမြူရေးလုပ်ငန်းဖြစ်တဲ့အတွက် ပတ်ဝန်းကျင်အတွက် အနံ့အသက်၊ သန့်ရှင်းမှုကို အမြဲဂရုပြုရသလို မွေးမြူရေးလုပ်ငန်းအတွက် ရောဂါကူးစက်မှုမရှိစေဖို့ ဇီဝလုံခြုံရေးကိုလည်း ဂရုပြုရပါတယ်။ နေရာအခက်အခဲရှိကြတယ်။ မွေးမြူရေးလုပ်တဲ့သူတိုင်းအတွက် လိုအပ်နေတဲ့ အချက်တွေအပေါ်မှာ နိုင်ငံတော်ရဲ့ ပံ့ပိုးကူညီမှုကို မျှော်လင့်ပါတယ်” ဟု တိုင်းရင်းကြက် မွေးမြူရေးလုပ်ငန်းရှင် ဦးစောအယ်ဒိုက အကြံပြု ပြောကြားသည်။



ဒေင်တိုင်းရင်းကြက်မွေးမြူနေမှုအား တွေ့ရစဉ်။

ပဲခူးတိုင်းဒေသကြီးအတွင်း တိုင်းရင်းကြက် မွေးမြူရေးလုပ်ငန်းများအပြင် အသားတိုးကြက်နှင့် ဥစားကြက် မွေးမြူထုတ်လုပ်ရောင်းချသည့် မွေးမြူရေးလုပ်ငန်းများစွာလည်း တည်ရှိသည်။ တိုင်းဒေသကြီးအတွင်း အသားတိုးကြက်မွေးမြူသည့် ခြံပေါင်း ၈၀၀ ကျော်၊ ဥစားကြက်မွေးမြူသည့် ခြံပေါင်း ၁၄၀ ကျော်ရှိကြောင်း မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ သိရသည်။

“ကျွန်တော့်ရဲ့ ခြံကထွက်ရှိတဲ့ ကြက်ဥတွေကို တောင်ငူမြို့အပါအဝင် ဒေသနဲ့နီးစပ်တဲ့ မြို့တွေကို ဖြန့်ဖြူးပါတယ်။ ကြက်ဥငါးသောင်းလောက် ထွက်ရှိပါတယ်။ အဓိကကတော့ ကိုယ့်ဒေသမှာ မွေးမြူထုတ်လုပ်ပြီး ဒေသကသူတွေ ဈေးနှုန်းသက်သာစွာနဲ့ စားသုံးနိုင်ဖို့ ရည်ရွယ်ပါတယ်။ လိုအပ်တဲ့ ထုတ်လုပ်မှုစရိတ် တက်လာတာရှိတဲ့အတွက် စားသုံးသူ လက်ထဲပို့တဲ့အခါ ဈေးနှုန်းက ပြောင်းလဲရပါတယ်။ မွေးမြူတဲ့အခါ ဥနှုန်းမကျစေဖို့ ပရိုတင်းပြည့်နေအောင် ပြည်ပက တင်သွင်းတဲ့ ပဲပုပ်အစာနဲ့ ဆေးတွေကိုလည်း သုံးရပါတယ်။ အခုက မွေးမြူရေးလုပ်ငန်းတွေအတွက် အစာနဲ့ လျှပ်စစ်မီး လိုအပ်ချက်က ရှိနေပါတယ်”ဟု တောင်ငူမြို့ ရွှေဝါကြက်မွေးမြူရေးလုပ်ငန်းမှ မွေးမြူရေးလုပ်ငန်းရှင် ဦးရဲဝင်းက ပြောသည်။

စင်စစ်အားဖြင့် တိုင်းရင်းကြက်မွေးမြူရေးလုပ်ငန်းသည် ကျေးလက်ဒေသ တောင်သူလယ်သမားများအတွက်ဖြစ်စေ၊ စီးပွားဖြစ်မွေးမြူဆောင်ရွက်လိုကြသည့် မွေးမြူရေးလုပ်ငန်းရှင်များအတွက်ဖြစ်စေ သင့်လျော်သည့် စီးပွားဖြစ် မွေးမြူရေးလုပ်ငန်းတစ်ခုဖြစ်သည့်အတွက် တိုင်းရင်းကြက် စီးပွားဖြစ် မွေးမြူထုတ်လုပ်မှုတန်ဖိုး ကွင်းဆက်တစ်လျှောက် ဖွံ့ဖြိုးတိုးတက်မှုရရှိရေးအတွက် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုနှင့်အညီ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဆောင်မှု၊ ဒေသခံပြည်သူများ၏ ပူးပေါင်းပါဝင်မှုဖြင့် ကြိုးပမ်းဆောင်ရွက်ကြပါစို့ဟု တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

❏ **မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊** Mobile SIM Card၊ Mobile Payment Account၊ Bank Account **များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်း အသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း ရော်ဘာပစ္စည်းစက်ရုံခွဲ(ရွှေဟသ်ာ)ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဩဂုတ် ၃၁**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓတက္ကသိုလ်သို့ သွားရောက်၍ ပါမောက္ခချုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဒေါက်တာဘဒ္ဒန္တဆေကိန္ဒအား ဖူးမြော်ကြည်ညို၍ ရန်ကုန်တိုင်းဒေသကြီးတွင် တာဝန်ထမ်းဆောင်နေသော စက်မှုဝန်ကြီးဌာန ဝန်ထမ်းများနှင့် မိသားစုများမှ လှူဒါန်းသည့် သင်္ကန်း ပရိက္ခရာများ၊ ဆေးဝါးများနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် စက်မှုဝန်ကြီးဌာနမှ Wingo Technology Myanmar Co.,Ltd. သို့ ငှားရမ်းထားသည့် လှိုင်မြို့နယ်ရှိ ရော်ဘာပစ္စည်းစက်ရုံခွဲ (ရွှေဟသ်ာ)သို့ ရောက်ရှိပြီး ဆေးဝါးများ၊ စားသောက်ကုန်ပစ္စည်းများနှင့် စိုက်ပျိုးရေးလုပ်ငန်းသုံးဆေးများ ထုပ်ပိုးမည့် ပလတ်စတစ်ဘူးခွံအမျိုးမျိုး ထုတ်လုပ်နေသည့် လုပ်ငန်းစဉ်အဆင့်ဆင့်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် စက်ရုံအစည်းအဝေးခန်းမ၌ အမှတ်(၂) အကြီးစားစက်မှုလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး၊ စက်ရုံတာဝန်ခံနှင့် စက်ရုံငှားရမ်းကုမ္ပဏီမှ လုပ်ငန်းရှင်များကိုတွေ့ဆုံ၍ လုပ်ငန်းများ တိုးတက်အောင် ဆောင်ရွက်နိုင်ရန်နှင့် လုပ်ငန်းများဆောင်ရွက်နေစဉ် ကြုံတွေ့ရသည့် အခက်အခဲများရှိပါက ကူညီဖြေရှင်း ဆောင်ရွက်ပေးနိုင်ရေးအတွက် လာရောက်ခြင်းဖြစ်ကြောင်း၊ စက်ရုံ၌ တပ်ဆင်ထားရှိသည့် စက်ပစ္စည်းများ၏ စက်စွမ်းအားပြည့် လည်ပတ်ထုတ်လုပ်နိုင်ရေး ကြိုးစားဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထုတ်လုပ်မှုယန္တရားရှိမှသာ ဈေးကွက်ရှိပြီး ပြည်သူများ လွယ်ကူစွာ ဝယ်ယူသုံးစွဲနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ထုတ်လုပ်မှုလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်နိုင်ရေး စီမံဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်ခြင်းဖြင့် ပြည်ပမှ တင်သွင်းရမှု လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ ထုတ်လုပ်ရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်ချက်များရှိပါက



ပွင့်ပွင့်လင်းလင်း တင်ပြပေးစေလိုကြောင်း၊ စွန့်ပစ်ပလတ်စတစ်ပစ္စည်းများကို ပြန်လည်အသုံးပြုပြီး လူသုံးကုန်ပစ္စည်းများ ထုတ်လုပ်နိုင်ရေး ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ လုပ်ငန်းများကို ဆန်းသစ်တီထွင်၍ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စက်ရုံငှားရမ်း ကုမ္ပဏီအနေဖြင့် ဝန်ထမ်းများ၏ လူမှုတာဝန်သိ လုပ်ငန်းများ (CSR) ကို ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း မှာကြားပြီး ဝန်ထမ်းများနှင့် လုပ်ငန်းရှင်များ၏ တင်ပြချက်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# တိရစ္ဆာန် ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်များဖွံ့ဖြိုးရေး အားပေးမြှင့်တင်

**နေပြည်တော် ဩဂုတ် ၃၁**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ အောင်ကြီးသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်ရှိ တိရစ္ဆာန်ဆေးကုသိပ္ပံ ဒီပလိုမာသင်တန်းကျောင်း၏ သင်ကြားသင်ယူရေး လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး သင်တန်းသား သင်တန်းသူများနှင့် တွေ့ဆုံသည်။



တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက သင်တန်းများတွင် တိရစ္ဆာန်ရောဂါ ကာကွယ်ကုသရေးဆိုင်ရာ အတတ်ပညာကို ကျွမ်းဝင်နားလည်သည့် ပညာရှင်ဝန်ထမ်းများအဖြစ် လေ့ကျင့်မွေးထုတ်ပေးပြီး စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကျေးလက်ဒေသများ၏ လူမှုစီးပွားဘဝ မြှင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာ၌ မွေးမြူရေးကဏ္ဍဖြင့် ထိထိရောက်ရောက် ဆောင်ရွက်ပေးနိုင်ရန် လေ့ကျင့်ပျိုးထောင်ပေးခြင်းဖြစ်ပါကြောင်း၊ ဒေသအသီးသီးမှ လာရောက် သင်ယူလေ့လာကြသော သင်တန်းသား သင်တန်းသူများအနေဖြင့် စွမ်းဆောင်ရည်ပြည့်ဝသော လူ့စွမ်းအားအရင်းအမြစ်များအဖြစ် မွေးမြူရေးကဏ္ဍအတွက် ခေါင်းဆောင်ကောင်းများ ဖြစ်လာစေရေး ကြိုးပမ်းအားထုတ်ကြစေ လိုကြောင်း ဆွေးနွေးမှာကြားပြီး **(အပေါ်ပုံ)** သင်တန်းသား သင်တန်းသူများအတွက် အာဟာရဖြည့်စွက်စာနှင့် ကြက်ဥများကို ပေးအပ်သည်။

ဆက်လက်၍ အစည်းအဝေးခန်းမတွင် ကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများကို တွေ့ဆုံ၍ ဒုတိယဝန်ကြီးက သင်တန်းသင်ရိုးညွှန်းတမ်းများ ခေတ်ကာလနှင့်အညီ ဖြစ်စေရေး၊ နည်းပညာသင်ကြားမှုနှင့်အတူ စဉ်ဆက်မပြတ်လေ့လာမှု အလေ့အကျင့်နှင့် ကျွမ်းကျင်မှုအရည်အသွေး မြှင့်တင်နိုင်ရေးကို ထည့်သွင်းစဉ်းစားဆောင်ရွက်ပေးရန် လိုအပ်ချက်များ၊ ဆရာ ဆရာမများ ကိုယ်တိုင် သင်ကြားရင်း လေ့လာ၊ လေ့လာရင်း သင်ကြားခြင်းဖြင့် တိရစ္ဆာန်ကျန်းမာရေး စောင့်ရှောက်မှုဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်များ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေး ကြိုးပမ်းပေးကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် ကြည့်မြင်တိုင်မြို့နယ် ရွှေဇင်ယော်ဟိန်း ငါးတင် ငါးချဆိပ်ကမ်းတွင် ဖမ်းဆီးရမိသော ငါးပုစွန်များ တင်ပို့ရောင်းချနေမှုကို ကြည့်ရှုစစ်ဆေးပြီး ရေလုပ်ငန်းကဏ္ဍ ရေရှည်ဖွံ့ဖြိုးတိုးတက်စေရေး၊ စားသုံးသူ ဘေးကင်းလုံခြုံရေး၊ ပြည်ပတင်ပို့ရာတွင် လိုက်နာရမည့် စံချိန်စံညွှန်းများကို တိကျစွာ လိုက်နာ ဆောင်ရွက်ရေးနှင့် သဘာဝပတ်ဝန်းကျင် ထိခိုက်မှု မရှိစေရေးအတွက် သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်ကြရန် တာဝန်ရှိသူများအား ဆွေးနွေးမှာကြားသည်။

ရန်ကုန်တိုင်းဒေသကြီးတွင် ငါးတင် ငါးချဆိပ်ကမ်း ၁၁ ခုရှိပြီး ရွှေဇင်ငါးချ ဆိပ်ကမ်းသည် EU တင်ပို့ခွင့်ရ အသိအမှတ်ပြုခံရသည့် နိုင်ငံတကာအဆင့်မီ ငါးတင်ငါးချဆိပ်ကမ်း တစ်ခုဖြစ်၍ ရွှေဇင်ယော်ဟိန်း ငါးတင် ငါးချဆိပ်ကမ်းတွင် အခြေပြု လုပ်ကိုင်နေသော ငါးဖမ်းသင်္ဘော ၂၂၇ စင်း၊ ငါးသယ်ရေယာဉ် ၂၁စင်း စုစုပေါင်း ၂၄၈ စင်းရှိကာ ၎င်းဆိပ်ကမ်းတွင် ငါးသယ်ရေယာဉ်များ သယ်ယူလာသော ငါးပုစွန်များကို ငါးချဆိပ်ကမ်းတွင် ပုစွန်အမျိုးအစား၊ အရွယ်အစား၊ ငါးအမျိုးအစား၊ အရွယ်အစားအလိုက် လေလံစနစ်ဖြင့် အအေးခန်းစက်ရုံများ၊ တင်ပို့ ရောင်းချသူများအား ရောင်းချလျက်ရှိပြီး ဩဂုတ် ၃၁ ရက်တွင် တိုက်ငါးပုစွန်နှင့် ပုစွန်အမျိုးအစား၊ အရွယ်အစားအလိုက် စုစုပေါင်းကီလို ၂၃၁၂၀၊ ငါးအမျိုးအစား အရွယ်အစားအလိုက် စုစုပေါင်း ပိဿာ၄၈၅၀၀၊ တစ်လလျှင် ပျမ်းမျှ ငါးပုစွန် စုစုပေါင်း တန်ချိန် ၃၁၁၄ ဒသမ ၁၁ တန် တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

## ရွှေဘိုမြို့၌ (၂၅) ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲနှင့်ဆုချီးမြှင့်ပွဲကျင်းပ

**ရွှေဘို ဩဂုတ် ၃၁**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့ ရန်ကြီးအောင်ခန်းမ၌ (၂၅) ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ(ခရိုင်အဆင့်) ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၂၈ ရက်က ကျင်းပသည်။

ဖွင့်ပွဲတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ခေတ္တဥက္ကဋ္ဌ၊ အဖွဲ့ဝင် ခရိုင်လဝကဦးစီးမှူး ဦးအောင်မြင့်၊ နိုင်ငံတော်ရွှေတံဆိပ်ဆုရှင်၊ ဇေယျာလူမှုထူးချွန်ဒုတိယအဆင့် (ဂီတပညာရှင်) ဦးအောင်ငွေတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် ပြိုင်ပွဲကို ဆက်လက်ကျင်းပပြီး ညနေပိုင်းတွင် ဆုပေးအပ် ချီးမြှင့်ပွဲကို ကျင်းပရာ ခေတ်ဟောင်းကာလ ပေါ်တေးသီချင်း၊ အမျိုးဂုဏ်ဇာတိဂုဏ် မြှင့်တင်ရေး သီချင်း၊ အတီးပြိုင်ပွဲ၊ ဆိုင်း၊ တယော၊ ပတ္တလား၊ စန္ဒရား၊ မင်းသမီးအကတို့တွင် ပထမ၊ ဒုတိယ၊ တတိယ၊ အထူးဆုရ ပြိုင်ပွဲဝင်များကို ဆုများ ချီးမြှင့်ပေးပြီး ပြိုင်ပွဲအတွက် ထောက်ပံ့အလှူငွေ ပေးအပ်သည့် ခရိုင်လမ်းဦးစီးအား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဩဂုတ် ၃၁**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်း ရွာမည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီးတွင် မိုးပိုလာနိုင်သည်။

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ဟိုင်းကြီးကျွန်းမြို့တွင် ၅ ဒသမ ၀၈ လက်မ၊ ထားဝယ်မြို့တွင် ၄ ဒသမ ၀၉ လက်မ၊ ဘားအံမြို့တွင် ၃ ဒသမ ၅၀ လက်မ၊ ရေးမြို့တွင် ၃ ဒသမ ၀၈ လက်မ၊ မြစ်ကြီးနားမြို့တွင် ၂ ဒသမ ၆၈ လက်မ၊ သထုံမြို့တွင် ၂ ဒသမ ၂၀ လက်မ၊ ပေါင်မြို့တွင် ၂ ဒသမ ၁၇ လက်မ၊ ဘိုးကလေးမြို့တွင် ၂ ဒသမ ၀၀ လက်မနှင့် ချောင်းဆုံမြို့တွင် ၁ ဒသမ ၉၇ လက်မတို့ ဖြစ်ကြသည်။

**မိုး/ဇလ**

◆ *ကျော်ဖုံးမှ*

သို့ဖြစ်ပါ၍ တာချီလိတ်မြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။ **မိုး/ဇလ**

## ဘားအံမြို့၌ ခရိုင်အဆင့် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကော်မတီနှင့် အမျိုးသမီးကော်မတီအစည်းအဝေးကျင်းပ

**ဘားအံ ဩဂုတ် ၃၁**

ကရင်ပြည်နယ် ဘားအံမြို့၌ ခရိုင်အဆင့် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာကော်မတီနှင့် အမျိုးသမီးကော်မတီအစည်းအဝေးကို ယမန်နေ့မွန်းလွဲပိုင်းက ဘားအံခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ ကျင်းပသည်။

ဦးစွာ ဘားအံခရိုင် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကော်မတီနှင့် အမျိုးသမီးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်လွင်က ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကော်မတီအနေဖြင့် ဘားအံခရိုင်အတွင်းရှိ ကလေးသူငယ်များ၏ အခွင့်အရေးများကို သက်ဆိုင်ရာဌာနများက ဆောင်ရွက်ပေးကြရမည်ဖြစ်ပြီး ကလေးများ၏ လိုအပ်ချက်များကို ရှာဖွေဖော်ထုတ်ပြီးဆောင်ရွက်ရန်နှင့် ကလေးများကို ကာကွယ်မှု အပြည့်အဝပေးနိုင်ရေး အကောင်အထည်ဖော် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ခရိုင်ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကော်မတီနှင့် အမျိုးသမီးကော်မတီ အတွင်းရေးမှူးက လုပ်ငန်းဆိုင်ရာများနှင့် တာဝန်ရှိသူများက ဌာနအလိုက် ဆောင်ရွက်နေမှုများကို ဆွေးနွေးတင်ပြခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

# ဟားရစ်နှင့် ထရမ့်တို့ စည်းရုံးမှုအပြိုင်အဆိုင်ကြိုးပမ်းနေကြ



**ဝါရှင်တန်  ဩဂုတ်  ၃၁**
အမေရိကန်ဒုတိယသမ္မတ ကာမလာဟားရစ်နှင့် သမ္မတဟောင်းဒေါ်နယ်ထရမ့်တို့သည် ထောက်ခံမှုများရရှိရန် အပြိုင်အဆိုင်ကြိုးပမ်းနေကြသည်။

ၚင်းတို့သည် နိုဝင်ဘာလတွင်ပြုလုပ်မည့် ရွေးကောက်ပွဲတွင်သာ အနိုင်ရရှိခဲ့ပါက ၎င်းတို့ပါတီဝင်များမဟုတ်ဘဲ အပြင်လူများကို ဝန်ထမ်းအဖြစ် ခန့်အပ်မည်ဟု အပြိုင်အဆိုင်စည်းရုံးနေကြသည်။ ကာမလာဟားရစ်သည် ဒီမိုကရက်တစ်ပါတီ၏ သမ္မတလောင်းအဖြစ် ရွေးချယ်ခံရပြီးနောက် ပထမဆုံးအကြိမ်အဖြစ် ၎င်း၏ အရေးကြီးသောရုပ်သံအင်တာဗျူးကို ဖြေကြားခဲ့သည်။ မတူညီသည့် အတွေ့အကြုံနှင့် မတူညီသည့်ရှုထောင့်မှ စဉ်းစားတတ်သော လူများ၏အကူအညီဖြင့် ဆုံးဖြတ်ချက်ချရန် အရေးကြီးသည်ဟု ဟားရစ်က ဖြေကြားခဲ့သည်။

ရီပတ်ဘလီကင် တစ်ဦးကို ၎င်း၏အစိုးရအဖွဲ့တွင် ခန့်အပ်ခြင်းသည် အမေရိကန်လူထု၏အကျိုးအတွက်ဖြစ်ကြောင်း ဟားရစ်က ပြောသည်။ ဒေါ်နယ်ထရမ့်သည်လည်း ၎င်း၏ရီပတ်ဘလီကင်ပါတီပြင်ပမှဝန်ထမ်းများကို ထရမ့်ကခေါ်ယူနေကြောင်း အမေရိကန်မီဒီယာများတွင် ဖော်ပြသည်။ ၎င်း၏မဲဆွယ်စည်းရုံးမှုတွင် ရောဘတ်အက်ဖ် ကနေဒီဂျူနီယာနှင့် ဒီမိုကရက်တစ်ဟောင်းတစ်ဦးဖြစ်သူ တူဆီဂက်ဘာ့ကိုပါ အဖွဲ့ထဲသို့ ပေါင်းထည့်ထားကြောင်း ၎င်း၏မဲဆွယ်စည်းရုံးမှုအဖွဲ့က ပြောသည်။

ကနေဒီသည် မကြာသေးမီက တစ်သီးပုဂ္ဂလအဖြစ် သမ္မတလောင်းဝင်ရောက် ယှဉ်ပြိုင်မှုလက်လျှော့ခဲ့ပြီး ထရမ့်ကို ထောက်ခံခဲ့သူလည်း ဖြစ်သည်။ ဒေါ်နယ်ထရမ့်သာ နိုဝင်ဘာလရွေးကောက်ပွဲတွင် အနိုင်ရရှိခဲ့ပါက ထရမ့်၏ သမ္မတ အကူးအပြောင်းအဖွဲ့တွင် ၎င်းတို့နှစ်ဦးသည် ဂုဏ်ထူးဆောင်တွဲဖက်ဥက္ကဋ္ဌများအဖြစ် လုပ်ဆောင်မည်ဖြစ်သည်။

**အင်န်အိတ်ချ်ကေ**

# ၂၀၂၅ ဘဏ္ဍာနှစ်အတွက် ဂျပန်နိုင်ငံ ကာကွယ်ရေး အသုံးစရိတ် ယန်း ၈ ဒသမ ၅၄ ထရီလီယံ တောင်းဆို

**တိုကျို  ဩဂုတ်  ၃၁**
ဂျပန်နိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနက ၂၀၂၅ ဘဏ္ဍာနှစ်အတွက် စံချိန်တင် ကာကွယ်ရေးအသုံးစရိတ် ယန်း ၈ ဒသမ ၅၄ ထရီလီယံ (အမေရိကန်ဒေါ်လာ ၅၉ ဘီလီယံခန့်) ကို တောင်းဆိုလိုက်သည်။

ဂျပန်အစိုးရ၏ စစ်ရေးစွမ်းရည်ကိုမြှင့်တင်ရန် ကြိုးစားအားထုတ်မှုအဖြစ် နိုင်ငံတော်၏ ကာကွယ်ရေးအသုံးစရိတ် ယန်း ၈ ထရီလီယံကျော်ကို ဩဂုတ် ၂၉ ရက်က တောင်းဆိုခဲ့ခြင်းဖြစ်သည်။

၂၀၂၅ ဧပြီလတွင် စတင်မည့် ဘဏ္ဍာရေးကာလအတွက် ကာကွယ်ရေး အသုံးစရိတ်သည် ဂျပန်နိုင်ငံ၏ တန်ပြန်တိုက်ခိုက်မှုစွမ်းရည်ကိုမြှင့်တင်ရန် သိသိသာသာ အလေးပေးလုပ်ဆောင်နေကြောင်း ပြည်တွင်းမီဒီယာများက ဖော်ပြသည်။

ဂျပန်နိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနက တာဝေးပစ် ကာကွယ်ရေးစွမ်းရည်များ တိုးမြှင့်ရန်အတွက် တာဝေးပစ်ဒုံးကျည် အမြောက်အမြား ထုတ်လုပ်ခြင်း အပါအဝင် ယန်းငွေ ၉၇၀ ဘီလီယံကို ခွဲဝေသုံးစွဲရန် စီစဉ်ထားသည်။

ထို့ပြင် သင်္ဘောများ၊ ရေယာဉ်များနှင့် ဒုံးကျည်များကို ထောက်လှမ်းနိုင်သည့် ဂြိုဟ်တုများစွာကို ဖြန့်ကြက်ချထားရန် ရည်ရွယ်ထားသည့် ဂြိုဟ်တုစနစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ယန်း ၃၂၃ ဒသမ ၂ ဘီလီယံကို အသုံးပြုသွားမည်ဖြစ်သည်။ ကျန်ယန်းသုံးဘီလီယံကို ဂျပန်မြေပြင် ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့အတွက် အသုံးပြုသွားမည်ဖြစ်ကြောင်း ဂျပန်ကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားထားသည်။

**ဆင်ဟွာ**

# ဂါဇာ၌ ကလေးငယ်များအတွက် ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးလှုပ်ရှားမှု စတင်မည်

**ရာမာလာ  ဩဂုတ်  ၃၁**
ဂါဇာကမ်းမြောင်၌ အသက် ၁၀ နှစ်အောက် ကလေးငယ်များအတွက် ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးလှုပ်ရှားမှုကို တနင်္ဂနွေနေ့တွင် စတင်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ပါလက်စတိုင်းကျန်းမာရေးဝန်ကြီး မာဂျက်အဘူရာမဒန်က သောကြာနေ့တွင် ပြောသည်။

ယင်းလှုပ်ရှားမှု အစီအစဉ်ကို ဒေးအယ်ဘာလာ၊ ခန်းယူနစ်၊ ဂါဇာမြို့တို့နှင့် မြောက်ပိုင်းဒေသများတွင် စက်တင်ဘာ ၁ ရက်မှ ၁၂ ရက်အထိ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အဆိုပါဝန်ကြီးက ပြောသည်။ ဆေးဝါးပစ္စည်းများကို မြို့တစ်မြို့ချင်းစီအတွက် ကာကွယ်ဆေး တိုက်ကျွေးမည့် အစီအစဉ်နှင့်အညီ လွှဲပြောင်းပေးသွားမည်ဖြစ်သည်။

ပါလက်စတိုင်းဒုက္ခသည်များဆိုင်ရာ ကုလသမဂ္ဂကယ်ဆယ်ရေးနှင့် လုပ်ငန်းအေဂျင်စီ (UNRWA) က ဂါဇာရှိ ၎င်းတို့၏ ကျန်းမာရေးအစီအစဉ် ဝန်ထမ်းများသည် ကြိုတင်ပြင်ဆင်မှုများနှင့် မှတ်ပုံတင်ခြင်း၊ ကာကွယ်ဆေး တိုက်ကျွေးခြင်းလုပ်ငန်းများ လုပ်ဆောင်ရေးအတွက် လေ့ကျင့်မှုများ ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း ပြောသည်။

UNRWA ဝန်ထမ်း ၁၀၀၀ ကျော်သည် ပိုလီယိုကာကွယ်ဆေး တိုက်ကျွေးလှုပ်ရှားမှုတွင် ပါဝင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အစ္စရေးနှင့် ဟားမားစ်တို့သည် ဂါဇာကမ်းမြောင်တွင် ပိုလီယိုကာကွယ်ဆေး တိုက်ကျွေးလှုပ်ရှားမှုအတွက် တိုက်ပွဲဖြစ်ပွားမှုကို သုံးရက်ကြာရပ်နားထားရေး သဘောတူခဲ့ကြကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ကြာသပတေးနေ့တွင် ပြောသည်။

ယင်းအစီအစဉ်သည် ကလေးငယ် ၆၄၀၀၀၀ ခန့်ကို ရည်ရွယ်လုပ်ဆောင်ခြင်းဖြစ်ပြီး မွေးကင်းစမှ ၁၀ နှစ်အရွယ်အထိ ကလေးငယ်တစ်ဦးချင်းစီသည် ကာကွယ်ဆေးတိုက်ကျွေးမှု နှစ်ကြိမ်ခံယူသွားရမည်ဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**



# လာအိုနိုင်ငံ၌ ယခုနှစ်အတွင်း သွေးလွန်တုပ်ကွေးဖြစ်ပွားသူ ၁၃၀၀၀ ကျော်ရှိ

**ဗီယင်ကျန်း  ဩဂုတ်  ၃၁**
လာအိုနိုင်ငံ၌ ယခုနှစ်အတွင်း သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားသူဦးရေ ၁၃၁၃၉ ဦးအထိ ရှိလာခဲ့ပြီး သေဆုံးသူကိုးဦးရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ဩဂုတ် ၃၁ ရက်တွင် ထုတ်ပြန်သည်။

သွေးလွန်တုပ်ကွေးရောဂါပြန့်ပွားမှုကို ထိန်းချုပ်ရန်အတွက် လာအိုကျန်းမာရေးအာဏာပိုင်များက လူများကို ၎င်းတို့၏နေအိမ်နှင့် လုပ်ငန်းခွင်များတွင် ခြင်ပေါက်ပွားနိုင်သည့်နေရာများကို ရှင်းလင်းရန် ကျန်းမာရေးဝန်ကြီးဌာန၏ ပြန်ကြားရေးနှင့် ပညာရေးဗဟိုဌာနက ထုတ်ပြန်ထားသည်။

ယခုနှစ်အထိ ဗီယင်ကျန်းမြို့၌ သွေးလွန်တုပ်ကွေးဖြစ်ပွားသူ ၃၄၁၃ ဦးရှိပြီး အရှေ့တောင်ပိုင်း ဆီကောင်ပြည်နယ်တွင် ၃၁၀၈ ဦးနှင့် မြောက်ပိုင်းလွမ်ပရာဘန်းပြည်နယ်တွင် ၁၃၁၂ ဦးရှိသဖြင့် ခြင်ကြောင့်ဖြစ်ပွားသည့် သွေးလွန်တုပ်ကွေးဗိုင်းရပ်စ်ပိုး ကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန် ပြည်သူများအား သတိပြုနေထိုင်ကြရန် လာအိုကျန်းမာရေးဝန်ကြီးဌာနက တိုက်တွန်းထားသည်။

**ဆင်ဟွာ**



# ယူဂန္ဒာနိုင်ငံ၌ မျောက်ကျောက်ရောဂါ ဖြစ်ပွားသူ သုံးဦး ထပ်မံတွေ့ရှိ

**ကမ်ပါလာ  ဩဂုတ်  ၃၁**
ယူဂန္ဒာနိုင်ငံ၌ စနေနေ့တွင် မျောက်ကျောက်ရောဂါဖြစ်ပွားသူသုံးဦး ထပ်မံတွေ့ရှိသည့်အတွက် အတည်ပြုရောဂါကူးစက်ဖြစ်ပွားသူပေါင်း ငါးဦးအထိရှိလာကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ကြေညာခဲ့သည်။

လတ်တလောတွင် မျောက်ကျောက်ရောဂါဖြစ်ပွားသူသုံးဦးမှာ ယူဂန္ဒာနိုင်ငံ၏ မြို့တော်ကမ်ပါလာ၏ တောင်ဘက် ကီလိုမီတာ ၄၀ ခန့်အကွာ အန်တက်ဘီသီးသန့်ခွဲခြားရေးစင်တာ၌ ဆေးဝါးကုသမှုခံယူလျက်ရှိကြောင်း သိရသည်။ ယူဂန္ဒာနိုင်ငံတွင် လက်ရှိအချိန်အထိ ရောဂါ ဖြစ်ပွားသူ ငါးဦးရှိကြောင်း၊ နှစ်ဦးပြန်လည်ကောင်းမွန်လာပြီဖြစ်ပြီး ဆင့်ပွားကူးစက်မှုများမရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ ပြည်သူ့ ကျန်းမာရေးညွှန်ကြားရေးမှူး ဒန်နီရယ်က ပြောသည်။

ကျန်းမာရေးဝန်ထမ်းများသည် ယခုလအစောပိုင်းတွင် နိုင်ငံအနောက်ပိုင်း ကာဆက်ဆီခရိုင်၌ မျောက်ကျောက်ရောဂါဖြစ်ပွားသူ နှစ်ဦးကို တွေ့ရှိခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**

# ယီမင်နိုင်ငံ အေဒင်မြို့၌ ဓာတ်ဆီဆိုင် ပေါက်ကွဲမှု ဖြစ်ပွား

**အေဒင်  ဩဂုတ်  ၃၁**
ယီမင်နိုင်ငံ တောင်ပိုင်းဆိပ်ကမ်းမြို့ အေဒင်တွင် ဩဂုတ် ၃၀ ရက် ညနေပိုင်းက ပြင်းထန်သည့် ပေါက်ကွဲမှုတစ်ခု ဖြစ်ပေါ်ခဲ့သည်ဟု မျက်မြင်သက်သေများက ပြောသည်။ ဓာတ်ဆီဆိုင်မှအစပြု၍ ကျယ်လောင်သည့် ပေါက်ကွဲသံကြီး ကြားရကြောင်း အေဒင်မြို့ လူနေထူထပ်သော မန်ဆောရာခရိုင်အတွင်း နေထိုင်သည့် ဒေသခံများ တုန်လှုပ်ချောက်ချားခဲ့ရကြောင်း မျက်မြင်သက်သေများ၏ပြောကြားချက်အရ သိရသည်။

ပေါက်ကွဲမှုကြီးမဖြစ်ပွားမီ ဓာတ်ဆီဆိုင်၌ မီးလောင်မှုဖြစ်ပွားသည်ကို တွေ့မြင်ရကြောင်း အခင်းဖြစ်ပွားရာနေရာမှ ပြည်သူများက ပြောသည်။ သေဆုံးသူဦးရေကို အတိအကျမသိရသေးသော်လည်း ဒဏ်ရာရရှိသူများရှိသည်ဟု ပြည်တွင်းမီဒီယာများတွင် ဖော်ပြသည်။ ဓာတ်ဆီဆိုင်နှင့် လူနေရပ်ကွက်များအနီးကပ်ဖြစ်နေခြင်းကြောင့် လူသေဆုံးမှုဖြစ်ပေါ်နိုင်သည်ကို စိုးရိမ်ကြောင်း ယီမင်လုံခြုံရေးအရာရှိတစ်ဦးက ပြောသည်။

**ဆင်ဟွာ**

# ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ (ရန်ကုန်) ကြည့်ရှုစစ်ဆေး

**ရန်ကုန် ဩဂုတ် ၃၁**

တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် ရန်ကုန်တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောဂျက်ကော့ထူးနှင့်အတူ ဩဂုတ် ၂၉ ရက်က ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ်ရှိ ပြည်ထောင်စု တိုင်းရင်းသားကျေးရွာ၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။**(ယာပုံ)**



ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်နှင့် ရှမ်း တိုင်းရင်းသားများ၏ ရိုးရာနေအိမ်များ တည်ဆောက်ရေး ပြုပြင်မှုလုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက တိုင်းရင်းသားယဉ်ကျေးမှု ရိုးရာအိမ်များကို ၎င်းတို့၏ မူလရိုးရာ အစဉ်အလာများ မပျောက်ပျက်အောင် ဂရုပြုထိန်းသိမ်းစောင့်ရှောက်ရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ အဆောက်အအုံများ ရေရှည်တည်တံ့ခိုင်မြဲမှုရှိစေရန်လည်း စဉ်ဆက်မပြတ်ပြုပြင်မွမ်းမံထိန်းသိမ်းရမည်ဖြစ်ပါကြောင်း၊ ယခုဘဏ္ဍာရေးနှစ်အတွင်း တင်ဒါခေါ်ယူဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများကို တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်ကွပ်ကဲ ဆောင်ရွက်ရန်နှင့် သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရန်နှင့် သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အရည်အသွေး ပြည့်မီအောင် ဆောင်ရွက်ကြရန် မှာကြားသည်။

ယင်းနောက် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း တင်ဒါခေါ်ယူ ဆောင်ရွက်လျက်ရှိသည့် တိုင်းရင်းသားရိုးရာအိမ်များ ပြန်လည်ပြုပြင်မွမ်းမံခြင်းလုပ်ငန်း၊ အုပ်ချုပ်မှု ရုံးအဆောက်အအုံများ ဆေးသုတ်ခြင်းလုပ်ငန်း၊ ကပွဲခန်းမ၊ ပြည်ထောင်စုခန်းမ ပြုပြင်ခြင်းလုပ်ငန်းနှင့် ရေ၊ မီးရရှိရေး စသည့်ဆောင်ရွက်ဆဲလုပ်ငန်းများ၊ သောင်တူးခြင်းလုပ်ငန်းနှင့် အရာထမ်း၊ အမှုထမ်းအိမ်ရာများ စနစ်တကျ သန့်ရှင်းသာယာလှပမှုရှိစေရေး တို့ကိုလည်းကောင်း၊ တိုင်းရင်းသားရိုးရာယဉ်ကျေးမှု အကသင်တန်းနှင့် ကီးဘုတ်တီးခတ်ခြင်း သင်တန်းဖွင့်လှစ်နေမှုများကိုလည်းကောင်း ကြည့်ရှုအားပေးခဲ့ပြီး ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ထို့နောက် ပြည်ထောင်စု ဝန်ကြီးသည် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ (ရန်ကုန်)တွင် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများနှင့် တွေ့ဆုံ၍ ပြည်ထောင်စု တိုင်းရင်းသားကျေးရွာသည် တိုင်းရင်းသားလူမျိုးများ၏ ရိုးရာယဉ်ကျေးမှု အမွေအနှစ်၊ ဓလေ့ထုံးတမ်း အစဉ်အလာများနှင့် အချို့သော သမိုင်းဝင်မှတ်တမ်းများကို တစ်နေရာတည်းတွင် စုစည်း၍ လေ့လာသိရှိမှတ်သားနိုင်စေရန် မီးမောင်းထိုးပြသဖော်ကျူးထားသည့်နေရာဖြစ်သည့်အတွက် ဝန်ထမ်းများအနေဖြင့် ယခုထက် ပိုမိုကောင်းမွန်အောင် စောင့်ကြပ်ကြည့်ရှုပြုပြင်ထိန်းသိမ်းခြင်း၊ မွမ်းမံခြင်းနှင့် လာရောက်လေ့လာကြည့်ရှုသည့် ပြည်သူလူထုများကိုလည်း စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ဖြင့် စနစ်တကျရှင်းလင်းတင်ပြတတ်ရန် လိုအပ်ပါကြောင်း၊ ပြည်ထောင်စုတိုင်းရင်းသားကျေးရွာကို ယခင်က ဒီရေတောနယ်မြေဖြစ်နေသော်လည်း ဥယျာဉ်သဖွယ် စိမ်းလန်းစိုပြည်သာယာလှပရေးအတွက် နည်းပညာများဖြင့်ဆောင်ရွက်နိုင်ရန် ယခုထက် ပိုမိုပြုပြင်ထိန်းသိမ်းရန် လိုအပ်သည့် လုပ်ငန်းများကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် တင်ပြတောင်းခံသွားရန်လိုအပ်ကြောင်း၊ ဝန်ထမ်းများသည် မိမိတို့ ရာထူးအဆင့်နှင့် လျော်ညီစွာ အရည်အသွေးပြည့်ဝပြီး စွမ်းဆောင်ရည် မြင့်မားကြရန် လိုအပ်ပါကြောင်းပြောကြားသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီးက ပြည်ထောင်စု တိုင်းရင်းသားကျေးရွာတွင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်ပေးခဲ့သည့် လုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် ဝန်ထမ်းများက လုပ်ငန်းလိုအပ်ချက်များကို အထွေထွေဆွေးနွေးတင်ပြကြရာ ညွှန်ကြားရေးမှူးချုပ်က ဖြည့်စွက်ရှင်းလင်းဆွေးနွေးပြီး ပြည်ထောင်စုဝန်ကြီးက ဝန်ထမ်းများ၏ တင်ပြချက်များနှင့် ဌာနဆိုင်ရာလုပ်ငန်း လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယမြို့တော်ဝန် ဦးမောင်မောင် စည်ပင်သာယာရေးလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဩဂုတ် ၃၁**

နေပြည်တော်စည်ပင်သာယာရေး ကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယမြို့တော်ဝန် ဦးမောင်မောင်သည် ယမန်နေ့ မွန်းလွဲပိုင်းက ပျဉ်းမနားမြို့ ငလိုက်ချောင်းတံတားသို့ သွားရောက်၍ ယာယီရေလျှံမှု ဖြစ်ပေါ်ခဲ့ခြင်းကြောင့် ချောင်းကမ်းပါးတွင် စိုက်ပျိုးထားရှိသည့် နှစ်ရှည်ပင်နှင့် အလှပန်းပင်များ၊ မြေယာရှူခင်းများ ရေနစ်မြုပ်ကာ ထိခိုက်ပျက်စီးခဲ့မှုများကို ပြန်လည်ပြုပြင် ထိန်းသိမ်းရေး ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။**(အောက်ပုံ)**

ထို့ပြင် အဝင်လမ်းအား ရိုစာခင်းရန် ပြင်ဆင်ဆောင်ရွက်နေမှု၊ တံတားအောက်နှင့် ချောင်းပတ်ဝန်းကျင်တွင် သန့်ရှင်းရေးနှင့် မြက်ချုံ ရှင်းလင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး သစ်ပင်ပန်းပင်များကို ပြန်လည်ပြုစုထိန်းသိမ်းရန်နှင့် ရေပြန်လည်ကျဆင်းပြီဖြစ်၍ ချောင်းတစ်လျှောက် သန့်ရှင်းရေးလုပ်ငန်းများ အမြန်ဆုံး ပြီးစီးအောင် ဆောင်ရွက်ရန်၊ မြက်ခင်းများ ပြန်လည် စိုက်ပျိုးနိုင်ရေး ဆက်လက် ဆောင်ရွက်ရန်နှင့် ငလိုက်ချောင်းဘေး ဝဲယာတစ်လျှောက်တွင် အမြဲသန့်ရှင်းသာယာလှပနေစေရေး သက်ဆိုင်ရာဌာနများက အလေးထား ဆောင်ရွက်ကြရန် မှာကြားသည်။

ဆက်လက်၍ ဒုတိယမြို့တော်ဝန်နှင့် တာဝန်ရှိသူများသည် ကန်တော်မင်္ဂလာရှမ်းကန်သို့ သွားရောက်၍ ရှမ်းကန်ပတ်လမ်းဝဲယာတွင် ဘဲစားမြက်စိုက်ပျိုးနေမှုနှင့် အဝင်လျှောက်လမ်းပြုပြင်နေမှု၊ အများပြည်သူသုံးသန့်စင်ခန်း ဆောက်လုပ်ပြီးစီးမှု၊ ရှမ်းကန်အတွင်းရှိ ရေတွင် အနည်အနှစ်နှင့် ဓာတုပါဝင်မှုအား လျော့ကျစေပြီး ရေသန့်စင်ပေးသည့် Multimedia Filter ရေသန့်စက် လည်ပတ်ဆောင်ရွက်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



**မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**



# ထားဝယ်မြို့၌ ကရင်ရိုးရာဝါခေါင်လ ချည်ဖြူဖွဲ့မင်္ဂလာအခမ်းအနားကျင်းပ

**ထားဝယ် ဩဂုတ် ၃၁**

တနင်္သာရီ တိုင်းဒေသကြီး ဝန်ကြီးချုပ်၏ ညွှန်ကြားမှုဖြင့် တိုင်းရင်းသားရေးရာ ဝန်ကြီးနှင့် ကရင်စာပေနှင့် ယဉ်ကျေးမှု ကော်မတီမှ ကြီးမှူးကျင်းပသော ကရင်ရိုးရာ ဝါခေါင်လချည်ဖြူဖွဲ့ မင်္ဂလာအခမ်းအနားကို ယနေ့ နံနက် ၈ နာရီက ထားဝယ်မြို့ မြို့တော်ခန်းမ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

ဦးစွာ ချမ်းသာကြီးကျောင်းတိုက်ဆရာတော် ဦးသုန္ဒရ၊ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် အောင်မျိုးထွန်း၊ တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီး ဗိုလ်မှူးကြီး မင်းမင်းလတ်၊ တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောမာတင်လူသာ၊ ကရင်တိုင်းရင်းသား ကိုယ်စားလှယ် ဖဒိုဆာပီးတုတ်နှင့် စီးပွားရေးလုပ်ငန်းရှင်အသင်းဥက္ကဋ္ဌ ဦးလှသန်းတို့က မုခ်ဦးဆိုင်းဘုတ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်ပိုက်ပိုက်အေး၊ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် အောင်မျိုးထွန်းနှင့် တာဝန်ရှိသူများက မင်္ဂလာဖားစည်ကို တီးပြီး ကရင်တိုင်းရင်းသားများက ပဒိုမှတ်ခဲ့ကြကာ ကရင်ဒုံးအကဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ် (ကိုယ်စား) လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီး ဗိုလ်မှူးကြီးမင်းမင်းလတ်က ကရင်လူမျိုးတို့၏ ဘိုးဘေး အစဉ်အဆက် ခေတ်ကာလ ရှည်လျားစွာ ယုံကြည်မြတ်နိုး တန်ဖိုးထားပြီး ဘိုးဘွားအမွေအနှစ်အဖြစ် ချည်ဖြူဖွဲ့ မင်္ဂလာ အခမ်းအနား ရိုးရာဓလေ့ပွဲတော်ကို လက်ဆင့်ကမ်း ထိန်းသိမ်းမြှင့်တင်နိုင်ကြရန်နှင့် မွန်မြတ်သန့်စင်၍ ချစ်စရာကောင်းသော ကရင်လူမျိုးတို့၏ ရိုးရာယဉ်ကျေးမှုချည်ဖြူဖွဲ့ မင်္ဂလာပွဲတော်ကို လူမျိုးမရွေး၊ ဘာသာမရွေး ပါဝင်ဆင်နွှဲနိုင်ပြီး နှစ်စဉ်ဝါခေါင်လရောက်တိုင်း မိမိတို့၏ လက်ကောက်ဝတ်များတွင် ချည်ဖြူဖွဲ့၍ မိမိတို့၏ ကိုယ်ပိုင်ယဉ်ကျေးမှု ဓလေ့ထုံးတမ်း အစဉ်အလာများကို ဆက်လက်ထိန်းသိမ်းကြရန် ပြောကြားသည်။

ထို့နောက် တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်မှ ပေးပို့သည့် သဝဏ်လွှာကို တိုင်းဒေသကြီး တိုင်းရင်းသားရေးရာ ဝန်ကြီး ဦးစောမာတင်လူသာက ဖတ်ကြားပြီး ကရင်စာပေနှင့်ယဉ်ကျေးမှု ကော်မတီဥက္ကဋ္ဌ ဦးအောင်ထွဋ်က ကရင်ရိုးရာဝါခေါင်လ ချည်ဖြူဖွဲ့ မင်္ဂလာသမိုင်းအကျဉ်းကို ဖတ်ကြားသည်။ ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကိုက ဒုံးအကအဖွဲ့များအား တစ်ဖွဲ့လျှင် ငွေကျပ် ငါးသိန်းစီ၊ စီးပွားရေးလုပ်ငန်းရှင်အသင်းဥက္ကဋ္ဌ ဦးလှသန်းက ငွေကျပ်သိန်း ၃၀၀ ကို လှူဒါန်းခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးနှင့်အဖွဲ့ နိုင်ငံတကာသယ်ယူပို့ဆောင်ရေး ထိပ်သီးအစည်းအဝေးနှင့် နိုင်ငံတကာ မြူနီစီပယ်ဖိုရမ်တက်ရောက်ပြီး ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိ

**ရန်ကုန် ဩဂုတ် ၃၁**

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးနှင့်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့၌ ကျင်းပသည့် နိုင်ငံတကာသယ်ယူပို့ဆောင်ရေး ထိပ်သီးအစည်းအဝေး ( International Transport Summit 2024 )နှင့် BRICS အဖွဲ့၏ နိုင်ငံတကာ မြူနီစီပယ်ဖိုရမ် ( International Municipal Forum Of BRICS Countries ) တို့ သို့တက်ရောက်ပြီး ယမန်နေ့ညပိုင်းက ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိကြသည်။

နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့အား မြန်မာနိုင်ငံဆိုင်ရာ ရုရှားသံအမတ်ကြီး H.E. Mr. Iskandar Azizov နှင့်တာဝန်ရှိသူများ၊ ရန်ကုန်တိုင်းဒေသကြီးလုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဝင်းတင့်နှင့်အစိုးရအဖွဲ့ဝင်များ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဦးညီညီ၊ အတွင်းရေးမှူးနှင့်ကော်မတီဝင်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။(အပေါ်ပုံ)

အဆိုပါ နိုင်ငံတကာ သယ်ယူပို့ဆောင်ရေး ထိပ်သီးအစည်းအဝေးကို ဩဂုတ် ၂၁ ရက်မှ ၂၅ ရက်အထိ မော်စကိုအစိုးရ၊ ပို့ဆောင်ရေးနှင့်လမ်းများဆိုင်ရာ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးမှုဌာနနှင့် ပြည်ပစီးပွားဆက်သွယ်ရေးနှင့် နိုင်ငံတကာ ဆက်ဆံရေးဌာနတို့ ပူးပေါင်း၍ မြို့ပြဆက်သွယ်ရေးနှင့် ဒစ်ဂျစ်တယ်နည်းပညာများ ပေါင်းစပ်ဖွံ့ဖြိုးရေး၊ အဆင့်မြှင့်တင်ရေးတို့နှင့်ပတ်သက်၍ မိတ်ဖက်မြို့များ၏ အတွေ့အကြုံများ ဆွေးနွေးဖလှယ်ရန်အတွက် နိုင်ငံတကာကျွမ်းကျင်သူများ တွေ့ဆုံနိုင်မည့် စင်္ကြံတစ်ရပ်ဖြစ်ပေါ်လာစေရေး၊ မြို့ပြသွားလာရေးနှင့်မြို့များ အဆင့်အတန်းမြင့်မားရေးတို့တွင် ရင်ဆိုင်ကြုံတွေ့ရသည့် စိန်ခေါ်မှုများ ဖြေရှင်းဆောင်ရွက်ရာတွင် စနစ်ကျသည့် နည်းလမ်းများကို ပူးပေါင်းဆောင်ရွက်ရန်တို့အတွက် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**ဆန်းကျော်ဦး(ပြန်/ဆက်)**




# မော်လမြိုင်မြို့၌ ဥပဒေအသိပညာပြန့်ပွားရေး သင်တန်း အမှတ်စဉ်(၂/၂၀၂၄) ဖွင့်

**မော်လမြိုင် ဩဂုတ် ၃၁**

မွန်ပြည်နယ် ဥပဒေချုပ်ရုံးနှင့် မော်လမြိုင်ပညာရေး ဒီဂရီကောလိပ်တို့ပူးပေါင်းကျင်းပသည့် ဥပဒေ အသိပညာပြန့်ပွားရေး သင်တန်း အမှတ်စဉ် (၂/၂၀၂၄) ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၃၁ရက် နံနက်ပိုင်းက မော်လမြိုင်မြို့ ပညာရေးဒီဂရီကောလိပ် ပညာဒီလာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မွန်ပြည်နယ် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်စွာမြင့်က နိုင်ငံတော်၏ အခြေခံ လိုအပ်ချက်ဖြစ်သည့် တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဥပဒေအသိပညာရှိရန် လိုအပ်ပါကြောင်း၊ ယခုသင်တန်းမှပို့ချသော ဥပဒေအသိပညာများကို လေ့လာမှတ်သားပြီး မိမိတို့၏ လုပ်ငန်းခွင်များတွင် ပြန်လည်အသုံးချရန်နှင့် ဥပဒေ၏ အရေးကြီးမှုအား သိရှိကာ နိုင်ငံတော်နှင့် ပြည်သူတို့၏ အကျိုးကို အလေးထားဆောင်ရွက်သွားရန် လိုအပ်ကြောင်း ပြောကြားသည်။(အောက်ပုံ)

ထို့နောက် မွန်ပြည်နယ် ဥပဒေချုပ် ဦးမြင့်အောင်က ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၀၈၊ အခြေခံဥပဒေ (Basic Law) အကြောင်းအား သင်ကြားပို့ချခဲ့သည်။

ဆက်လက်၍ ပြည်နယ်၊ ခရိုင်ဥပဒေအရာရှိတို့က ရွေးကောက်ပွဲဆိုင်ရာဥပဒေ ဘာသာရပ်၊ နိုင်ငံ့ဝန်ထမ်းဥပဒေ ဘာသာရပ်၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ဥပဒေဘာသာရပ်၊ ပြည်သူ့စစ်မှုထမ်းဥပဒေ ဘာသာရပ်နှင့် ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ဥပဒေဘာသာရပ်တို့ကို သင်ကြားပို့ချခဲ့ကြပြီး အဆိုပါသင်တန်းတွင် သင်တန်းသားသင်တန်းသူ ၆၀၀ ကို နှစ်ရက်ကြာ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။ **စည်သူ(ပြန်/ဆက်)**



■ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

■ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။



ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ဗိုလ်ချို (၂) ရောင်းဝယ်ရေး သမဝါယမအသင်း လီမိတက်၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာအစည်းအဝေးကို ဩဂုတ် ၃၁ ရက်က သမဝါယမအသင်းရုံး၌ ကျင်းပရာအသင်းဥက္ကဋ္ဌ ဦးကျော်ဆန်းဦးက အမှာစကားပြောကြားပြီး မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သင်းသင်းအေးက သမဝါယမလုပ်ငန်းစဉ်များ၊ သမဝါယမအသင်းဥပဒေ နည်းဥပဒေများ ရှင်းလင်းပြောကြားကာ အစုပေါ်အမြတ် ငွေကျပ်သိန်း၂၀ခန့်နှင့် အသင်းသားများအား အစုငွေတိုးမြှင့်ခြင်း၊ စားကုန်ပစ္စည်း လက်ဆောင်များအား ပေးအပ်စဉ်။ အာကာလင်း

❍ကျော့ဖုံးမှ

အုပ်စု နောက်ဆုံးနေ့တွင် M2K အသင်းက လက်ဝဲသုန္ဒရအသင်းကို ခုနစ်ဂိုး-သုံးဂိုး၊ YCDC Marga အသင်းက Jullniss အသင်းကို ငါးဂိုးပြတ်၊ M-Millon အသင်းက ဖူဆယ်ချစ်သူအသင်းကို လေးဂိုး-သုံးဂိုး၊ Seven အသင်းက ဘူရှိဒိုအသင်းကို ငါးဂိုး-နှစ်ဂိုး၊ YRG အသင်းက MH Dream Team အသင်းကို ခုနစ်ဂိုးပြတ်၊ Sar Bal Gyi Doh အသင်းက FCT Youth အသင်းကို ကိုးဂိုး-လေးဂိုးဖြင့် အနိုင်ရခဲ့သည်။ အုပ်စုနောက်ဆုံးနေ့အပြီးတွင် အုပ်စု (F) ၌ M2K အသင်းက ခုနစ်မှတ်ဖြင့် အုပ်စုပထမ၊ YCDC Marga အသင်းက ခုနစ်မှတ်ဖြင့် အုပ်စုဒုတိယ၊ အုပ်စု (G) ၌ Seven အသင်းက ခုနစ်မှတ်ဖြင့် အုပ်စုပထမ၊ M-Million အသင်းက ခြောက်မှတ်ဖြင့် အုပ်စုဒုတိယ၊ အုပ်စု (H) ၌ YRG အသင်းက ကိုးမှတ်ဖြင့် အုပ်စုပထမ၊ MH Dream Team အသင်းက ခြောက်မှတ်ဖြင့် အုပ်စုဒုတိယရရှိကာ နောက်တစ်ဆင့် တက်ရောက်ခဲ့သည်။

၁၆ သင်းအဆင့် ရှုံးထွက်ပွဲစဉ်များကို စက်တင်ဘာ ၁ ရက်နှင့် ၂ ရက်တို့တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး ပြည့်စုံအသင်းနှင့် Power HBI အသင်း၊ TG United အသင်းနှင့် YCDC Marga အသင်း၊ Winner Soccer အသင်းနှင့် M-Million အသင်း၊ UPK အသင်းနှင့် MH Dream Team အသင်း၊ လက်ရှိချန်ပီယံ VUC အသင်းနှင့် Generations အသင်း၊ M2K အသင်းနှင့် Futsal-19 အသင်း၊ Seven အသင်းနှင့် 7 Brother အသင်း၊ YRG အသင်းနှင့် MIU အသင်း ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ **ရဲရင့်လွင်၊ ဓာတ်ပုံ-MFF**

❑ကျော့ဖုံးမှ

ပထမပိုင်းတွင် တရစပ်ဖိအားပေးတိုက်စစ်ဆင်ကစားနိုင်ခဲ့သော အာဆင်နယ်အသင်းသည် ပွဲချိန် ၃၈ မိနစ်တွင် ဟာဗတ်ဇ်၏ သွင်းဂိုးကြောင့် ဦးဆောင်ဂိုးရရှိခဲ့သည်။

**ချေပဂိုးရရှိရေး**

ပွဲချိန် ၄၉ မိနစ်တွင် အာဆင်နယ်အသင်းမှ ကွင်းလယ်ကစားသမား ရိုက်စ် နှစ်ဝါ တစ်နီဖြင့် ထုတ်ပယ်ခံခဲ့ရသည်။ ယင်းနောက် ဘရိုက်တန်အသင်းက ချေပဂိုးရရှိရေး ကြိုးစားလာခဲ့ရာ ပွဲချိန် ၅၈ မိနစ်တွင် ရရှိခဲ့ပြီး ပက်ဒရိုက သွင်းယူပေးခဲ့သည်။

**နှစ်ပွဲနိုင်၊ တစ်ပွဲသရေ**

တစ်ဖက်တစ်ဂိုးစီ သရေကျပြီးနောက် အပြန်အလှန် ထိုးဖောက်တိုက်စစ်ဆင်မှုများ၊ ဂိုးရရှိရန် နီးစပ်သည့် အခွင့်အရေးများ ဖန်တီးနိုင်ခဲ့ကြသော်လည်း ထပ်မံဂိုးသွင်းယူနိုင်ခြင်း မရှိသည့်အတွက် သရေရလဒ်ဖြင့် ပွဲပြီးဆုံးခဲ့ခြင်း ဖြစ်သည်။ ပရီမီယာလိဂ် ပွဲစဉ် (၃) အပြီးတွင် နှစ်သင်းစလုံး နှစ်ပွဲနိုင်၊ တစ်ပွဲသရေရလဒ် ရရှိထားသည်။

**အခြားပွဲစဉ်ရလဒ်များ**

ည ၈ နာရီခွဲတွင် ယှဉ်ပြိုင်ကစားသည့် အခြားပွဲစဉ်ရလဒ်များတွင် ဘရန့်ဖို့ဒ်က ဆောက်သမ်တန်ကို သုံးဂိုး-တစ်ဂိုး၊ အဲဗာတန်ကို ဘုန်းမောက်က သုံးဂိုး-နှစ်ဂိုး၊ လက်စတာကို ဗီလာက နှစ်ဂိုး- တစ်ဂိုးဖြင့် နိုင်ပြီး အစ်ဆွစ်ချ်နှင့် ဖူလ်ဟမ်၊ နော်တင်ဟမ်နှင့် ဝုဖ်တို့ပွဲမှာ တစ်ဂိုးစီ သရေကျခဲ့သည်။

**အောင်ဇော်**

# ငါးအစာစရိတ်လျှော့ချရေး စုပ်ခွက်ငါးကို ဖော်စပ်စာတွင် ပြုပြင်အသုံးပြုပေး

**မောင်တံငါ (M.Sc) (မွေးသု/မန်း)**

**❊ စုပ်ခွက်ငါးမျိုးစိတ်(Pterygoplichthys spp: Suckermouth armored catfish) သည် ငါးမွေးမြူထုတ်လုပ်ရေး သာမက သဘာဝဂေဟဗေဒစနစ်အပေါ် ဆိုးကျိုးသက်ရောက်မှုများရှိပါသည်။ တည်ဆဲငါးမွေးမြူခြင်းဆိုင်ရာဥပဒေများတွင် ခွင့်ပြုချက်မရှိဘဲ ငါးအရှင်ကို ပြည်ပမှ ပြည်တွင်းသို့တင်သွင်းခြင်း၊ ပြည်တွင်းမှ ပြည်ပသို့တင်ပို့ခြင်းဆိုသော တားမြစ်ချက်ကို ဖော်ပြထားပြီးဖြစ်သလို စုပ်ခွက်ငါးမျိုးစိတ်အား အန္တရာယ်ရှိသော ကျူးကျော်ငါးမျိုးအဖြစ် သတ်မှတ်၍ ၎င်းငါးမျိုးစိတ်သည် မြန်မာနိုင်ငံအတွင်းရှိ ရေချိုရေပြင်ဂေဟစနစ်တစ်ခုလုံးကို ပျက်စီးစေနိုင်သည့်အပြင် တိုင်းရင်းငါးမျိုးစိတ်တို့ကိုလည်း ဆိုးကျိုးသက်ရောက်စေနိုင်**

**မြန်မာနိုင်ငံ၏ ငါးမွေးမြူရေးနှင့် ငါးအစာအာဟာရ**

မြန်မာနိုင်ငံ၏ ငါးမွေးမြူရေးအခြေအနေသည် လွန်ခဲ့သော ဆယ်စုနှစ်(၂)စုခန့်ကပင် အရှိန်အဟုန်နှင့် တိုးတက်လာခဲ့ပြီး ငါး၊ ပုစွန်နှင့် ကဏန်းမွေးမြူရေးကန် စုစုပေါင်း ၄၉၈၉၃၆ ဧကရှိပြီး ထုတ်လုပ်မှုအနေဖြင့် ၂၀၂၀-၂၀၂၁ ခုနှစ်တွင် မက်ထရစ်တန်ချိန်ပေါင်း ၁၁၆၇ ဒသမ ၃၅ တန် ထုတ်လုပ်နိုင်ခဲ့ကြောင်း ထုတ်ပြန်ထားသော စာရင်းအင်း ကိန်းဂဏန်းအချက်အလက်များအရ သိရှိရပါသည်။

ငါးအစာတွင် ရေသတ္တဝါတို့အမျိုးအစားအလိုက် လိုအပ်သောအာဟာရဓာတ်များ ပြည့်မီအောင် ဖော်စပ်ကျွေးမွေးခြင်းနှင့် ရေအရည်အသွေး ထိန်းသိမ်းခြင်းတို့သည် ရေရှည်တည်တံ့ပြီး စဉ်ဆက်မပြတ် မွေးမြူရေးလုပ်ငန်း အောင်မြင်စွာဆောင်ရွက်နိုင်ရန် အရေးပါသောအချက်များဖြစ်ပေသည်။ ငါးမွေးမြူရေးလုပ်ငန်းများတွင် အစာ၏ကုန်ကျမှုစရိတ်သည် စုစုပေါင်းလုပ်ငန်း ကုန်ကျစရိတ်၏ ၆၀ ရာခိုင်နှုန်းခန့် ဖြစ်ပြီး လက်ရှိမွေးမြူရေးလုပ်ငန်းများတွင် လုပ်ငန်းလည်ပတ်ရန်ပုံငွေအပေါ် မူတည်၍ မိရိုးဖလာကျွေးမွေး အသုံးပြုမှုနည်းလမ်းများ (ဥပမာ။ ပဲဖတ်၊ ဝါစေ့ဖတ်၊ ဖွဲနုမှုန့်ကို တစ်မျိုး (သို့မဟုတ်) တစ်မျိုးထက်ပို၍ ရောစပ်ကျွေးမွေးခြင်း စသည်ဖြင့်။) အသုံးပြုခြင်း၊ မွေးမြူထားသော ရေသတ္တဝါမျိုးစိတ်အလိုက် လိုအပ်သောအာဟာရတန်ဖိုးကို သိပ္ပံနည်းကျတွက်ချက်၍ ထုတ်လုပ်ထားသော ရေပေါ်စာအသုံးပြုခြင်း စသော နည်းလမ်းများဖြင့် အသုံးပြုကျွေးမွေးလျက်ရှိပါသည်။ ထည့်သွင်းစဉ်းစားရမည်မှာ အစာမှ အသားပြောင်းလဲနှုန်း (Feed Conversion Ratio-FCR) ကောင်းမွန်မှ သာလျှင် မွေးမြူသူများအနေဖြင့် အကျိုးအမြတ် ပိုမို ရရှိစေနိုင်မည်ဖြစ်ပါသည်။

**ပရိုတင်းအာဟာရဓာတ် ငါးစားသုံးမှု**

မြန်မာလူမျိုးတို့၏ နေ့စဉ် အဓိကအခြေခံ အစားအစာများတွင်ပါဝင်သော အာဟာရဓာတ်များ အနက် ကာဗိုဟိုက်ဒရိတ်ဓာတ်အဖြစ် ဆန်နှင့် ပရိုတင်း (အသားဓာတ်)အဖြစ် ငါးတို့ပါဝင်သည့် အချက်မှာ ငြင်းနိုင်ဖွယ်မရှိပါ။ အဘယ်ကြောင့်ဆိုသော် မိသားစုတိုင်း၏ အသုံးစရိတ်အဖြစ် ၁၉ ရာခိုင်နှုန်းသည် ဆန်ဝယ်ယူသုံးစွဲခြင်းနှင့် ၁၄ ရာခိုင်နှုန်းသည် ငါးနှင့် ရေထွက်ကုန်ပစ္စည်းများ ဝယ်ယူသုံးစွဲခြင်းတို့ဖြစ်ကြောင်း လေ့လာသိရှိရပါသည်။ ၂၀၁၁ ခုနှစ်တွင် မြန်မာလူမျိုးများအနေဖြင့် ငါးနှင့် ရေထွက်ကုန်ပစ္စည်းများကို လူတစ်ဦးချင်း တစ်နှစ်စားသုံးမှုမှာ ၅၅ ကီလိုဂရမ်ရှိခဲ့သဖြင့် နိုင်ငံပေါင်း ၁၇၈ နိုင်ငံတွင် အဆင့် ၁၀ နေရာမှ ရပ်တည်နေကြောင်းကို စစ်တမ်းများအရ သိရှိရပါသည်။ ထို့ပြင် ၂၀၂၂ ခုနှစ် စစ်တမ်းများဖော်ပြချက်များအရ မြန်မာနိုင်ငံရှိ လူတစ်ဦးချင်း တစ်နှစ် ငါးစားသုံးမှုသည် ၆၇ ကီလိုဂရမ်အထိ တိုးမြှင့်စားသုံးကြောင်း သိရှိရပါသည်။



လူတို့၏ နေ့စဉ်အာဟာရမှီဝဲမှုတွင် ငါးပါဝင်မှု။

တစ်ဆက်တည်းမှာပင် ငါးဖမ်းဆီးခြင်းနှင့် မွေးမြူထုတ်လုပ်ခြင်းအခန်းကဏ္ဍသည် နိုင်ငံ၏ ဝင်ငွေတိုးတက်စေရေးနှင့် စားရေရိက္ခာဖူလုံစေရေး တို့အတွက် အဓိကနေရာမှ အထောက်အကူပြုလျက်ရှိပြီး ၂၀၂၀ - ၂၀၂၁ ဘဏ္ဍာနှစ်တွင် မွေးမြူရေး အခန်းကဏ္ဍ (Livestock and Fishery) သည် နိုင်ငံ၏ စုစုပေါင်းပြည်တွင်းထုတ်ကုန် (GDP) ၈ ဒသမ ၆ ရာခိုင်နှုန်းဖြင့် အဆင့်(၄)နေရာတွင် ရပ်တည်ခဲ့ကြောင်း ထုတ်ပြန်ထားသော စာရင်းအင်း ကိန်းဂဏန်းအချက်အလက်များတွင် ဖော်ပြထားပါသည်။

**အစာတွင် ငါးပေါင်းမှုန့်အသုံးပြုမှု**

ယနေ့ခေတ်တွင် နိုင်ငံတကာရှိ အစာထုတ်လုပ်သည့်စက်ရုံများ၏ သိပ္ပံနည်းကျဖော်စပ်ထားသော စီးပွားဖြစ်အစာများတွင် ငါးပေါင်းမှုန့်(Fish Meal-FM) ကို အဓိကအသားဓာတ် အရင်းအမြစ်အဖြစ် ထည့်သွင်းအသုံးပြုလျက်ရှိပါသည်။ သို့ရာတွင် သဘာဝမှ ငါးဖမ်းဆီးရရှိမှု လျော့နည်းလာသဖြင့် ဈေးကွက်လိုအပ်ချက်မြင့်မားသော်လည်း အကန့်အသတ်ဖြင့်သာ သုံးစွဲနေရခြင်း၊ ဈေးနှုန်း မတည်ငြိမ်ခြင်းနှင့် မြင့်မားလာခြင်း၊ လူတို့စားသုံးရန်အပါအဝင် တိရစ္ဆာန်အစာနှင့် ရေသတ္တဝါအစာများတွင် ပြိုင်တူအသုံးပြုနေရခြင်း၊ နောင်ရေရှည်တွင် ငါးပေါင်းမှုန့် အသုံးပြုရန်ရရှိနိုင်မှု ကန့်သတ်ချက်တို့ကြောင့် ငါးများ၏ ကြီးထွားရှင်သန်နှုန်းကို မထိခိုက်စေရန်နှင့် အစာကုန်ကျစရိတ်လျှော့ချကာ ဈေးကွက်တွင် စဉ်ဆက်မပြတ်ရရှိအသုံးပြုနိုင်မည့် စိုက်ပျိုးရေးဘေးထွက်ပစ္စည်းများ (Agriculture by-products)၊ တိရစ္ဆာန်မှရရှိသည့် ဘေးထွက်ပစ္စည်းများ(Animals by-products)၊ ရေထွက်ကုန်များမှ ဘေးထွက်ပစ္စည်းများ(Fisheries by-products) တို့ကိုအသုံးပြု၍ တစ်ပိုင်းတစ်စ (သို့မဟုတ်)အပြည့်အဝအစားထိုးခြင်းစသောလက်တွေ့အသုံးချသုတေသနများကို နိုင်ငံတကာအပြင် ပြည်တွင်း၌လည်း ဆောင်ရွက်အသုံးပြုနေမှုများ ရှိနေပြီဖြစ်ပါသည်။



ငါးစားသုံးခြင်း အလေ့အထ

**ငါးမွေးမြူရေးနှင့် စုပ်ခွက်ငါးအန္တရာယ်**

ယခုအခါတွင် မြန်မာနိုင်ငံအတွင်းရှိ ငါးမွေးမြူရေးကန်များအတွင်း မွေးမြူထားသည့်ငါးများ ပြန်လည်ဖမ်းဆီးရာတွင် စုပ်ခွက်ငါးများ (ဒေသအခေါ်ပေါ်မူတည်၍ လေယာဉ်ပျံငါး၊ ငါးကျောက်ဖား၊ မြွေပွေးငါးခူဟု အမျိုးမျိုးခေါ်ဝေါ်ကြပါသည်။) ကျူးကျော်ဝင်ရောက်နေကြခြင်းကို တွေ့ရှိနေကြ



စုပ်ခွက်ငါးများ

ပြီး မွေးမြူထားသောငါးများ၏ အစာမှ အသားပြောင်းလဲနှုန်းသည် ကျဆင်းနေသဖြင့် ငါးမွေးမြူရေးထွက်ကုန်များနည်းပါး၍ စီးပွားရေးကျဆင်းလျက်ရှိကြောင်း စုံစမ်းသိရှိရပါသည်။ စုပ်ခွက်ငါးမျိုးစိတ်(Pterygoplichthys spp: Suckermouth armored catfish) သည် ငါးမွေးမြူထုတ်လုပ်ရေး သာမက သဘာဝဂေဟဗေဒစနစ်အပေါ် ဆိုးကျိုးသက်ရောက်မှုများရှိပါသည်။ တည်ဆဲငါးမွေးမြူခြင်းဆိုင်ရာဥပဒေများတွင် ခွင့်ပြုချက်မရှိဘဲ ငါးအရှင်ကို ပြည်ပမှ ပြည်တွင်းသို့တင်သွင်းခြင်း၊ ပြည်တွင်းမှ ပြည်ပသို့တင်ပို့ခြင်းဆိုသော တားမြစ်ချက်ကို ဖော်ပြထားပြီးဖြစ်သလို စုပ်ခွက်ငါးမျိုးစိတ်အား အန္တရာယ်ရှိသော ကျူးကျော်ငါးမျိုးအဖြစ် သတ်မှတ်၍ ၎င်းငါးမျိုးစိတ်သည် မြန်မာနိုင်ငံအတွင်းရှိ ရေချိုရေပြင်ဂေဟစနစ်တစ်ခုလုံးကို ပျက်စီးစေနိုင်သည့်အပြင် တိုင်းရင်းငါးမျိုးစိတ်တို့ကိုလည်း ဆိုးကျိုးသက်ရောက်စေနိုင်သဖြင့် စုပ်ခွက်ငါးမျိုးစိတ်နှင့် ပတ်သက်၍ ပြည်ပမှတင်သွင်းခြင်း၊ သားဖောက်ခြင်း၊ မွေးမြူခြင်း၊ တင်ပို့ခြင်း၊ သိုလှောင်ခြင်း၊ ရောင်းဝယ်ခြင်းနှင့် သဘာဝရေပြင်များအတွင်းသို့ လွှတ်ခြင်းများနှင့်ပတ်သက်၍ အများပြည်သူများ သိရှိလိုက်နာရန်အတွက် တားမြစ်ချက်များ၊ ကြေညာစာများလည်း ထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။

**စုပ်ခွက်ငါးမျိုးစိတ်၏ ဆိုးကျိုးများ**

စုပ်ခွက်ငါးမျိုးစိတ်သည် မျိုးစု(Genus) Pterygoplichthys နှင့် မျိုးရင်း(Family) Loricariidae တွင်ပါဝင်ကာ ဒေသရင်းမဟုတ်သော ငါးအုပ်စုတွင် ပါဝင်ပြီး (Exotic fish groups) အပူပိုင်းဒေသနှင့် အပူလျော့ပိုင်းဒေသများတွင် (Tropical and Subtropical) ပျံ့နှံ့ကျက်စားကြပါသည်။ ၎င်းတို့၏မူရင်းဒေသသည် တောင်အမေရိကတိုက် (အဓိကအားဖြင့် ဘရာဇီးနှင့် ပီရူးနိုင်ငံတို့ရှိ အမေဇုန်မြစ်ဝှမ်းဒေသ)ဖြစ်ပြီး သုတေသနစစ်တမ်းများအရ တိုက်ကြီး(၅)တိုက်နှင့် မြန်မာနိုင်ငံအပါအဝင်နိုင်ငံပေါင်း ၂၁ နိုင်ငံသို့ အလှမွေးငါးမွေးမြူရောင်းဝယ်ရေး(Aquarium trade)မှ တစ်ဆင့် ကန်သန့်ရှင်းရေးငါးအဖြစ် ရောက်ရှိလာကြောင်း ဖော်ပြထားသည်ကို တွေ့ရှိရပါသည်။ စုပ်ခွက်ငါးမျိုးစိတ်တွင် မျိုးစိတ်ပေါင်း ၉၈၃ မျိုးခန့်ရှိကာ အစုံစားသတ္တဝါမျိုးစိတ်ဖြစ်ပြီး အလွန်တရာရေညစ်ညမ်းသည့် ပတ်ဝန်းကျင်အခြေအနေမှာပင် ရှင်သန်နိုင်စွမ်းရှိကြပါသည်။ ၎င်းတို့ ရောက်ရှိရှင်သန်ပေါက်ပွားနေထိုင်ကြသည့် ရေပြင်များအတွင်းရှိ အခြားသောငါးမျိုးစိတ်များ၏ ဥများ၊ သားလောင်းများကိုလည်း စားသောက်ကြပါသည်။ ထို့အတူ စုပ်ခွက်ငါးများသည် ဒေသရင်း ငါးမျိုးစိတ်များ၏ ငါးနေငါးထိုင်ဇရိယာများ၊ ဥအုချသားပေါက်ရာနေရာများ၊ ဂေဟဗေဒစနစ်အရ အရေးပါသော



ကန်အောက်ခြေများရှိ တွင်းများ

နေရာများကို တွင်းတူးဖျက်ဆီးတတ်လေ့ရှိသဖြင့် သဘာဝရေပြင်များအတွင်းရှိ ငါးများနှင့် မွေးမြူထားသောငါးများ၏ ကြီးထွားနှုန်း၊ မျိုးရည်ဖွံ့ဖြိုးမှုနှင့် သားပေါက်ခြင်းများကို ဆိုးကျိုးသက်ရောက်စေသော ငါးမျိုးစိတ်ဖြစ်ပေသည်။

ယခုကဲ့သို့ အလျင်အမြန်ပြန့်ပွားလာရခြင်းမှာ ယေဘုယျအားဖြင့် အလှမွေးငါးကန်များ (သို့မဟုတ်) ရေလျှံသည့်အချိန်များတွင် မွေးမြူထားသောနေရာများမှ လွတ်မြောက်လာခြင်း၊ အချို့သော အလှမွေးဝါသနာရှိသူများက အဆိုပါစုပ်ခွက်ငါးသည် အလှမွေးငါးကန်အတွင်း အရွယ်အစား သိသာစွာကြီးထွားလာသည့်အချိန်တွင် ဆက်လက်မွေးမြူလိုခြင်း မရှိသဖြင့် သဘာဝရေပြင်များဖြစ်သော မြစ်၊ ချောင်းများအတွင်းသို့ လွှတ်ခြင်း၊ အချို့မှာ သဘာဝရေပြင်ဂေဟဗေဒစနစ် ပျက်စီးစေရန် ရည်ရွယ်ချက်မရှိသော်လည်း အသိပညာဗဟုသုတနည်းပါးသဖြင့် ဘေးမဲ့ငါးလွှတ်သည်ဟုဆိုကာ ပြုမူဆောင်ရွက်မိခြင်းတို့ကြောင့် သဘာဝရေချိုရေပြင်များတွင် ပေါက်ပွားကျက်စားကြီးပြင်းလာခြင်းဖြစ်ပါသည်။ တစ်ချိန်တည်းမှာပင် စုပ်ခွက်ငါးဥ၊ သားလောင်း သားပေါက်များ ပါရှိနေသည့်ရေကို ငါးမွေးမြူရေးကန်များအတွင်းသို့ ထည့်သွင်းအသုံးပြုရာမှတစ်ဆင့် ယခုအခါတွင် ငါးမွေးကန်များအတွင်း အကောင်ရေ သိသာစွာပွားများလာသည်ကို တွေ့ရှိနေရပါသည်။ ထို့အတူ တစ်ကြိမ်တစ်ခါမျှ သဘာဝရေပြင် မြစ်၊ ချောင်း၊ အင်း၊ အိုင်များအတွင်းသို့ လွှတ်မိရုံဖြင့်

*စာမျက်နှာ ၁၇ သို့*

*စာမျက်နှာ ၁၆ မှ*

နောင်အခါတွင် ပြန်လည်ဖယ်ရှားရန် အင်မတန်ခက်ခဲသော အန္တရာယ်ရှိသည့် ငါးမျိုးစိတ်တစ်မျိုးလည်းဖြစ်ပါသည်။ ထို့ကြောင့် အဆိုပါငါးမျိုးစိတ်ကို သဘာဝရေပြင်များနှင့် ငါးမွေးမြူရေးကန်များအတွင်းမှ အကောင်ရေလျှော့ချနိုင်ရန် (သို့မဟုတ်) အပြီးတိုင် ဖယ်ရှားရှင်းလင်းနိုင်ရန် မွေးမြူရေးငါးများ၏ အစာအဖြစ် ပြန်လည်အသုံးပြုနိုင်မည်ဆိုပါက မွေးမြူသူများအတွက် စီးပွားရေးဝင်ငွေပိုမိုတိုးတက်စေမည့်အပြင် အစာကုန်ကျမှုစရိတ်ကိုလည်း တစ်ဖက်တစ်လမ်းမှ လျှော့ချပေးနိုင်မည်ဖြစ်ပါသည်။

**စုပ်ခွက်ငါးမျိုးစိတ်ကိုပြုပြင်၍ ပြောင်းလဲအသုံးချမှု**

စုပ်ခွက်ငါးများသည် ကြမ်းတမ်းမာကျောသော အကြေးခွံပါရှိသဖြင့် အသားစားသတ္တဝါများ ပင်လျှင် ၎င်းတို့ကို အန္တရာယ်မပြုနိုင်သည့်အပြင် ပြင်ပသွင်ပြင်ပုံစံဆိုးရွားခြင်းနှင့် အသားအနည်းငယ်သာပါရှိခြင်းတို့ကြောင့် မြန်မာလူမျိုးများစားသုံးလေ့မရှိသော်လည်း အချို့ဒေသများ၊ နိုင်ငံများတွင်မူ စားသုံးလေ့ရှိကြောင်း လေ့လာသိရှိရပါသည်။ အခြားသောနိုင်ငံများတွင် စုပ်ခွက်ငါးမျိုးစိတ်ကို ပြုပြင်၍ ပြန်လည်အသုံးပြုခြင်းအား ငါးခြောက်ဆားနယ်၊ ငါးပိ၊ ငါးဘီစကွတ်၊ ငါးပေါင်းမှုန့်၊ ကြက်စာ၊ ကော်လာဂျင်၊ အသားဓာတ်မြင့်မားစွာ ပါဝင်အောင် ပြုပြင်ပြောင်းလဲရာတွင် ထည့်သွင်းခြင်း၊ ငါးအမိုင်နိုအက်ဆစ်မြေဩဇာပြုလုပ်ခြင်း စသောသုတေသနများအား စမ်းသပ်ဆောင်ရွက်ခဲ့ကြကြောင်းနှင့် အသားခြောက်များကို အိမ်မွေးကြောင်စာ၊ ခွေးစာများအဖြစ် အသုံးချလျက်ရှိကြောင်း သိရှိရပါသည်။

**ငါးစာ အစားထိုးသုတေသန**

စုပ်ခွက်ငါး၏အသားကို အစာမှုန့်အဖြစ် ပြုပြင်ပြောင်းလဲကာ ငါးခူမျိုးစိတ်၏ ကြီးထွားရှင်သန်နှုန်း၊ အစာမှအသားပြောင်းလဲနှုန်းနှင့် သိပ္ပံနည်းကျတွက်ချက်ကာ ဖော်စပ်စာတွင် အစားထိုးအသုံးပြုခြင်းဖြင့် အစာစရိတ်လျှော့ချနိုင်ရန်တို့ကို ရည်ရွယ်၍ မွေးမြူရေးသုတေသနဦးစီးဌာန၌ သုတေသနဆောင်ရွက်ခဲ့ပါသည်။

ကိုယ်အလေးချိန် (၁၅၀-၂၀၀)ဂရမ်ကြား (၉-၁၂ ကျပ်သားဝန်းကျင်)အရွယ်ရှိ စုပ်ခွက်ငါး အရှင်ကောင်များကိုစုဆောင်းပြီး ငါးများ၏ ကိုယ်တွင်းအင်္ဂါများနှင့် ဆူးတောင်များအားဖယ်ရှား၍ ကျောဘက်အရေပြားကိုခွာကာ ကိုယ်တွင်းရှိ အသားနှစ်မြောင်းကိုသာ သီးသန့်စုစည်းအသုံးပြုပါသည်။ စုပ်ခွက်ငါးအသားများကို လက်မဝက်ခန့် အတုံးအသေးလေးများဖြစ်စေရန် ဖြတ်တောက်ပြီး အပူချိန် ၄၁ စင်တီဂရိတ်ရှိသော သဘာဝနေရောင်အောက်တွင် နှစ်ရက်ကြာအခြောက်လှန်းရပါမည်။ ထို့နောက် စုပ်ခွက်ငါးအသားမှုန့်များ သီးသန့်ရရှိစေရန်နှင့် ငါးစာတွင် ထည့်သွင်းရောစပ်ပါက အစာခြေဖျက်နှုန်း ကောင်းမွန်စေရန်အတွက် ကြိတ်ခြေစက်ဖြင့် ကြိတ်ခြေပြီးနောက် ဆန်ခါပေါက် အရွယ်အစား ၀.၄ မီလီမီတာဖြင့် ဆန်ခါတိုက်ရပါမည်။ ရရှိလာသော စုပ်ခွက်ငါးအသားမှုန့်များကို လေလုံအိတ်ထဲထည့်၍ အစာအရည်အသွေး မပြောင်းလဲစေရန် အပူချိန် ၇ စင်တီဂရိတ်ရှိ ရေခဲသေတ္တာအတွင်း၌ သိမ်းဆည်းရပါမည်။ ထုတ်လုပ်ရရှိနိုင်မှုအနေဖြင့် စုပ်ခွက်ငါး အသားအစို ၁ ကီလိုဂရမ် (၆၁.၃ ကျပ်သား)တွင် အသားမှုန့် ၂၀၀ ဂရမ်(၁၂.၃ ကျပ်သား) ရရှိနိုင်ပါသည်။

**စုပ်ခွက်ငါးအသားမှုန့်တွင်ပါဝင်သော အာဟာရ တန်ဖိုးနှင့် အစာဖော်စပ်ခြင်း**

စုပ်ခွက်ငါးအသားမှုန့်တွင် ပါဝင်သော အာဟာရတန်ဖိုးများမှာ အသားဓာတ် ၆၅.၉% (Crude protein)၊ အဆီဓာတ် ၅.၅ % (Crude lipid)၊ အစိုဓာတ် ၈.၈၅ % (Moisture)နှင့် စုစုပေါင်းပြာဓာတ် ၇.၅ % (Total ash) ပါဝင်သဖြင့် အာဟာရဓာတ် တန်ဖိုးမြင့်မားသော အစာအမျိုးအစားဖြစ်ပါသည်။

သုတေသနပြု ကျွေးမွေးဆောင်ရွက်မည့် ငါးခူမျိုးစိတ်အတွက် လိုအပ်သော အာဟာရဓာတ်များ ပါဝင်စေရန်နှင့် အစာအုပ်စုအသီးသီးတွင် တူညီသော အသားဓာတ် ၄၀ % နှင့် အဆီဓာတ် ၁၀% ရရှိစေရန်ဖော်စပ်ခဲ့ပြီး ငါးပေါင်းမှုန့်အစား စုပ်ခွက်ငါးအသားမှုန့်ကို ၀ %၊ ၁၅ %၊ ၂၅ % နှင့် ၃၅ % ဟူ၍ မတူညီသော အစားထိုးပမာဏအသီးသီးဖြင့် ထည့်သွင်းဖော်စပ်အစာများကို အစာညှစ်စက်အတွင်းထည့်ကာ ရေမြုပ်အစာတောင့်များရရှိစေရန် နေရောင်ဖြင့် နှစ်ရက်ကြာ အခြောက်ခံပြီးနောက် ငါးခူမျိုးစိတ်များကိုကျွေးမွေး၍ သုတေသနပြုစမ်းသပ်ခဲ့ပါသည်။ အစာဖော်စပ်ပုံနည်းလမ်း၊ ထည့်သွင်းအသုံးပြုသည့်ပမာဏနှင့် အသုံးပြုသည့် အစာအမျိုးအစားများကို **(ဇယား ၁)**တွင်လည်းကောင်း၊ ငါးခူများ၏ ကြီးထွားရှင်သန်နှုန်းနှင့် အစာမှ အသားပြောင်းလဲနှုန်းတို့ကို **(ဇယား ၂)**တွင်လည်းကောင်း ဖော်ပြထားပါသည်။

**အစာကုန်ကျစရိတ်လျှော့ချခြင်းနှင့် အစာဖော်စပ်နည်းပညာ အသုံးချသုတေသနဆောင်ရွက်ခြင်း**

ငါး၊ ပုစွန်မွေးမြူရေးလုပ်ငန်းများတွင် အစာကုန်ကျစရိတ်သည် လုပ်ငန်းကုန်ကျစရိတ်၏ ထက်ဝက်ကျော်ကုန်ကျသဖြင့် ကျွေးမွေးသည့်အစာ အရည်အသွေးနှင့် ကျွေးမွေးမှုနည်းစနစ် မှန်ကန်မှသာ အစာမှအသားပြောင်းလဲနှုန်း ကောင်းမွန်နိုင်ပြီး ငါးကြီးထွားရှင်သန်နှုန်းနှင့် ဈေးကွက်အမြတ်အစွန်းရရှိမှုတို့ကို အထောက်အကူပြုစေမည်ဖြစ်ပါသည်။ လူတို့ တိုက်ရိုက်စားသုံးခြင်းမပြုသည့်အပြင် သဘာဝရေချိုဂေဟဗေဒစနစ်တစ်ခုလုံးအပေါ် ဆိုးကျိုးပေး အန္တရာယ်သက်ရောက်စေသည့် ဤစုပ်ခွက်ငါးကိုအသုံးပြု၍ အစာအမျိုးအမည်အသစ်များ ရှာဖွေအသုံးပြုနိုင်ခြင်းဖြင့် အစာကုန်ကျစရိတ်ကို လျှော့ချပေးနိုင်မည့်အပြင် မိရိုးဖလာအစာကျွေးမွေးခြင်းနည်းစနစ်များမှ ဆန်းသစ်တီထွင်၍ သိပ္ပံနည်းကျ အစာဖော်စပ်ပြောင်းလဲကျွေးမွေးခြင်းဖြင့် မွေးမြူရေးလုပ်ငန်း ပိုမိုတွင်ကျယ်အောင်မြင်စေနိုင်မည်ဖြစ်ပါသောကြောင့် ငါးအစာကုန်ကျစရိတ် လျှော့ကျစေရန်နှင့် အစာဖော်စပ်ခြင်းနည်းပညာများ တိုးတက်လာစေရန် ပြန်လည်မျှဝေရေးသားတင်ပြလိုက်ရပါသည်။ ။

ရေမြုပ်အစာတောင့်ထုတ်လုပ်ပုံ အဆင့်ဆင့်



အစာညှစ်စက်။



အခြောက်လှန်း ရေမြုပ်အစာတောင့်များ။



ကျွေးရန်အသင့်ရေမြုပ်အစာတောင့်များ။




စုပ်ခွက်ငါးများ။



အသားမြောင်းထုတ်ခြင်း။



နေရောင်ဖြင့် အခြောက်လှန်းခြင်း။



စုပ်ခွက်ငါးအသားခြောက်များ။



ကြိတ်ခြေစက်ဖြင့် အမှုန့်ကြိတ်ခြင်း။



ဆန်ခါတိုက်စုပ်ခွက်ငါးအသားမှုန့်များ။

**ဇယား (၁)။ အစာဖော်စပ်ပုံနည်းလမ်းနှင့် အစာ(၁)ကီလိုဂရမ် ထုတ်လုပ်မှုဈေးနှုန်း**

| စဉ် | အစာအမျိုးအမည် | စုပ်ခွက်ငါးအသားမှုန့် (SAM-Suckermouth Armored catfish meat Meal) အစားထိုးပါဝင်သည့်အချိုးအစား ဂရမ်(ကျပ်သား) | | | |
|---|---|---|---|---|---|
| | | SAM(၀%) | SAM(၁၅%) | SAM(၂၅%) | SAM(၃၅%) |
| ၁။ | ငါးပေါင်းမှုန့်(FM) | ၂၉၀(၁၇.၈) | ၂၄၇(၁၅.၂) | ၂၁၈(၁၃.၄) | ၁၈၉(၁၁.၆) |
| ၂။ | စုပ်ခွက်ငါးအသားမှုန့်(SAM) | ၀ | ၄၀(၂.၅) | ၈၀(၄.၉) | ၁၆၀(၉.၈) |
| ၃။ | ပဲပုပ်စေ့မှုန့်(Soybean seed) | ၂၉၀(၁၇.၈) | ၂၉၀(၁၇.၈) | ၂၉၀(၁၇.၈) | ၂၉၀(၁၇.၈) |
| ၄။ | ပဲဖတ်မှုန့်(Peanut oil cake) | ၃၃၀(၂၀.၂) | ၃၃၀(၂၀.၂) | ၃၁၆(၁၉.၄) | ၂၆၀(၁၅.၉) |
| ၅။ | ဖွဲနု(Rice bran) | ၆၀(၃.၇) | ၆၀(၃.၇) | ၆၀(၃.၇) | ၆၀(၃.၇) |
| ၆။ | ကော်မှုန့်(ပြောင်း)(Cornstarch) | ၁၀(၀.၆) | ၁၃(၀.၇) | ၁၆(၀.၉) | ၂၁(၁.၃) |
| ၇။ | တဆေး(Yeast) | ၁၀(၀.၆) | ၁၀(၀.၆) | ၁၀(၀.၆) | ၁၀(၀.၆) |
| ၈။ | ဗီတာမင်(ဘီ+စီ)(Vitamin B+C) | ၆(၀.၄) | ၆(၀.၄) | ၆(၀.၄) | ၆(၀.၄) |
| ၉။ | နေကြာဆီ(Sunflower oil) | ၄(၀.၂) | ၄(၀.၂) | ၄(၀.၂) | ၄(၀.၂) |
| | စုစုပေါင်းအလေးချိန် ဂရမ် (ကျပ်သား) | ၁၀၀၀(၆၁.၃) | ၁၀၀၀(၆၁.၃) | ၁၀၀၀(၆၁.၃) | ၁၀၀၀(၆၁.၃) |
| | အစာထုတ်လုပ်မှု ကုန်ကျစရိတ် (ကျပ်) | ၁၇၄၇ | ၁၆၄၁ | ၁၅၄၆ | ၁၃၈၁ |

**ရှင်းလင်းချက်။** အစာကုန်ကျမှုစရိတ်သည်ပါဝင်ကုန်ကြမ်းပစ္စည်းဈေးနှုန်းပေါ်မူတည်၍ ပြောင်းလဲနိုင်ပါသည်။

**ဇယား(၂)။ ငါးခူငါးသန်များကို (၄)ပတ်ကြာသုတေသနပြုပြီးနောက် ကြီးထွားရှင်သန်နှုန်းနှင့် အစာမှအသားပြောင်းလဲနှုန်း**

| စဉ် | စုပ်ခွက်ငါး အသားမှုန့် အစားထိုး အုပ်စုများ | ကနဦး ကိုယ်အလေးချိန်(ဂရမ်) | နောက်ဆုံးရ ကိုယ်အလေးချိန်(ဂရမ်) | ကနဦး ငါးကိုယ်အလျား (စင်တီမီတာ) | နောက်ဆုံးရ ငါးကိုယ်အလျား (စင်တီမီတာ) | အစာမှ အသား ပြောင်းလဲ နှုန်း | ရှင်သန်နှုန်း (%) |
|---|---|---|---|---|---|---|---|
| ၁။ | SAM(၀%) | ၁.၆၆ | ၂.၄၄ | ၅.၂ | ၅.၂၅ | ၂.၈ | ၈၅ |
| ၂။ | SAM(၁၅%) | ၁.၆၆ | ၃.၃၅ | ၅.၂ | ၆.၄၄ | ၁.၇ | ၁၀၀ |
| ၃။ | SAM (၂၅%) | ၁.၆၆ | ၃.၅ | ၅.၂ | ၆.၁၉ | ၁.၆ | ၈၆ |
| ၄။ | SAM (၃၅%) | ၁.၆၆ | ၆.၃၀ | ၅.၂ | ၇.၅၇ | ၀.၉ | ၉၅ |

**ရှင်းလင်းချက်။** သုတေသနရလဒ်အနေဖြင့် ဈေးနှုန်းမြင့်မားသည့် ငါးပေါင်းမှုန့်အစားစုပ်ခွက်ငါးအသားမှုန့်ကို မတူညီသောရာခိုင်နှုန်းအမျိုးမျိုးဖြင့် အစားထိုးဖော်စပ်ကျွေးမွေးရာတွင် စုပ်ခွက်ငါးအသားမှုန့် အစားထိုးပါဝင်သောအုပ်စုများ(SAM: ၁၅ %၊ ၂၅ % နှင့် ၃၅ %)များသည် စံနမူနာပြအုပ်စု (SAM ၀%)ထက် ကြီးထွားရှင်သန်နှုန်းနှင့် အစာမှ အသားပြောင်းလဲနှုန်းတို့ ပိုမိုကောင်းမွန်ကြောင်းနှင့် အစားထိုးအုပ်စု ၃၅% သည် အခြားအစားထိုးအုပ်စုများထက် ကြီးထွားနှုန်းနှင့် အစာမှအသားပြောင်းလဲနှုန်း သိသာစွာပိုမိုကောင်းမွန်ကြောင်း စမ်းသပ်တွေ့ရှိရပါသည်။





# ပဲခူးတိုင်းဒေသကြီးထဲက ဇလတ်ထော်အပန်းဖြေစခန်းဆီ သွားလည်ကြမယ်

■ ယဉ်လာဒ်

ယခုအခါ ခရီးသွားလာကြသူတွေရဲ့အကြိုက်နဲ့ ခရီးသွားခေတ်ရေစီးကြောင်းက ပြောင်းလဲလာပါတယ်။ ပိတ်ရက်တွေဆိုရင် နီးနီးနားနားနဲ့ နေ့ချင်းပြန်သွားရောက် လည်ပတ်နိုင်တဲ့ ခရီးသွား နေရာတွေဆီကို ပိုပြီးခရီးသွားတွေ ရွေးချယ်သွားရောက်လာနေကြပါပြီ။ လုပ်ငန်းရှင်တွေကလည်း ခရီးသွားတွေအကြိုက်ကိုလိုက်ပြီး တစ်နေရာတည်းမှာ တစ်နေကုန် အပန်းဖြေလို့ရနိုင်အောင် ဖန်တီးပေးလာကြပါတယ်။

ပဲခူးတိုင်းဒေသကြီးထဲမှာဆိုရင် အလိုင်နီဆည်၊ ဘောနီဆည်၊ ရွှေပြည်(၃)ဆည်၊ မုက္ခာဆည်၊ ရွှေကျင်ဆည် စတဲ့ ဆည်၊ အင်း၊ ရေတံခွန်များစွာရှိပါတယ်။ ပြည်ပနိုင်ငံတွေမှာတော့ ဒီလိုနေရာတွေကို ခရီးသွားလုပ်ငန်းတွေဖွံ့ဖြိုးလာအောင် အသုံးချကြပါတယ်။ မိမိတို့နိုင်ငံမှာလည်း ဒီလိုအခြေခံအားကောင်းပြီး အုတ်မြစ်ခိုင်မာတဲ့ သဘာဝအခြေခံအရင်းအမြစ်တွေကို မှီခိုပြီး ခရီးသွားလုပ်ငန်းကို ပိုမိုဖွံ့ဖြိုးလာအောင် လုပ်ဆောင်နိုင်ဖို့ လိုအပ်နေပါသေးတယ်။

**တရားဝင်လိုင်စင်တွေပြုလုပ်ပေးသွားဖို့ စီစဉ်နေ**

အခုဆိုရင် ပဲခူးတိုင်းဒေသကြီးထဲမှာ ခရီးသွားလုပ်ငန်း လုပ်ကိုင်ကြတဲ့သူတွေကို လွယ်ကူစွာ လုပ်ကိုင်နိုင်စေဖို့ တရားဝင်လိုင်စင်တွေ ပြုလုပ်ပေးသွားဖို့ စီစဉ်နေပြီး ခရီးသွားလုပ်ငန်းတွေ ဖွံ့ဖြိုးလာတာနဲ့အမျှ အသေးစားအလတ်စား လုပ်ငန်းတွေလည်း ဖွံ့ဖြိုးတိုးတက်လာစေမှာပါလို့ ပဲခူးတိုင်းဒေသကြီး ဟိုတယ်ခရီးတာဝန်ခံ ဦးလင်းဇော်ထွဋ်က ပြောပါတယ်။

လူထုအခြေပြုခရီးသွားလုပ်ငန်း (Community Based Tourism– CBT) လုပ်ကိုင်ဆောင်ရွက်နေတဲ့ လုပ်ငန်းရှင်တွေကိုလည်း မကြာခင်မှာ တရားဝင်လုပ်ကိုင်ခွင့်ရရှိနိုင်စေဖို့ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနကနေ လိုင်စင်ထုတ်ပေးနိုင်အောင် ကြိုးစားဆောင်ရွက်နေပါတယ်လို့ ဦးလင်းဇော်ထွဋ်က ပြောပါတယ်။

ဒီတစ်ပတ်မှာတော့ ခရီးသွားလာကြသူတွေရဲ့ အကြိုက်နဲ့ ပိတ်ရက်တွေဆိုရင် ရန်ကုန်မြို့ကနေ နေ့ချင်းပြန် သွားရောက် လည်ပတ်နိုင်တဲ့ နေရာတွေထဲက တစ်ခုဖြစ်တဲ့ Zalataw Glamping အပန်းဖြေ စခန်းကို လမ်းညွှန်ပေးချင်ပါတယ်။ ဒီအပန်းဖြေစခန်းမှာဆိုရင် ကလေးတွေသာမက လူကြီးတွေအထိ ပါဝင်လို့ရတဲ့ အပန်းဖြေ ကစားနည်းမျိုးစုံကို ထည့်သွင်းပေးထားပါတယ်။ လျှောစီးတာ၊ မြင်းစီးတာတွေနဲ့ Zipline လည်းစီးလို့ရနိုင်သလို စက်ဘီးစီးတာတွေလည်း ပြုလုပ်နိုင်ပါတယ်။ ဒီအပန်းဖြေစခန်းကို ၂၀၂၂ ခုနှစ်က စတင်ဖွင့်လှစ်ခဲ့တာလို့ သိရပါတယ်။

**“ပဲခူးတိုင်းဒေသကြီးထဲမှာဆိုရင် အလိုင်နီဆည်၊ ဘောနီဆည်၊ ရွှေပြည်(၃)ဆည်၊ မုက္ခာဆည်၊ ရွှေကျင်ဆည် စတဲ့ ဆည်၊ အင်း၊ ရေတံခွန်များစွာရှိပါတယ်။ ပြည်ပနိုင်ငံတွေမှာတော့ ဒီလိုနေရာတွေကို ခရီးသွားလုပ်ငန်းတွေဖွံ့ဖြိုးလာအောင် အသုံးချကြပါတယ်။ မိမိတို့နိုင်ငံမှာလည်း ဒီလိုအခြေခံအားကောင်းပြီး အုတ်မြစ်ခိုင်မာတဲ့ သဘာဝအခြေခံအရင်းအမြစ်တွေကို မှီခိုပြီး ခရီးသွားလုပ်ငန်းကို ပိုမိုဖွံ့ဖြိုးလာအောင် လုပ်ဆောင်နိုင်ဖို့ လိုအပ်နေပါသေးတယ်”**

“ဝင်ကြေးအနေနဲ့ အသက်ငါးနှစ်အထက်ဆိုပါက တစ်ဦးကို ၂၀၀၀၀ ကျပ်ကျသင့်ပြီး ၁၀ ဦးဆိုပါက ရွက်ဖျင်တဲတစ်လုံး အခမဲ့ပေးပါတယ်”ဟု အပန်းဖြေစခန်း တာဝန်ရှိသူတစ်ဦးက ပြောပါတယ်။

ညအိပ်တည်းခိုပါက တဲတစ်လုံးမှာ လူလေးဦးတည်းခိုနိုင်ပြီး တစ်ညကို ငွေကျပ်နှစ်သိန်း သတ်မှတ်ထားပါတယ်။ လက်ရှိမှာတော့ ရွက်ဖျင်တဲ ၁၂လုံး ရှိပါတယ်။ ဒီအပန်းဖြေစခန်းဆီကို ရန်ကုန်မြို့ ကနေလာမယ်ဆိုရင် ပဲခူးမြို့ရှောင်လမ်းကနေတစ်ဆင့် လာလို့ရပါတယ်။ မြို့ရှောင်လမ်းကနေဝင်ရတဲ့ လမ်းတစ်လျှောက်လုံးက သာယာလှပါတယ်။ တချို့နေရာတွေက လမ်းမကောင်းတာမို့ ဖြည်းဖြည်းမောင်းရင်းနဲ့ တစ်နာရီလောက်တော့ မောင်းဝင်ရပါတယ်။

**အထင်ကရလည်ပတ်စရာ**

ဒါ့အပြင် အထင်ကရ လည်ပတ်စရာအနေနဲ့ အလိုင်နီဆည်နားမှာ ရှေးအခါက ဘုရင်တွေ စစ်တိုက်ထွက်တဲ့အခါမှာ အသုံးပြုကြတဲ့ ဘုရင့်တော်ဝင်တဲနန်းပုံစံနဲ့ ဆောက်လုပ်ထားတဲ့ Home at Alaingni ရယ်။ ဇလတ်ထော်ဆည်ပတ်ဝန်းကျင်မှာ Zalataw Glamping တို့ကတော့ သီးသီးသန့်သန့်အုပ်စုနဲ့ နားအေးပါးအေး နားနေလို့ရနိုင်အောင် ခရီးသွားဝန်ဆောင်မှုတွေကို ဖန်တီးပေးထားကြပါတယ်။

Home at Alaingni မှာတော့ သဘာဝတရားကို ချစ်မြတ်နိုးပြီး တိတ်တိတ်ဆိတ်ဆိတ်နားနေချင်တဲ့သူတွေအတွက် ညဘက်တွေမှာ သူငယ်ချင်းမိတ်ဆွေတွေနဲ့ စုဖွဲ့ပြီး ပျော်ပါးစားသောက်မယ်။ အကင်တွေ လုပ်စားမယ်။ စကားလက်ဆုံကျမယ်။ ကြယ်တွေစုံတဲ့ကောင်းကင်ကို တဝကြီး ရှုစားလို့ရမယ်။ လသာတဲ့ညဆိုရင် ငွေရောင်တောက်နေတဲ့ ရေပြင်အလှနဲ့ လိုက်ဖက်ပြီးသဘာဝတရားအလှကို ရှုစားနိုင်ပါသေးတယ်လို့ အပန်းဖြေစခန်းရဲ့ပိုင်ရှင်က စာရေးသူကို ပြောပြပါတယ်။

ဒါကြောင့်မို့ အပန်းဖြေအားကစားနည်းမျိုးစုံပြုလုပ်နိုင်ပြီး ရန်ကုန်မြို့ကနေ နေ့ချင်းပြန် အေးအေးလူလူနဲ့ အနားယူလည်ပတ်နိုင်စေမယ့် ဒီနေရာလေးတွေကို ဒီတစ်ပတ်ရဲ့လမ်းညွှန်အနေနဲ့ မျှဝေဖော်ပြလိုက်ရပါတယ်။



**ဓာတ်ပုံ–Zalataw/Home at Alaingni**

# အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများမှ ကျောင်းအခြေပြုသင်တန်း ဖွင့်လှစ်ရန် သင်တန်းသားခေါ်ယူ

**နေပြည်တော် ဩဂုတ် ၃၁**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနသည် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်၊ တောင်ငူ၊ မြစ်ကြီးနား၊ ဖျာပုံ၊ စစ်တွေ၊ ရှောင်နှင့် ထားဝယ်မြို့တို့တွင် အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများအား ဖွင့်လှစ်ထားရှိကာ စက်ချုပ်သင်တန်းများ(မိန်းမဝတ်၊ ကလေးဝတ်၊ ကျားရှပ်၊ တိုက်ပုံ၊ ကုတ်အင်္ကျီ)၊ လက်မှုသင်တန်း၊ မုန့်မျိုးစုံပြုလုပ်နည်းသင်တန်း၊ အစားအစာချက်ပြုတ်နည်းသင်တန်းနှင့် ပန်းအလှပြင်သင်တန်း စသည့်သင်တန်းများကို ဘဏ္ဍာရေးနှစ်တစ်နှစ်လျှင် သင်တန်းအပတ်စဉ်(၈)ခု၊ အပတ်စဉ် တစ်ခုလျှင် (၆) ပတ်ကြာ သင်ကြားပေးလျက်ရှိသည့်အပြင် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်ကျောင်းများ၌ စနေ၊ တနင်္ဂနွေနေ့များတွင်လည်း အထူးသင်တန်းများအား ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါသည်။

အဆိုပါ အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများ၌ ၂၀၂၄-၂၀၂၅ခု၊ ဘဏ္ဍာရေးနှစ်၊ စတုတ္ထအကြိမ်မြောက် ကျောင်းအခြေပြု သင်တန်းအား ၂-၉-၂၀၂၄ ရက်မှ ၁၁-၁၀-၂၀၂၄ ရက်ထိ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ရာ တက်ရောက်လိုသော သင်တန်းသား (အမျိုးသမီး/ အမျိုးသား) များအနေဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်များရှိ အောက်ပါအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်ကျောင်းများသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်း၍ တက်ရောက်နိုင်ကြောင်း လူမှုဝန်ထမ်းဦးစီးဌာနမှ သိရသည်-

- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ရန်ကုန်)** အမှတ်-၁၃၅၊ ဓမ္မစေတီလမ်း၊ ဗဟန်းမြို့နယ်၊ ဖုန်း- ၀၉-၄၂၇၉၀၀၀၄၆
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မန္တလေး)** အမှတ်-၁၆၉၊ ၈၃လမ်း၊ ၂၅ x ၂၆လမ်းကြား၊ အောင်မြေသာစံမြို့နယ်၊ စစ်ကိုင်းတန်းရပ်၊ မန္တလေးမြို့၊ ဖုန်း- ၀၂-၄၀၃၆၇၉၈
- **အိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်ကျောင်း (မော်လမြိုင်)** ရွှေတောင်ရပ်၊ အထက်လမ်းမကြီးဘေး၊ မော်လမြိုင်မြို့၊ ဖုန်း- ၀၅၇-၂၀၂၇၁၆၆
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (တောင်ငူ)** အမှတ်(၁၈)ရပ်ကွက်၊ စည်သူလမ်း၊ ဘူတာအနီး၊ တောင်ငူမြို့၊ ဖုန်း-၀၅၄-၂၈၂၃၅၇၁
- **အိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်ကျောင်း (မြစ်ကြီးနား)** အမှတ်(၉၂)၊ ရှမ်းစုမြောက်ရပ်ကွက်၊ မြစ်ကြီးနားမြို့၊ ဖုန်း- ၀၇၄-၂၅၂၂၅၅၈
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ဖျာပုံ)** ကျုံကူကျေးရွာ၊ ဖျာပုံ-ဘိုကလေး ကားလမ်းဘေး၊ ဖျာပုံမြို့၊ ဖုန်း- ၀၉-၂၆၂၇၅၇၈၉၉
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ပုသိမ်)** အမှတ်-၂ရပ်ကွက်၊ မင်းကြီးလမ်း၊ ပုသိမ်မြို့၊ ဖုန်း - ၀၄၂- ၂၅၃၇၃၊ ၀၄၂-၂၁၀၃၇
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (စစ်တွေ)** မေယုလမ်း(လေယာဉ်ကွင်းအနီး)၊ မန်ကျည်းမြိုင်ရပ်ကွက်၊ စစ်တွေမြို့၊ ဖုန်း- ၀၄၃- ၂၂၀၆၇
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ရှောင်)** အမှတ်-၈၂၊ အင်းကုန်းငါးဆူကျေးရွာအုပ်စု၊ အင်းကုန်းကျေးရွာ၊ ရှမ်းပြည်နယ် (တောင်ပိုင်း) ၊ ရှောင်မြို့၊ ဖုန်း- ၀၈၁-၄၇၆၈၀၁၅
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ထားဝယ်)** အကွက်အမှတ်(၂၄)၊ ဆန်ချီတိုးချဲ့ အနောက်ကွင်း၊ ထားဝယ်မြို့ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ ဖုန်း- ၀၅၉-၂၀၂၄၀၀၉

**သတင်းစဉ်**

ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ



## ကျောက်တန်းမြို့နယ်၌ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး မွမ်းမံသင်တန်းဆင်း

**ကျောက်တန်း ဩဂုတ် ၃၁**

ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ် မီးသတ်ဦးစီးမှူးရုံး၌ ဩဂုတ် ၃၀ ရက်က အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ) သင်တန်း အမှတ်စဉ် (၁/၂၀၂၄) သင်တန်းဆင်းပွဲ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဘုန်းခန့်အောင်က အမှာစကားပြောကြားပြီး မြို့နယ်မီးသတ်ဦးစီးမှူး ဦးအောင်ကျော်ဝင်းက သင်တန်းဖွင့်လှစ်သင်ကြားရခြင်း၏ ရည်ရွယ်ချက်များ ရှင်းလင်းပြောကြားသည်။

သင်တန်းမှ သင်တန်းသား ၅၀ ကို ရက်သတ္တလေးပတ်ကြာ မီးဘေးအန္တရာယ်၊ သဘာဝဘေးအန္တရာယ်များအတွက် ကြိုတင်ကာကွယ်ခြင်း ဘေးအန္တရာယ်များ ကြုံတွေ့လာပါက ရှာဖွေကယ်ဆယ်ခြင်းလုပ်ငန်းများအတွက် စာတွေ့လက်တွေ့များ သင်ကြားခဲ့ကြောင်း သိရသည်။

**ဝင်းစိုး(ကျောက်တန်း)**

## သံလွင်နှင့် စစ်တောင်း မြစ်ရေကြီးမှုအခြေအနေ

**နေပြည်တော် ဩဂုတ် ၃၁**

ယနေ့ နံနက် ၈ နာရီခွဲ တိုင်းထွာချက်အရ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၂၄ ဒသမ ၆၁ ပေ (၇၅၀ စင်တီမီတာ) အထက်သို့ တစ်ပေကျော် (၃၅ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ပေဝက်ခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

စစ်တောင်းမြစ်ရေသည် တောင်ငူမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၁၉ ဒသမ ၆၉ ပေ (၆၀၀ စင်တီမီတာ) အထက်သို့ နှစ်ပေကျော် (၆၇ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း သုံးလက်မခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၃၅ ဒသမ ၁၀ ပေ (၁၀၇၀ စင်တီမီတာ) အထက်သို့ ပေဝက်ကျော် (၁၉ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း သုံးလက်မခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ဘားအံမြို့နယ်၊ တောင်ငူမြို့နယ်နှင့် မဒေါက်မြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။ **မိုး/ဇလ**

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ နေဇာဇာထွန်း
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
အငယ်တန်းသတင်းထောက်များ - ဇော်ဝိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့်ဒီဇိုင်း - သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၀၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၀၄၅၊ ဖက်စ် ၀၆၇-၃၆၁၀၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၃၁ - ၈ - ၂၀၂၄

စက်သုံးဆီ(လက်လီဈေးနှုန်းများ)

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၆၅၅ ကျပ် | ၂၇၃၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၃၂၉၅ ကျပ် | ၃၃၈၀ ကျပ် |
| အောက်တိန်း ၉၂ | ၃၁၀၀ ကျပ် | ၃၁၈၅ ကျပ် |
| အောက်တိန်း ၉၅ | ၃၂၄၀ ကျပ် | ၃၃၁၀ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

ညီညီ - စုစည်းသည်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၉၀၀ | ၈၉၀၀ | ၁၇၇ | ၁၅၇၅၃၀၀ |
| MTSH | ၃၅၀၀ | ၃၅၀၀ | ၃၉၅၃ | ၁၃၆၈၅၅၀၀ |
| MCB | ၉၀၀၀ | ၉၀၀၀ | ၁၅ | ၁၃၅၀၀၀ |
| FPB | ၁၇၅၀ | ၁၇၅၀ | ၁၁၁၃၂ | ၁၉၉၃၁၆၅၀ |
| TMH | ၂၈၀၀ | ၂၈၀၀ | ၆၅၇ | ၁၈၃၉၆၀၀ |
| EFR | ၁၇၅၀ | ၁၇၅၀ | ၁၀၁၉ | ၁၇၃၅၉၀၀ |
| AMATA | ၄၆၀၀ | ၄၆၀၀ | ၃၁၇ | ၁၄၅၈၂၀၀ |
| MAEX | ၃၃၅၀ | ၃၃၀၀ | ၃၆၅၂ | ၁၂၀၈၄၂၀၀ |
| MADPL (PLB) | ၃၆၀၀၀ | ၃၆၅၀၀ | ၈၂ | ၂၉၆၈၀၀၀ |

# ၂၀၂၄ ခုနှစ် ဩဂုတ်လအတွင်း ဝန်းကျင်လေထုအရည်အသွေး လေ့လာဆန်းစစ်ခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

မြန်မာနိုင်ငံတစ်ဝန်းရှိ ဝန်းကျင်လေထုအရည်အသွေးအခြေအနေအား လေ့လာဆန်းစစ်နိုင်ရန်အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် ပြည်ထောင်စုနယ်မြေ/ တိုင်းဒေသကြီး/ ပြည်နယ်များရှိ သတ်မှတ် Sampling Point နေရာများတွင် ဝန်းကျင်လေထုအရည်အသွေးကို Environmental Perimeter Air Station (EPAS) – Haz–Scanner ၊ Air Quality Monitoring Station (AQM–65) ၊ Scentroid (SL – 50 Scential) ၊ Aeroqual (Series – 500 Portable Air Quality Monitor)၊ AQMesh (Dust Analyzer – 1941150)၊ (Gas Analyzer – 1940150)၊ Portable Beta Attenuation Mass Monitor (BAM 1022)၊ Air Quality Monitoring Station (AQMS) နှင့် Continuous Particulate Monitor များအသုံးပြု၍ Particulate Matter 2.5 ($PM_{2.5}$) ၊ Particulate Matter 10 ($PM_{10}$)၊ Sulphur Dioxide ($SO_2$) ၊ Nitrogen Dioxide ($NO_2$) ၊ Ozone ($O_3$) နှင့် Carbon Monoxide (CO) စသည့် အဓိက Parameter များကို ပုံမှန်တိုင်းတာပြီး လေ့လာဆန်းစစ်လျက်ရှိပါသည်။

<table>
<tr><th rowspan="2">စဉ်</th><th rowspan="2" colspan="2">ပြည်ထောင်စုနယ်မြေ/ တိုင်းဒေသကြီး/ပြည်နယ် တိုင်းတာသည့် နေရာ</th><th colspan="6">တိုင်းတာသည့် Parameter များ</th></tr>
<tr><th>၂.၅ မိုက်ခရွန် အရွယ် ရှိသော အမှုန် အမွှားများ</th><th>၁၀ မိုက်ခရွန် အရွယ် ရှိသော အမှုန် အမွှားများ</th><th>ဆာလဖာ ဒိုင် အောက် ဆိုက်</th><th>နိုက်ထရိုဂျင်ဒိုင် အောက် ဆိုက်</th><th>အိုဇုန်း</th><th>ကာဗွန် မိုနောက် ဆိုက်</th></tr>
<tr><td>၁</td><td colspan="8">ပြည်ထောင်စုနယ်မြေ နေပြည်တော်</td></tr>
<tr><td></td><td>၁</td><td>ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်</td><td>လက်ခံနိုင်သော</td><td>ကောင်းမွန်</td><td></td><td>ကောင်းမွန်</td><td></td><td>ကောင်းမွန်</td></tr>
<tr><td></td><td>၂</td><td>ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td>၂</td><td colspan="8">ရန်ကုန်တိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>ဗိုလ်တထောင်မြို့နယ်၊ရန်ကုန်မြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td></td><td>၂</td><td>သာကေတမြို့နယ်၊ ရန်ကုန်မြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td></td><td>၃</td><td>တောင်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td></td><td>၄</td><td>သန်လျင်မြို့နယ်၊ ရန်ကုန်မြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td></td><td>၅</td><td>ရွှေပြည်သာမြို့နယ်၊ ရန်ကုန်မြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td></td><td>၆</td><td>ဒလမြို့နယ်၊ ရန်ကုန်မြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td></td><td>၇</td><td>လှည်းကူးမြို့နယ်၊ ရန်ကုန်မြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td>၃</td><td colspan="8">မန္တလေးတိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>အမရပူရမြို့နယ်၊ မန္တလေးမြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td></td><td>၂</td><td>အောင်မြေသာဇံမြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td></td><td>၃</td><td>ပုသိမ်ကြီးမြို့</td><td colspan="4">ကောင်းမွန်</td><td>လက်ခံနိုင်သော</td><td>ကောင်းမွန်</td></tr>
<tr><td></td><td>၄</td><td>ညောင်ဦးမြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td></td><td>၅</td><td>ကျောက်ဆည်မြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td></td><td>၆</td><td>ပြင်ဦးလွင်မြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td></td><td>၇</td><td>မိတ္ထီလာမြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td>၄</td><td colspan="8">စစ်ကိုင်းတိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>မုံရွာမြို့</td><td>လက်ခံနိုင်သော</td><td>ကောင်းမွန်</td><td>လက်ခံနိုင်သော</td><td colspan="3">ကောင်းမွန်</td></tr>
<tr><td></td><td>၂</td><td>ကသာမြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td></td><td>၃</td><td>ဟုမ္မလင်းမြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td></td><td>၄</td><td>လဟယ်မြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td>၅</td><td colspan="8">တနင်္သာရီတိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>ထားဝယ်မြို့</td><td></td><td colspan="3">ကောင်းမွန်</td><td></td><td>ကောင်းမွန်</td></tr>
<tr><td>၆</td><td colspan="8">ပဲခူးတိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>ပဲခူးမြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td>၇</td><td colspan="8">မကွေးတိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>မကွေးမြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td></td><td>၂</td><td>သရက်မြို့</td><td></td><td>ကောင်းမွန်</td><td></td><td>ကောင်းမွန်</td><td></td><td>ကောင်းမွန်</td></tr>
<tr><td>၈</td><td colspan="8">ကရင်ပြည်နယ်</td></tr>
<tr><td></td><td>၁</td><td>ဘားအံမြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td></td><td>၂</td><td>မြဝတီမြို့</td><td colspan="2">ကောင်းမွန်</td><td colspan="2">လက်ခံနိုင်သော</td><td colspan="2">ကောင်းမွန်</td></tr>
<tr><td>၉</td><td colspan="8">မွန်ပြည်နယ်</td></tr>
<tr><td></td><td>၁</td><td>မော်လမြိုင်မြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td></td><td>၂</td><td>သထုံမြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td>၁၀</td><td colspan="8">ရှမ်းပြည်နယ်</td></tr>
<tr><td></td><td>၁</td><td>တောင်ကြီးမြို့</td><td></td><td colspan="3">ကောင်းမွန်</td><td></td><td>ကောင်းမွန်</td></tr>
<tr><td></td><td>၂</td><td>ကျိုင်းတုံမြို့</td><td>ကောင်းမွန်</td><td colspan="5"></td></tr>
<tr><td></td><td>၃</td><td>တာချီလိတ်မြို့</td><td>ကောင်းမွန်</td><td colspan="5"></td></tr>
<tr><td>၁၁</td><td colspan="8">ဧရာဝတီတိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>ပုသိမ်မြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
</table>

**လေထုအရည်အသွေးညွှန်းကိန်း (Air Quality Index – AQI)**

| | |
|---|---|
| 0–50 | လေထုအရည်အသွေးကောင်းမွန်သောအဆင့် |
| 51–100 | လက်ခံနိုင်သော လေထုအရည်အသွေးရှိသည့်အဆင့် |
| 101–150 | ခံနိုင်ရည်နည်းပါးသောသူများအတွက်သာ ကျန်းမာရေးကိုထိခိုက်စေနိုင်သောအဆင့် |
| 151–200 | ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 201–300 | ကျန်းမာရေးကို အလွန်ထိခိုက်စေနိုင်သောအဆင့် |
| 301–500 | ကျန်းမာရေးအတွက် ဘေးအန္တရာယ်ရှိသောအဆင့် |

လေထုအပူချိန်၊ လေတိုက်နှုန်း၊ လေတိုက်ခတ်ရာလမ်းကြောင်း၊ စိုထိုင်းမှု၊ မိုးရွာသွန်းမှုအခြေအနေ၊ မော်တော်ယာဉ်အသုံးပြုမှုအခြေအနေ၊ စက်ရုံများမှ ထုတ်လွှတ်အခိုးအငွေ့များထုတ်လွှတ်မှု အခြေအနေနှင့် ဝန်းကျင်လေထုအရည်အသွေးတိုင်းတာသည့်နေရာ အနီးဝန်းကျင်အခြေအနေတို့အပေါ်မူတည်၍ တိုင်းတာရရှိသည့် ဝန်းကျင်လေထုအရည်အသွေးရလဒ်များသည် ပြောင်းလဲမှုရှိနိုင်ပါကြောင်း သုံးသပ်ရရှိပါသည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန

## မိုင်းခတ်မြို့၌ လူငယ်နှင့်အားကစားဆိုင်ရာ အသိပညာပေးဟောပြော

**မိုင်းခတ် ဩဂုတ် ၃၁**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းခတ်မြို့၌ လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲကို ဩဂုတ် ၃၀ ရက်က အခြေခံပညာ အထက်တန်းကျောင်း (မိုင်းခတ်) တွင် ပြုလုပ်သည်။

ဦးစွာ မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာန နည်းစနစ်မှူး ဦးကျော်ငွေးက ကျောင်းသား ကျောင်းသူလူငယ်များ အားကစားဖြင့် လူငယ်ကဏ္ဍများ မြင့်တင်ဖော်ဆောင်ကြရန်နှင့် ဗလငါးတန်ဖွံ့ဖြိုးရေးအကြောင်း အသိပညာပေး ဟောပြောပြီး ကျောင်းသား ကျောင်းသူများအား Fitness Dance အကဖြင့် သရုပ်ပြသကပြခဲ့သည်။



ဆက်လက်၍ မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာန နည်းစနစ်မှူးဦးကျော်ငွေးက ကျောင်းအတွက် အားကစားပစ္စည်းများ ထောက်ပံ့ပေးအပ်ရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်လွင်လွင်နိုင်က လက်ခံရယူပြီး ကျောင်းအုပ်ဆရာမကြီးက ကျောင်းကောင်စီဥက္ကဋ္ဌဖလား ဘောလုံးပြိုင်ပွဲတွင် ဆုရရှိကြသည့် ကျောင်းသား ကျောင်းသူများအား ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။**နန်းနွယ်နီ (ပြန်/ဆက်)**

## မျောက်ကျောက်ရောဂါအကြောင်း အသိပညာပေး

**ကျွန်းလှ ဩဂုတ် ၃၁**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်၌ မျောက်ကျောက်ရောဂါအကြောင်း အသိပညာပေးဟောပြောခြင်းကို ယနေ့နံနက်ပိုင်းက အခြေခံပညာအထက်တန်းကျောင်း (ကျွန်းလှ) ခန်းမ၌ ကျင်းပသည်။

အသိပညာပေးဟောပြောပွဲတွင် ကျွန်းလှမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ရီရီဝင်းက မျောက်ကျောက်ရောဂါ သံသယဖြစ်ဖွယ်လက္ခဏာများ၊ ကူးစက်နိုင်ခြေရှိသည့် နည်းလမ်းများ၊ ကာကွယ်နိုင်သည့် နည်းလမ်းများအကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် မြို့နယ်မီးသတ်ဦးစီးဌာနတို့က ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများအား အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**မျိုးဝင်းညို (ကျွန်းလှ)**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၅)၊ ဗိုလ်မင်းရောင်လမ်း၊ မြေကွက်အမှတ် (၁၄)၊ အကျယ်အဝန်း (၄၁ပေ × ၆၀ပေ)ရှိ ဦးတင်ဝင်း (၁၂/ဥကတ (နိုင်) ၀၄၂၆၀၈) အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ရှင် ဖခင် ဦးတင်ဝင်း ကွယ်လွန်၍ အမွေဆက်ခံခွင့်ရှိသူများဖြစ်သော (၁) ဒေါ်ကြည်ကြည်ဝင်း (၁၂/ဥကတ (နိုင်) ၀၃၇၀၃၁)၊ (၂) ဒေါ်နီနီဝင်း (၁၂/ဥကတ (နိုင်) ၀၄၂၆၁၀)၊ (၃) ဦးစိုးအောင်ဝင်း (၁၂/ဥကတ (နိုင်) ၁၇၃၅၆၈)၊ (၄) ဦးထင်လင်း (၁၂/ဥကတ (နိုင်) ၀၃၇၅၇၄) နှင့် (၅) ဒေါ်သူဇာဝင်း (၁၂/ဥကတ (နိုင်) ၁၃၂၆၂၄)တို့၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၂၂၇၅/၂၀၂၂)အရ ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ဌေးဌေးအောင် (၉/မထလ (နိုင်) ၁၁၇၈၀၈) ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကိုဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

| | |
|---|---|
| ဦးခင်မောင်ဦး | ဒေါ်လင်းလင်းထက် |
| LL.B, D.B.L, D.I.L., | LL.B, |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂) | အထက်တန်းရှေ့နေ(စဉ်-၄၈၃၃၈) |

၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉ ၄၅၅၅၀ ၆၁၄၆




## ဖခင်အမည်မှန်

ရောဝတီတိုင်းဒေသကြီး၊ မြောင်းမြမြို့၊ အထက(၂) ကျောင်းဝင်အမှတ်(၁၃၉၃၀) G-12 Stams-1 မှ နန့်ထက်ထက်အေး ၏ ဖခင်အမည်မှန်မှာ မန်းသန်းဌေး ၁၄/မမန(နိုင်) ၁၈၅၈၀၇ ဖြစ်ပါကြောင်း။

## ပတ်စ်ပို့ပျောက်ဆုံးကြောင်း

မကွေးတိုင်းဒေသကြီး၊ အောင်လံမြို့နယ်၊ သမ္ဘာလကျေးရွာအုပ်စု၊ ဈေးတန်းကျေးရွာနေ (ဘ) ဦးရဲဇော်နည်၏သား မောင်ဌေးလင်းအောင် ၈/အလန(နိုင်)၂၀၂၆၈၂ ၏ နိုင်ငံကူးလက်မှတ်အမှတ် MD-697530 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၀၁၅၀၈၃၁၇

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့၊ အထက(၃) Grade-12 မှ မောင်သန့်ကျော်ဖြိုးနှင့် အလက (ခွဲ)ခေါင်းကွဲ Grade-6 မှ မခင်နေခြည်ဖြိုး တို့၏ ဖခင်အမည်မှန်မှာ ဦးလူမော် ၉/မခန(နိုင်) ၁၀၈၈၁၂ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ရောဝတီတိုင်းဒေသကြီး၊ မြောင်းမြမြို့၊ အထက(၂) ကျောင်းဝင်အမှတ်(၁၃၁၉၄) Stams-1 မှ မသက်ငုံဖူး၏ ဖခင်အမည်မှန်မှာ ဦးမောင်မောင်ထွေး ၁၄/မမန(နိုင်)၂၉၉၇၂၄ ဖြစ်ပါကြောင်း။

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် ဩဂုတ် ၃၁**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ် ဩဂုတ် ၃၀ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "Lin Htet Aung" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ နေပြည်တော် ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် အေးချမ်းသာစံပြကျေးရွာနေ လင်းထက်အောင်(ခ) ငလင်းအား ညနေ ၄ နာရီ မိနစ် ၂၀ တွင် တပ်ကုန်းမြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့သည်။

အလားတူ ၂၀၂၄ ခုနှစ် ဩဂုတ် ၂၉ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် "User@563057224444"TikTok အကောင့်ပိုင်ရှင်ဖြစ်သူ ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ် ထိန်ကုလားကုန်းကျေးရွာနေ လင်းထက်(ခ)သာဂိအား မွန်းလွဲ ၃ နာရီ ၅ မိနစ်တွင်လည်းကောင်း၊ "Nyan Lin Htet" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့နယ် မြောက်ရွာမရပ်ကွက်နေ ဉာဏ်လင်းထက်အား ညနေ ၄ နာရီ ၃၅ မိနစ်တွင်လည်းကောင်း၊ "Daw Aye Zin Maw" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အမှတ်(၁၀၅) ရပ်ကွက်နေ အေးဇင်မော်အား ည ၁၀ နာရီ ၁၀ မိနစ်တွင်လည်းကောင်း သက်ဆိုင်ရာ ရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက်လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ပတ်စ်ပို့ပျောက်

မကွေးတိုင်းဒေသကြီး၊ အောင်လံမြို့နယ်၊ သစ်ခေါင်းတီးကျေးရွာအုပ်စု၊ သစ်ခေါင်းတီးကျေးရွာနေ (ဘ) ဦးတင်စိုး ၏သား ကျွန်တော် မောင်မင်းသူအောင် (၈/အလန(နိုင်)၂၂၂၃၁၃၏ ယခင်နိုင်ငံကူးလက်မှတ်အမှတ်(ME-624995)သည် ပျောက်ဆုံး သွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၅၄၅၄၉၀၃၃

## ပတ်စ်ပို့ပျောက်

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်၊ ညာဂမိုးကျေးရွာအုပ်စု၊ ထန်းပင်တဲကျေးရွာနေ (ဘ) ဦးအောင်သိန်း ၏သမီး ကျွန်မ မအေးချမ်းမိုး ၈/တတက(နိုင်)၂၂၀၀၇၂ ၏ ယခင်နိုင်ငံကူးလက်မှတ်အမှတ်(MH-297335) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန် ။

ဖုန်း-၀၉- ၉၅၃၉၇၉၂၉၈

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်(၄၁)၊ တ/၁၅၊ ပန်းခြံ(၂၀)၊ အောင်သပြေလမ်း၊ မြေကွက်အမှတ်(၂၆၂/က)၊ ဧရိယာ(၂၀x၆၀)ပေရှိ ဦးတင်ထွေး အမည်ပေါက် မြေချပါမစ်မူရင်း မြေကွက်နှင့်(၁)ထပ် အဆောက်အအုံ အပါအဝင် ရေမီးစုံအကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူ ဦးဂနေစ်ကူးမား ၇/ကတခ(ပြု)၀၁၆၆၆၂ထံမှ ကျွန်ုပ်မိတ်ဆွေများဖြစ်သော ဦးသူရရှိန် ၁၂/တမန(နိုင်)၁၀၂၅၂၆၊ ဒေါ်တင်မိမိခိုင် ၁၂/တမန(နိုင်) ၀၇၅၆၄၇၊ ဦးသူရအောင် ၁၂/တမန(နိုင်)၀၉၈၇၀၇တို့က ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ အဆိုပါ အိမ်မြေကွက်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများ ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဦးသူရရှိန်၊ ဒေါ်တင်မိမိခိုင် နှင့် ဦးသူရအောင် တို့၏ လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်ဖြိုးသန္တာသော်(LL.B)**

**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၄၄၅/၂၀၁၇)**

**အမှတ်(၃/ခ)မြေညီ၊ နတ်ချောင်း(၂)လမ်း၊ နတ်ချောင်းရပ်ကွက်၊ တာမွေမြို့နယ် ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၄၅၂၂၂၃၀၉၊ ၀၉-၄၂၇၂၇၃၇၇၄**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8W/62832,Jialing JL 90,M/C ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်မြတ် ၅/မရန(နိုင်)၁၅၄၇၈၇ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန(မုံရွာ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် DD/4111,Toyota Passo KGC-10, HATCH Bon C/1 ယာဉ်လက်ဝယ်ရှိသူ ဦးကျော်စိုးမိုး ၁၃/ရစန(နိုင်)၀၀၂၉၃၂က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး (ပုသိမ်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 20U/2318, Three Wheel , Bajaj RE 200 ယာဉ်လက်ဝယ်ရှိသူ ဦးအောင်သူ ၅/မရန(နိုင်)၂၃၈၇၀၁က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန(မုံရွာ)**

## ပျောက်ဆုံးကြောင်း

အရာတော်မြို့နယ်၊ ပဲဝက်ရွာနေ ဦးဇော်ဝင်း ၏သမီး ဒေါ်ချိုမာဦး ၅/အရတ(နိုင်)၁၂၇၄၆၁၏ နိုင်ငံကူးလက်မှတ်နံပါတ် MF-690112 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၅၅၇၉၆၆၉၁

## ပျောက်ဆုံးကြောင်း

မင်းကင်းမြို့နယ်၊ တရာကျေးရွာနေ ကျွန်တော် ဦးရွှေဌေး ၅/မကန(နိုင်) ၀၇၃၇၃၅ ပိုင်ဆိုင်သော ကျော်ထက်ဝင်း/ရညန/စက/၈၉၁ ရေယာဉ်၏ မှတ်ပုံတင်လက်မှတ်နှင့် လုပ်ငန်းလိုင်စင်စာအုပ် အပိုင်း(၁)/(၂)ကတ်များ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ ဆက်သွယ် အကြောင်းကြားပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

ဖုန်း-၀၉-၉၈၇၃၈၆၅၇၂

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ကြယ်စင်မြို့တော်အိမ်ရာအတွင်းရှိ သံလွင်ရိပ်မွန်အိမ်ရာစီမံကိန်းအဆင့်၊ Star City ၊ တိုက်အမှတ် B-4၊ (၆လွှာ)၊ အခန်းအမှတ်(၆၁၈)၊ အခန်းအမျိုးအစား Type-(B)၊ အကျယ်အဝန်းဧရိယာ (၉၄၆)စတုရန်းပေ၊ အိပ်ခန်း(၂)ခန်းပါရှိသော ကွန်ဒိုတိုက်ခန်းနှင့် လျှပ်စစ်ပစ္စည်းများ၊ တိုက်ခန်းတွင် ဆက်စပ်တွယ်ကပ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ပိုင်ရှင်ဖြစ်သူ ဒေါ်သက်တည်ဦး ၁၂/မဂဒ(နိုင်)၀၁၃၃၆၈ ထံမှ အပြီးအပြတ်ဝယ်ယူရန်အတွက် ကျွန်မဒေါ်သက်စုမြင့် ၁၂/ဥကတ(နိုင်)၁၂၉၇၇၂မှ စရန်ငွေပေးချေခဲ့ပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်မထံသို့ ခိုင်လုံသောစာရွက်စာတမ်းအထောက်ထား ခိုင်လုံစွာဖြင့် လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဒေါ်သက်စုမြင့်**

**၁၂/ဥကတ(နိုင်)၁၂၉၇၇၂**

**ဖုန်း-၀၉-၄၄၈၀၃၉၇၀၂**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁)၊ ကွင်း/အကွက်အမှတ်နှင့်အမည်(RA-III/ကွက်ပြင်-၃)၊ ဦးပိုင်အမှတ်(၁၀၄-ဃ) မြေဧရိယာ(၀.၀၅)ဧကရှိ ဂရန်မြေကွက်သည် မြေငှားဂရန်အမှုတွဲအမှတ်(၄၆၃/၁၉၉၉-၂၀၀၀)အရ ဦးခင်မောင်မြင့် ပိုင်ဆိုင်ပြီး အဆိုပါအမည်ပေါက်သူ ဦးခင်မောင်မြင့်နှင့် ၎င်း၏ဇနီးကွယ်လွန်ပြီးနောက် အမွေဆက်ခံသူ သားသမီးများဖြစ်သော (၁)ဦးသိန်းဇော်ဦး၊ (၂)ဦးဝေလင်းထွန်း၊ (၃)ဦးမျိုးမြင့်သူတို့မှ ပြင်ဦးလွင်မြို့စာချုပ်စာတမ်းစာချုပ် အမှတ်(၅၃/၂၀၁၂)အမွေဆက်ခံပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာစာချုပ်အရ အမွေဆက်ခံပိုင်ဆိုင်လာခဲ့ပါသည်။ ၎င်းအမွေဆက်ခံသူတို့မှ ဒေါ်ကျင်ကျင်ဝါမှ ပြင်ဦးလွင်မြို့ စာချုပ်စာတမ်းမှတ်ပုံတင် နေအိမ်ခြံမြေအရောင်းအဝယ်စာချုပ်အမှတ်(၇၄/၂၀၁၂) ဖြင့်ချုပ်ဆို၍ ဝယ်ယူပိုင်ဆိုင်လက်ရောက်ရယူခဲ့ရာ ဒေါ်ကျင်ကျင်ဝါမှ မြေငှားဂရန်သက်တမ်းတိုး/အမည်ပြောင်း လျှောက်ထားလာရာ ကန့်ကွက်လိုသူမည်သူမဆို ပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့်တကွ ဤကြေညာပါသည့်ရက်မှ စ၍(၁၄) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့**

## ကန့်ကွက်နိုင်ကြောင်း အများသိရှိနိုင်စေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ပုရွက်ဆိတ်ကုန်းရပ်ကွက်၊ ရွာဦးလမ်း၊ အမှတ်[၄၇(ခ)]ဟုခေါ်တွင်သော မြေအကျယ်အဝန်းအလျား(၃၀)ပေ x အနံ(၆၀)ပေ)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို နောက်ဆုံးဝယ်ယူပိုင်ဆိုင်ထားသည့် ဦးဖြိုးသုဝင်း ၁၂/ကမတ(နိုင်)၀၅၄၈၂၁နှင့် ဒေါ်မေသဲမောင် ၁၂/ကမတ(နိုင်) ၀၅၅၇၃၁ တို့မှ မိမိတို့သာလျှင် လက်ဝယ်ရှိပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အမွေဆိုင်အရှုပ်အရှင်းကင်းရှင်းကြောင်း ဖွင့်ဟဝန်ခံရောင်းချသဖြင့်ဝန်ခံကတိပြုသူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးမိုးဝင်း ၇/ကဝန(နိုင်) ၀၉၄၁၂၇ က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကိုပေးချေပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်ထံ စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့် ယနေ့မှစ၍(၇)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါကအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်သူဇာထွန်း (LL.B)**

**အထက်တန်းရှေ့နေ(စဉ်-၄၇၈၀၅) ၂၉-၇-၂၀၁၆**

**အမှတ်(၄၈၃)၊မြရတနာ(၁)လမ်း၊ မြောက်ဥက္ကလာပမြို့နယ်၊ ဖုန်း-09770535299**

## အများသိစေရန်ကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပြည်မြို့နယ်၊ ရွှေကူရပ်ကွက်၊ ကွင်းအမှတ်-၅၊ ရွှေကူကွင်း၊ ဦးပိုင်အမှတ်-၂၀၀ ဟုခေါ်တွင်သော ဧရိယာ(၀.၀၅၃)ဧကရှိ ဦးသန်းစိန်၊ ဒေါ်တင်ရီ အမည်ပေါက်၊ ဘိုးဘပိုင်(မြို့မြေ)မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်ကို အမည်ပေါက် ဦးသန်းစိန်၊ ဒေါ်တင်ရီ တို့ကွယ်လွန်ကြ၍ အမွေဆက်ခံခြင်းဖြင့် လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိသည်ဟုဆိုသူများဖြစ်သော ဦးညိုဝင်း ၇/ပမန(နိုင်) ၀၂၆၀၂၆၊ ဒေါ်ခင်အုန်းမြင့် ၇/ပမန(နိုင်)၀၀၆၇၇၀၊ ဦးမြင့်ခိုင်(၇/ပမန(နိုင်)၀၀၆၄၇၄၊ ဒေါ်ခင်စန်းမြင့် ၇/ပမန(နိုင်)၀၀၆၈၉၁၊ (ဦးမြင့်သောင်း ကွယ်လွန်၍ အမွေဆက်ခံသူများ)ဒေါ်သန်းသန်းဝေ ၇/ပတန(နိုင်)၀၄၇၀၄၃၊ ဦးစည်သူမြင့်သောင်း ၇/ခမန (နိုင်)၀၀၂၈၁၈ တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေကဝယ်ယူရန် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသဖြစ်သည့် စရန်ငွေပေးအပ်ထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်အရေးဆိုရန်ရှိပါက (၇)ရက်အတွင်းကျွန်ုပ်ထံလာရောက်တင်ပြနိုင်ပါသည်။ သတ်မှတ်ရက်ကျော်ပါက အရောင်းအဝယ်ကို အပြီးသတ်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးနေနိုင်(တရားလွှတ်တော်ရှေ့နေ)(စဉ်-၁၃၈၁၄)**

**အမှတ်- ၁၆၂(B)၊ (မြေညီထပ်)၊ (၃၈)လမ်း(အလယ်)၊**

**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**

**ဖုန်း-၀၉-၄၅၅၁၆၉၀၇၉၊ ၀၉-၇၉၀၆၁၉၃၈၇**

**အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

## ကန့်ကွက်နိုင်ကြောင်း

ဖော်ပြပါမြေကွက်များအား မြေငှားစာချုပ်(ဂရန်)ပြုလုပ်ပေးပါရန် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနသို့ လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၅) ရက်အတွင်း ဤဦးစီးဌာနသို့ အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။

| စဉ် | မြို့နယ် | မြေတိုင်း | မြေကွက် | အိမ်ရာစီမံကိန်း | လျှောက်ထားသူအမည် | မှတ်ပုံတင်အမှတ် |
|---|---|---|---|---|---|---|
| ၁ | ဒဂုံမြို့သစ် (အရှေ့ပိုင်း) | ၁၁-အေ၊ အပိုင်း-၂ | ၈ | ချမ်းသာရွှေပြည် | ဒေါ်အမာတင်၊<br>ဒေါ်လင်းလဲ့ချို | ၁၂/ဥကတ(နိုင်)၁၅၄၆၂၈<br>၁၂/ဥကတ(နိုင်)၁၅၆၉၇၁ |
| ၂ | ဒဂုံမြို့သစ် (အရှေ့ပိုင်း) | ၁၁-အေ၊ အပိုင်း-၂ | ၂၅ | ချမ်းသာရွှေပြည် | ဦးစိုင်းမျိုးမြတ်ပိုင် | ၉/ပဥလ(နိုင်)၀၅၈၃၅၈ |
| ၃ | ဒဂုံမြို့သစ် (အရှေ့ပိုင်း) | ၁၁-အေ၊ အပိုင်း-၂ | ၃၄ | ချမ်းသာရွှေပြည် | ဦးစိုးမိုးမြင့် | ၁၂/မရက(နိုင်)၁၁၁၃၂၆ |
| ၄ | ဒဂုံမြို့သစ် (အရှေ့ပိုင်း) | ၁၁-အေ၊ အပိုင်း-၂ | ၅၅ | ချမ်းသာရွှေပြည် | ဒေါ်ခင်ဆွေမြင့် | ၇/ပခန(နိုင်)၁၄၀၅၆၆ |
| ၅ | ဒဂုံမြို့သစ် (အရှေ့ပိုင်း) | ၁၁-အေ၊ အပိုင်း-၂ | ၇၉ | ချမ်းသာရွှေပြည် | ဦးဝင်းနိုင်အောင် | ၁၂/သကတ(နိုင်)၀၃၃၆၅၁ |
| ၆ | ဒဂုံမြို့သစ် (အရှေ့ပိုင်း) | ၁၁-အေ၊ အပိုင်း-၂ | ၉၈ | ချမ်းသာရွှေပြည် | ဒေါ်သန်းသန်းဝင်း | ၁၂/အစန(နိုင်)၁၀၃၉၅၉ |
| ၇ | ဒဂုံမြို့သစ် (အရှေ့ပိုင်း) | ၁၁-အေ၊ အပိုင်း-၂ | ၁၀၁ | ချမ်းသာရွှေပြည် | ဒေါ်ရန်မြင်ယို | ၁၃/လရန(နိုင်)၀၅၅၈၈၅ |

**မြေယာဌာနခွဲ၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**
**ရုံးအမှတ် (၄၀)၊ နေပြည်တော်**

## ပတ်စ်ပို့ပျောက်

မကွေးတိုင်းဒေသကြီး၊ မကွေးမြို့နယ်၊ အိုင်ကြီးကုန်းကျေးရွာအုပ်စု၊ အလယ်ကျွန်းကုန်း၊ ကျေးရွာနေ (ဘ) ဦးလှမိုး၏သမီး ကျွန်မမသဲစုလှိုင်(၈/မကန(နိုင်)၂၇၈၁၈၉)၏ ယခင်နိုင်ငံကူးလက်မှတ်အမှတ်(MH-961521)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉- ၄၄၁၇၀၉၉၇၄

## ဖခင်အမည်မှန်

ဝါးခယ်မမြို့နယ်၊ အထက (ညောင်ငူ) ကျောင်း Grade-12 မှ မထက်နန္ဒာထွန်း၏ ဖခင်အမည်မှန်မှာ ဦးဝင်းခိုင် ၁၄/မတန(နိုင်)၁၄၇၆၃၂ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ဝါးခယ်မမြို့နယ်၊ အထက (ဝဲကြီး)ကျောင်းGRADE-11(A) မှ မနှင်းအိဖြူ၏ ဖခင်အမည်မှန်မှာ ဦးငွေထိမ်း ၁၄/ဝခမ(နိုင်)၁၆၆၂၈၁ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မြို့နယ်၊ ခလပ်ကျေးရွာ အထက(ခွဲ)ကျောင်း GRADE-11မှ မဝိုင်းစုခိုင်သိန်း၏ ဖခင်အမည်မှန်မှာ ဦးမျိုးဇော်ဦး၇/သနပ(နိုင်)၀၈၀၁၂၃ ဖြစ်ပါကြောင်း။ **ဦးမျိုးဇော်ဦး**

## ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မြို့နယ်၊ ခလပ်ကျေးရွာ အထက(ခွဲ)ကျောင်းGRADE-10မှ မောင်ဝေလင်းဦး၏ ဖခင်အမည်မှန်မှာ ဦးသန့်ဇော်လွင် ၇/သနပ(နိုင်)၁၂၅၃၈၉ ဖြစ်ပါကြောင်း။ **ဦးသန့်ဇော်လွင်**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

မကွေးမြို့၊ မြို့ရှောင်လမ်း၊ ကုန်တင်ကုန်ချကားကြီးဝင်းအတွင်းရှိ ဂိတ်ခန်းအဆောက်အအုံ (၁၃)ခန်းဖြစ်သည့် ( A-6 , B-3 , B-4, C-3, C-4, C-5, C-6, E-2, E-3, E-4, E-5, E-6, E-7 ) ဂိတ်ခန်းများ၏ အမည်ပေါက်သူ ဦးမျိုးမင်းစိုး (မန်နေဂျာ၊ စကြ်ာသရဖူကုမ္ပဏီ)နှင့် မကွေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့တို့မှ နှစ်ဦးသဘောတူ ခန့်မှန်ပေးလျော်ခြင်းစာချုပ်ချုပ်ဆိုမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါဂိတ်ခန်းအဆောက်အအုံ(၁၃)ခန်းနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ကန့်ကွက်လိုပါက မကွေးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးသို့ ဤကြော်ငြာသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားမှုရင်းများနှင့်တကွ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဂိတ်ခန်းအဆောက်အအုံ(၁၃)ခန်းအား ခန့်မှန်ပေးလျော်ခြင်းစာချုပ်ချုပ်ဆိုခြင်းအား ဥပဒေနှင့်အညီ အပြီးသတ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**အမှုဆောင်အရာရှိ**
**မကွေးမြို့နယ်စည်ပင်သာယာရေးအဖွဲ့၊**
**မကွေးမြို့**

## အများသိစေရန်ကြေညာခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြခရိုင်၊ ဝါးခယ်မမြို့နေ ဒေါ်နိုင်လေးမာ ၁၄/ဝခမ(နိုင်)၁၆၀၃၂၃ ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် အောက်ပါအတိုင်းကြေညာအပ်ပါသည်-

ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြခရိုင်၊ ဝါးခယ်မမြို့၊ သံကြိုးတိုင်ရပ်ကွက်၊ တိုးချဲ့(၉)လမ်း မြေကွက်အမှတ်(၄၆-ကျုံစိန်ရေကျော်)၊ ဦးပိုင်အမှတ်(၃၂)၊ ဧရိယာ(၀.၀၄၁)မြေနှင့် ယင်းမြေပေါ်ရှိ တိုက်အိမ်နှင့်ဆိုင်ခန်း(တိုက်)တို့မှာ ကျွန်ုပ်၏မိတ်ဆွေတစ်ဦးတည်း ပိုင်ဆိုင်ပါကြောင်းနှင့်အကယ်၍ ဖော်ပြပါပစ္စည်းများနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသည်ဟု ထင်မြင်ယူဆသူများအနေဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်းမူရင်းနှင့်တကွ ကျွန်ုပ်ထံသို့ ဤကြေညာသည့်ရက်မှအစပြု၍ (၇)ရက်အတွင်းလူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်များအရ**
**ဦးစိုးတင့်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၂၉၀၈)**
**(၆၄)၊ မြို့မလမ်း၊ ပတ္တမြားရပ်ကွက်၊ ဝါးခယ်မမြို့**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၈) ကွင်း/အကွက်အမှတ်နှင့် အမည် (ရ-၂/၁၀-ပဒေသာ) ဦးပိုင်အမှတ်(၁၇၁)၊ မြေဧရိယာ(၀.၀၅၅)ဧကရှိ မြေကွက်သည် မြေစလစ်နံပါတ် (E-171) ဦးဝင်းစိန် အမည်ဖြင့် ချထားပေးခဲ့သောမြေကွက်ဖြစ်ပါသည်။ အဆိုပါအမည်ပေါက်သူ ဦးဝင်းစိန်နှင့် ဒေါ်မေအေးတို့ ကွယ်လွန်ပြီးနောက် အမွေဆက်ခံသူ သား/သမီးများဖြစ်သော (၁)ဒေါ်တင်မာနွယ်၊ (၂) ဒေါ်သန်းသန်းစော၊ (၃)ဒေါ်ခင်အေးဝင်း၊ (၄) ဒေါ်ဥမ္မာ၊ (၅) ဒေါ်မိုးမိုးအောင်တို့မှ ပြင်ဦးလွင်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်အမှတ်(၁၆၂/၂၀၂၂)အရ အမွေဆက်ခံပိုင်ဆိုင်ခဲ့ပြီး ဒေါ်ဥမ္မာအား ကျန်မောင်နှမ (၄)ဦးမှ အပြီးအပိုင်စွန့်လွှတ်စာချုပ်အမှတ် (၁၇၈/၂၀၂၄)အရ လက်ရောက်ပိုင်ဆိုင်ထားသောမြေကွက်ဖြစ်ပါသည်။ ဒေါ်ဥမ္မာအမည်ဖြင့် မြေငှားဂရန်သစ်လျှောက်ထားလာရာ ကန့်ကွက်လိုသူမည်သူမဆိုပိုင်ဆိုင်မှု အထောက်အထားမူရင်းများနှင့်တကွ ဤကြေညာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ပြင်ဦးလွင်မြို့**

## မသက်ဆိုင်တော့ပါကြောင်း

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ တပ်ကုန်းအရှေ့မြောက်နေ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဦးလဂျာ(ဘ)ဦးဇော်ဘာ ၁/မကန(နိုင်)၀၁၁၄၆၉ ၏ ညွှန်ကြားချက်အရ ကြေညာအပ်ပါသည်။

ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဦးလဂျာသည် ကချင်ပြည်နယ်၊ ချီဖွေမြို့နယ်၊ ဇန်နှောင်ယန်ကျေးရွာနေ ဒေါ်ဒိုင်နော(ဘ)ဦးခမ်းမာဒေါင်နိုင် ၁/ခဖန(နိုင်)၀၀၄၃၀၁တို့သည် အကြင်လင်မယားအဖြစ်ပေါင်းသင်းခဲ့ရာမှ စိတ်သဘောထားခြင်း မတိုက်ဆိုင်ပါသဖြင့် ၂၀၂၁ခုနှစ်၊ ဇွန်လ ၁၀ ရက်က ကချင်ထုံးတမ်းစဉ်လာဖြင့် အကြင်လင်မယားအဖြစ်မှ နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးဖြစ်ပါသည်။ သို့ဖြစ်ပါသောကြောင့် ဒေါ်ဒိုင်နော(ဘ)ဦးခမ်းမာဒေါင်နိုင်နှင့် ပတ်သက်သော စီးပွားရေး၊ လူမှုရေးတို့သည် ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဦးလဂျာနှင့်လုံးဝသက်ဆိုင်ခြင်းမရှိပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးမျိုးမြင့်အောင် စဉ်-၂၅၁၆၅ ဦးအေးမင်းသူစဉ်-၂၆၁၉၉ ဒေါ်လင်းလင်းကြည် စဉ်-၄၆၃၂၈**
**အထက်တန်းရှေ့နေများ**
**အမှတ် ၅၈/၆၀(ပထမထပ်)၊ မဟာဗန္ဓုလပန်းခြံလမ်း ၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ ။**
**ဖုန်း-၀၉-၅၁၄၅၇၆၇၊ ၀၉-၄၂၀၀၂၈၃၆၆၊ ၀၉-၄၂၅၂၈၈၆၅၁**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြို့၊ မြောက်ဒဂုံမြို့နယ်၊ ပြည်ထောင်စုလမ်းမကြီး၊ မြေတိုင်းရပ်ကွက်အမှတ် ၄၆ ရပ်ကွက်၊ မြေကွက်အမှတ် (၆၃၆)၊ အကျယ်အဝန်း (၄၀x၆၀)ပေ မြေကွက်ပေါ်ရှိ ၂ ထပ်တိုက်အပါအဝင် မြေပေါ်ရှိ အကျိုး ခံစားခွင့်အရပ်ရပ်အား မြေအမည်ပေါက် ဒေါ်ကေစာရီ၏ အမွေစီမံရန် အခွင့်အာဏာရှိသူများမှ အထက်ဖော်ပြပါမြေနှင့်အိမ် ကိုဆက်ခံပိုင်ဆိုင်ကြောင်းနှင့် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ (၁၁-၈-၂၀၂၄)တွင် စရန်ငွေတစ်စိတ်တစ်ပိုင်းပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေနှင့်အိမ်ကို အရောင်းအဝယ်ပြုခဲ့သည်နှင့်ပတ်သက်၍ ပိုင်ဆိုင်ခွင့်အခွင့်အရေးရှိသူမှ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံလူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးရဲမြတ်နောင် (LL.B) (စဉ် -၃၆၄၁၈)**
**အမှတ် ၁၈၅၊ လမ်း ၅၀ အထက်၊ (၇) လွှာဝဲ၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၇၉၅၆၂၀၁၇၃၊ ၀၉-၉၈၃၁၂၃၂၃၉**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၆၉)၊ မြေကွက်အမှတ် (၆၉၀) ဟု ခေါ်တွင်သော မြေအလျားxအနံ (၄၀x၆၀) ထဲမှ တရားဝင်မခွဲစိတ်ရသေးသော မြေကွက် (၆၉၁)နှင့် ကပ်လျက်ခြမ်း အလျား x အနံ (၂၀ x ၆၀) ပေရှိ ပါမစ်မူရင်းခြမ်းမြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား မူလပိုင်ဆိုင်သူ ဦးဘတင် (RRG 055743) (၁၂/ဗတထ(နိုင်)၀၁၆၃၆၀)ထံမှ အရောင်းအဝယ်စာချုပ်စာတမ်းအဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးကျော်မင်း (၁၂/သကတ(နိုင်)၁၃၅၀၀၆)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေ ဒေါ်စိုးစိုးနွယ် (၁၄/ပတန(နိုင်)၁၁၄၆၀၂)မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကိုပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိက ကျွန်ုပ်တို့ထံသို့ တိကျခိုင်လုံသောတရားဝင်စာချုပ် စာတမ်းများနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| ဦးဝင်းသူရဇော် (LL.B) | ဒေါ်ယမင်းထွေး (LL.B) | ဦးရဲသီဟ (LL.B) |
|---|---|---|
| အထက်တန်းရှေ့နေ | တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ |
| (စဉ်-၄၂၀၆၆) | (စဉ်-၁၂၃၆၅) | (စဉ်-၅၆၃၆၆) |

**အမှတ်(၁၀၁)၊ ကံ့ကော်မြိုင်(၂)လမ်း (၃၃)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊**
**ဖုန်း - ၀၉-၇၇၂၇၇၇၇၁၂၊ ၀၉-၄၅၆၉၉၆၇၇၆၊ ၀၉-၈၇၃၀၀၂၁၁၇**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်၄/ရွှေကြာပင်၊ မြေကွက်အမှတ်(၂၃၉၀)၊ ဧရိယာ(၀.၀၈၂)ဧကရှိ ဒေါ်အိအိခိုင်အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်အား အမည်ပေါက်သူ၏ အထူးကိုယ်စားလှယ်လွှဲစာရရှိသူ ဦးပြည့်စုံသူ(ဘ)ဦးကောက်လေး ၉/ပမန(နိုင်)၁၅၅၅၅၇မှ မြေငှားစာချုပ်၊ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၂၀၀/၂၀၂၃)၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများတင်ပြပြီး ဒေါ်ဝါဝါလှိုင်(ဘ)ဦးခင်မောင်သန်း ၇/ကပက(နိုင်)၀၇၄၃၇၄နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့် ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်းလာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 60W/55580, Honda Click-125 ယာဉ်လက်ဝယ်ရှိသူ Shwe Aung Myaing Co.,Ltd.က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၆ယ/၄၇၆၃၉, Suzuki Smash-112, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်အေးသူဇာ ၇/ရတန(နိုင်) ၁၃၂၃၀၉ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ပြည်)၊ပြည်မြို့**

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့၊ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း GRADE-11 တွင် ပညာသင်ကြားနေသော မောင်မြတ်သော်ထွန်း၏ ဖခင်အမည်မှန်မှာ ဦးအေးရန်နိုင် ၉/လဝန(နိုင်)၁၂၄၅၃၉ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး သာစည်မြို့ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း GRADE-12 တွင် ပညာသင်ကြားနေသော မခင်သက်ထားဆွေ၏ ဖခင်အမည်မှန်မှာ ဦးဇော်မိုး ၉/သစန(နိုင်)၁၆၄၉၈၀ ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

